
စိတ်ကူးချိုချိုအနုပညာ



# ပြည်ထောင်စုနီတိ

## ဦးနု

mgyoe.com

စတုတ္ထအကြိမ်

mgyoe.com

ပြည်ထောင်စုနီတိ
ဦးနု

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် - | ၆၀၀ ၁၁၀ ဝ၁၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် - | ၆၀၀ ၁၇၄ ဝ၅၁၂ |
| ထုတ်ဝေသူ - | ဦးစန်းဦး |
| ပုံနှိပ်သူ - | ဒေါ်ဝင်းမာ |

| | |
|---|---|
| မျက်နှာဖုံးပန်းချီ - | ကေစာချို |
| ကွန်ပျူတာဖလင် - | အီးဂဲလ် |
| လက်ခွဲဖလင် - | အောင်ဇေယျာ |
| စာအုပ်ချုပ် - | ကိုမြင့်၊ ညီဝင်းမြင့် |

၂၉၄ · ၃
ဦးနု
ပြည်ထောင်စုနီတိ /
ဦးနု - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ စတုတ္ထအကြိမ်၊ ၂၀၁၂၊
စာမျက်နှာ ၂၇၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ပြည်ထောင်စုနီတိ

၂၀၁၂ ဩဂုတ်လ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး- ၃၀၀၀ ကျပ်

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း | ၁ |
| ၁။ | ကံ၊ ဉာဏ်၊ ဝီရိယ ဆိုတာ ဘာလဲ | ၅ |
| ၂။ | သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ဆိုတာ ဘာလဲ | ၄၉ |
| ၃။ | မေတ္တာ ဆိုတာ ဘာလဲ | ၁၃၄ |
| ၄။ | သမ္မဒါတရားလေးပါး ဆိုတာ ဘာလဲ | ၁၈၇ |
| ၅။ | သောတာပန် ဆိုတာ ဘာလဲ | ၂၄၄ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ကြီးပွားရေးအတွက် အဓိက အချက်တစ်ချက်မှာ အခြားမဟုတ်၊ ထိုနိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားများပင် ဖြစ်သည်။ ထိုနိုင်ငံသည် မြေပေါ်မြေအောက် သဘာဝပစ္စည်းများနှင့် မည်မျှပင် ကြွယ်ဝချမ်းသာစေကာမူ ထိုနိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားများသည် လူတော်လူကောင်းများ မဟုတ်လျှင် ထိုနိုင်ငံသည် မည်သည့်နည်းနှင့်မျှ မကြီးပွား မတိုးတက်နိုင်။

ထိုနိုင်ငံသည် မြေပေါ်မြေအောက် သဘာဝပစ္စည်းများနှင့် ပြည့်စုံကြွယ်ဝခြင်းပင် မရှိလင့်ကစား ထိုနိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားများသည် လူတော်လူကောင်းများ ဖြစ်နေကြပါမူ ထိုနိုင်ငံသည် တိုးတက်ကြီးပွားနိုင်သည်။ အကောင်းဆုံးသာဓကမှာ အင်္ဂလန်နိုင်ငံပင် ဖြစ်သည်။

နိုင်ငံသူ နိုင်ငံသားများ ဆိုသည်မှာလည်း အခြားမဟုတ်၊ မိသားစုများ စုပေါင်းထားသော အဖွဲ့အစည်းကြီးပင် ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံသူ နိုင်ငံသားများအား လူတော်လူကောင်းများဖြစ်အောင် ပြုလုပ်ရမည်ဆိုရာ၌ မိသားစုတိုင်းကို လူတော်လူကောင်းများ ဖြစ်အောင် ပြုလုပ်ရမည်ဟူ၍ပင် ဆိုလိုရင်းဖြစ်ပေသည်။

မိသားစု ဆိုသည်မှာလည်း အခြားမဟုတ်။ အဖေ အမေ၊ သို့မဟုတ် လင်နှင့်မယား၊ သားသမီးတို့ စုပေါင်းထားသော အဖွဲ့ပင် ဖြစ်သည်။ သို့ဖြစ်ရာ မိသားစုတိုင်း လူတော်လူကောင်းများဖြစ်အောင် လုပ်ရမည်ဆိုရာ၌ ထိုအဖွဲ့၌ ပါသော အဖေအမေ၊ သို့မဟုတ် လင်နှင့်မယား၊ သားသမီးတို့ကို လူတော်လူကောင်းများဖြစ်အောင် လုပ်ရမည်ဟူ၍ပင် ဆိုလိုသည်။

mgyoe.com

mgyoe.com



ဤပြည်ထောင်စု နီတိတွင် -

(၁) အဖေကောင်းဖြစ်ရန် နည်းများ၊

(၂) အမေကောင်းဖြစ်ရန် နည်းများ၊

(၃) လင်ကောင်းဖြစ်ရန် နည်းများ၊

(၄) မယားကောင်းဖြစ်ရန် နည်းများ၊

(၅) သားသမီးကောင်းဖြစ်ရန် နည်းများ၊

(၆) ဆရာကောင်းဖြစ်ရန် နည်းများ၊

(၇) တပည့်ကောင်းဖြစ်ရန် နည်းများအပြင် လူ့လောကကြီးထဲ၌ လူဖြစ်နေရသရွေ့ ကာလပတ်လုံး ဘယ်အလုပ်ကိုပင် လုပ်လုပ်၊ ဘယ်ဘဝမှာဘဲ နေရနေရ၊ လူတော်လူကောင်း တစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်မည့် နည်းကောင်းလမ်းကောင်းများ အမြောက်အမြား ပါရှိသည်။

ပြည်ထောင်စုနီတိတွင်ပါသော နည်းကောင်း လမ်းကောင်းများသည် ယခု ပစ္စုပ္ပန်အကျိုးအတွက် သာမက သံသရာဝဋ်ဆင်းရဲဒုက္ခ အပေါင်းတို့က လွတ်မြောက်ရေးအတွက်လည်း အထူးအထောက်အပံ့ဖြစ်စေသော နည်းကောင်း လမ်းကောင်းများ ဖြစ်သည်။

ဤနည်းကောင်း လမ်းကောင်းများသည် လူသာမန်တို့ ကြံစည်တွေးဆ၍ ရေးသားထားကြသော နည်းလမ်းများမဟုတ်။ မဖောက်မပြန် သဗ္ဗညုတ ဉာဏ်ရှင် မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ဟောကြားထားသော ဒေသနာ အဆီအနှစ်များထဲမှ ဖွေရှာစိစစ်ထားသော နည်းကောင်း လမ်းကောင်းများပင် ဖြစ်သည်။

ထို့ကြောင့်-

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ကြီးပွားတိုးတက်ရေးကို လိုလားကြသူများသည်လည်းကောင်း၊

(၂) မိမိ ပစ္စုပ္ပန်နှင့် သံသရာ နှစ်ဖြာသော အကျိုးစီးပွားကို လိုလားကြသူများသည်လည်းကောင်း၊

(၃) အဖေကောင်း ဖြစ်လိုသူများသည်လည်းကောင်း၊

(၄) အမေကောင်း ဖြစ်လိုသူများသည်လည်းကောင်း၊

(၅) လင်ကောင်း ဖြစ်လိုသူများသည်လည်းကောင်း၊

mgyoe.com

mgyoe.com



(၆) မယားကောင်း ဖြစ်လိုသူများသည်လည်းကောင်း၊
(၇) သားသမီးကောင်း ဖြစ်လိုသူများသည်လည်းကောင်း၊
(၈) ဆရာကောင်း ဖြစ်လိုသူများသည်လည်းကောင်း၊
(၉) တပည့်ကောင်း ဖြစ်လိုသူများသည်လည်းကောင်း၊
(၁၀) လူတော်လူကောင်းများ အဖြစ်နှင့် နေရာတကာတိုင်းတွင် ရှေ့တန်းက နေလိုကြသူများသည်လည်းကောင်း၊

ဤပြည်ထောင်စုနီတိကို–

(က) ဖတ်ကြပါ။
(ခ) အကြိမ်ကြိမ် ဖတ်ကြပါ။
(ဂ) အထူးဂရုစိုက်၍ ဖတ်ကြပါ။
(ဃ) ဖတ်သမျှကိုလည်း မှတ်မိအောင် မှတ်ကြပါ။
(င) အထူးဂရုပြု၍ မှတ်ကြပါ။
(စ) ဤသို့ အထူးဂရုပြု၍ မှတ်ထားသော နည်းကောင်း လမ်းကောင်းများအတိုင်း မကျိုးမပေါက် မပြောက်မကျားဘဲ အထူးကျင့်ကြံဆောက်တည်ကြပါ ဟူ၍ ကျွန်တော် လေးနက်စွာ တိုက်တွန်းလိုက်ပါသည်။

စာဖတ်သူအပေါင်း –
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကံ၊ ဉာဏ်၊ ဝီရိယ ဆိုတာ ဘာလဲ

လူကြီးမင်းများခင်ဗျား။

လူကြီးမင်းများ အားလုံးဟာ သာရေး၊ နာရေးတွေကို တက်ဖူးကြမှာပါပဲ။ အဲဒီ သာရေး၊ နာရေးတွေမှာ၊ ရေစက်ချတာကိုလည်း တွေ့ဖူးကြမှာပါပဲ။ အဲဒီလို ရေစက်ချတဲ့အခါ ကြွရောက်လာကြတဲ့ ဆရာတော်တွေထဲက ဆရာတော်တစ်ပါးက "တပည့်တော်တို့သည် ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း ယုံကြည်ပါသည်ဖြစ်၍" လို့ ချပေးပြီး၊ အလှူရှင်တွေက လိုက်ဆိုကြရတာကိုလည်း ကြားဖူးကြမှာပါပဲ။

အဲဒီလို ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တယ်ဆိုရင်၊ ကံဆိုတာ ဘာလဲ။ အဲဒီကံကို ကျွန်တော်တို့ ကောင်းကောင်းသိဖို့ အရေးကြီးတယ်။

လူကြီးမင်းများခင်ဗျား။

ကံဟာ ဘာလဲဆိုတာကို သဘောပေါက်ဖို့ ရှေးဦးစွာ အကြောင်းနဲ့ အကျိုးတရား နှစ်ပါးကို ကျွန်တော် နားလည်သလောက် ရှင်းပြချင်တယ်။

ဒီအကြောင်းနဲ့ အကျိုးတရား နှစ်ပါးကို လွယ်လွယ်နဲ့ နားလည်နိုင်အောင်၊ ဥပမာတစ်ခုနဲ့ ပြပါရစေ။

(၁) မောင်လှဟာ ငရုတ်သီးစားတယ်။ အဲဒီလို ငရုတ်သီးစားတဲ့ အတွက် မောင်လှဟာ ငရုတ်သီးစပ်တယ်။

ငရုတ်သီးစားတာဟာ အကြောင်း၊ ငရုတ်သီးစပ်တာဟာ အကျိုး။

(၂) မောင်လှဟာ သူ့အသက်သတ်တယ်။ သူ့ဥစ္စာခိုးတယ်။ သူများ သားသမီးကို ဖျက်ဆီးတယ်။ လိမ်ပြောတယ်။ အရက်သောက်တယ်။ အဲဒီ အပြစ်တွေကို ကျူးလွန်တဲ့အတွက် သေတဲ့အခါ အပါယ်လေးဘုံကို ရောက်ရတယ်။

mgyoe.com

mgyoe.com


ဒီအပြစ်ငါးပါး ကျူးလွန်တာက အကြောင်း။ အပါယ်လေးဘုံ ရောက်ရတာက အကျိုး။

(၃) မောင်လှဟာ သူ့အသတ်လည်း မသတ်ဘူး။ သူ့မှာရှိတဲ့ ပစ္စည်းတွေကို ပေးကမ်းစွန့်ကြဲတယ်။ သူ့ကာမပိုင် မိန်းမကလွဲပြီး တခြားမိန်းမတွေနဲ့ ဖောက်ပြားမှုမရှိဘူး။ မှန်တဲ့စကားကိုသာ ပြောတယ်။ အရက်မသောက်ဘူး။ အဲဒီကောင်းမှုတွေကို လုပ်တဲ့အတွက် မောင်လှဟာ နတ်ပြည်ကို ရောက်ရတယ်။

ဒီကောင်းမှုတွေကို လုပ်တာက အကြောင်း၊ နတ်ပြည်ရောက်ရတာက အကျိုး။

(၄) မောင်လှဟာ စိတ်တည်ငြိမ်တဲ့ တရားတွေကို အားထုတ်တယ်။ မေတ္တာတရားတွေ ပွားများတယ်။ အဲဒီလို အားထုတ်ပွားများတဲ့အတွက်၊ မောင်လှဟာ ဗြဟ္မာဘုံကို ရောက်ရတယ်။

ဒီတရားတွေ အားထုတ်တာက အကြောင်း၊ ဗြဟ္မာဘုံကို ရောက်ရတာက အကျိုး။

(၅) မောင်လှဟာ ဝိပဿနာတရားတွေကို ပွားများအားထုတ်တယ်။ အဲဒီလို အားထုတ်တဲ့အတွက် သံသရာကြီးထဲက လွတ်မြောက်သွားတယ်။

ဒီဝိပဿနာ တရားတွေကို ပွားများအားထုတ်တာက အကြောင်း။ သံသရာကြီးထဲက လွတ်မြောက်သွားတာက အကျိုး။

လူကြီးမင်းများခင်ဗျား။

ဒီဥပမာတွေကို ပြပြီးတဲ့နောက်၊ ကျွန်တော် အစကပြောခဲ့တဲ့ ကံဆိုတာကို ပြန်ကောက်ရအောင်။

ကံဆိုတာဟာ အမှုကိစ္စကို ပြီးစီးအောင်လုပ်တဲ့ စေတနာဖြစ်တယ်။ ဒီစေတနာကံဟာလည်း သူ့သက်သက်နဲ့ အမှုကိစ္စကို မပြုလုပ်နိုင်ဘူး။ ဉာဏ်နဲ့ ဝီရိယက ထောက်ပံ့ကူညီပေးမှ ပြုလုပ်နိုင်တယ်။

ဒီဉာဏ်နဲ့ ဝီရိယဆိုတဲ့ အကူအညီတရားတွေ ဖြစ်တိုင်း၊ ကံဆိုတဲ့ သဘောတရားတွေ လိုက်ပြီးဖြစ်ရတယ်။ လူနဲ့အရိပ်ဟာ ခွဲလို့မရ။ ထက်ကြပ်မကွာ ကပ်ပြီးလိုက်နေသလို၊ ဒီဉာဏ်နဲ့ ဝီရိယဆိုတဲ့ အကူအညီတရားရဲ့ နောက်ကလည်း အကြားမရှိဘဲ၊ ကံဆိုတဲ့ သဘောတရားဟာ ကပ်ပြီး လိုက်နေတာပဲ။

mgyoe.com

mgyee.com

အဲဒီတော့ ဉာဏ်နဲ့ ဝီရိယဆိုတာ ဘာလဲ။

ဉာဏ်ဆိုတာကတော့ တခြားဟာမဟုတ်ပါဘူး။ ဝီရိယကို ကြိုးကိုင်နေတဲ့ ဆရာပါပဲ။ ဝီရိယဆိုတာက လုပ်နိုင်တဲ့ အင်အားသာ ရှိတယ်။ ဘာလုပ်ရမယ်၊ ဘာမလုပ်ရဘူး ဆိုတာ မသိဘူး။ ဉာဏ်ကတော့၊ ဘာလုပ်ရမယ်။ ဘာမလုပ်ရဘူးလို့ ဝေဖန်နိုင်တဲ့ သတ္တိသာရှိတယ်။ လုပ်နိုင်တဲ့အင်အား မရှိဘူး။ အဲဒီတော့။ ဝီရိယကို ဉာဏ်က ဆရာလုပ်ပြီး၊ ဘာလုပ်။ ဘာမလုပ်နဲ့လို့ ကြိုးကိုင်ထားတယ်။

ဉာဏ်နဲ့ ဝီရိယအကြောင်းကို ပြောချင်ရင် ကျွန်တော်တို့ ငယ်ငယ်က ကြားခဲ့ဖူးတဲ့ လူနှစ်ယောက်ပေါင်း၊ ခြေနှစ်ချောင်း၊ မျက်ကောင်းနှစ်ခုသာ ဆိုတဲ့ သံပေါက်ထဲက အကျိုးနဲ့ အကန်းတို့နဲ့လည်း နှိုင်းယှဉ်ပြနိုင်ပါတယ်။

အကျိုးမှာ မျက်စိရှိတဲ့အတွက် ဘယ်နေရာကိုသွားရင် ကောင်းမယ်၊ ဘယ်နေရာကိုသွားရင် မကောင်းဘူး ဆိုတာကို သိတယ်။ ဒါပေမဲ့ ခြေကျိုးနေတဲ့အတွက် သူကိုယ်တိုင်တော့ လမ်းမလျှောက်နိုင်ဘူး။

အကန်းကတော့ မမြင်ဘူး။ ဒါပေမဲ့ သူ့ခြေနှစ်ချောင်းက ကောင်းတဲ့အတွက် လမ်းတော့လျှောက်နိုင်တယ်။

အဲဒါကြောင့် အကျိုးတဲ့ အကန်းဟာ တစ်ယောက်ကိုတစ်ယောက် မှီခိုနေရသလို၊ ဉာဏ်နဲ့ ဝီရိယဟာလည်း တစ်ဦးကိုတစ်ဦး မှီခိုနေရတယ်။ လူကြီးမင်းများခင်ဗျား။

ဝီရိယဆိုတာ တစ်ခြားဟာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ပြောနေကျစကားနဲ့ ပြောရရင် ဝီရိယဆိုတာ အလုပ်လုပ်တာပဲ ဖြစ်ပါတယ်။

ဝီရိယဟာ၊ ကိုယ်ဝီရိယ၊ နှုတ်ဝီရိယ၊ စိတ်ဝီရိယဆိုပြီး သုံးမျိုးသုံးစားရှိပါတယ်။

ကိုယ်ဝီရိယဆိုတာက၊ ကိုယ်နဲ့လုပ်တာ။ နှုတ်ဝီရိယဆိုတာက ပါးစပ်နဲ့ပြောတာ၊ စိတ်ဝီရိယဆိုတာက၊ စိတ်နဲ့ ကြံစည်တွေးတော စိတ်ကူးတာ။

ကိုယ်ဝီရိယဖြစ်တာနဲ့ တစ်ပြိုင်နက်၊ အကြားမရှိ။ ကိုယ်နဲ့ဆိုင်တဲ့ ကံဖြစ်တယ်။ ခပ်လွယ်လွယ်ခေါ်တော့ ကာယကံဖြစ်တယ်။ နှုတ်ဝီရိယဖြစ်တာနဲ့ တစ်ပြိုင်နက် အကြားမရှိ။ နှုတ်နဲ့ဆိုင်တဲ့ ကံဖြစ်တယ်။ ခပ်လွယ်လွယ်ခေါ်တော့ ဝစီကံဖြစ်တယ်။ စိတ်ဝီရိယဖြစ်တာနဲ့ တစ်ပြိုင်နက်၊ အကြားမရှိ။ စိတ်နဲ့ဆိုင်တဲ့ ကံဖြစ်တယ်။ ခပ်လွယ်လွယ်ခေါ်တော့ မနောကံဖြစ်တယ်။

mgyee.com

mgyoe.com

အဲဒီလို ကိုယ်၊ နှုတ်၊ စိတ် ဝိရိယတွေဖြစ်တဲ့ အခါမှာလည်း၊ ကောင်းတဲ့ ဝိရိယတွေနဲ့ မကောင်းတဲ့ ဝိရိယတွေဆိုပြီး နှစ်မျိုးရှိတယ်။

ကောင်းတဲ့ကိုယ် ဝိရိယတွေဖြစ်တော့၊ ကောင်းတဲ့ ကာယကံတွေ ဖြစ်တယ်။ ကောင်းတဲ့ နှုတ်ဝိရိယတွေဖြစ်တော့၊ ကောင်းတဲ့ ဝစီကံတွေဖြစ်တယ်။ ကောင်းတဲ့ စိတ်ဝိရိယတွေဖြစ်တော့၊ ကောင်းတဲ့ မနောကံတွေဖြစ်တယ်။

အဲဒီလိုပဲ မကောင်းတဲ့ ကိုယ်၊ နှုတ်၊ စိတ်၊ ဝိရိယတွေဖြစ်တော့၊ မကောင်းတဲ့ ကာယကံတွေ၊ မကောင်းတဲ့ ဝစီကံတွေ။ မကောင်းတဲ့ မနောကံတွေဖြစ်တယ်။

ကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို၊ ကုသိုလ်ကံတွေလို့ ခေါ်တယ်။

မကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို အကုသိုလ်ကံတွေ လို့ ခေါ်တယ်။

ဒီကာယကံ၊ ဝစီကံ၊ မနောကံတွေကို၊ အတိတ်ကံ၊ ပစ္စုပ္ပန်ကံရယ် လို့လည်း နှစ်မျိုးနှစ်စား ထပ်ပြီး ခွဲခြားပြန်သေးတယ်။ အတိတ်ကံဆိုတာက၊ အတိတ်ဘဝက လုပ်ခဲ့တဲ့၊ ပြောခဲ့တဲ့ ကြံစည်တွေးတော စိတ်ကူးခဲ့တဲ့ ကိုယ် ဝိရိယတွေ၊ နှုတ်ဝိရိယတွေ၊ စိတ်ဝိရိယတွေကြောင့် ဖြစ်ခဲ့ရတဲ့ ကာယကံတွေ၊ ဝစီကံတွေ၊ မနောကံတွေ ဖြစ်တယ်။

ပစ္စုပ္ပန်ကံ ဆိုတာကတော့၊ တခြားဟာ မဟုတ်ပါဘူး။ အခုမျက် မှောက်ဘဝမှ လုပ်တဲ့၊ ပြောခဲ့၊ ကြံစည်တွေးတော စိတ်ကူးတဲ့၊ ကိုယ်ဝိရိယ တွေ၊ နှုတ်ဝိရိယတွေ၊ စိတ်ဝိရိယတွေကြောင့် ဖြစ်ရတဲ့ ကာယကံတွေ၊ ဝစီကံ တွေ၊ မနောကံတွေပဲ ဖြစ်တယ်။

လူကြီးမင်းများခင်ဗျား။

ကံဆိုတာ ဘာလဲ ဆိုတာကို ကျွန်တော် နားလည်သလောက်၊ အကျဉ်း ချုပ် ရှင်းပြပြီးပါပြီ။ အခုအချိန်ကစပြီး၊ ကံရဲ့ အကျိုးပေးပုံကို ကျွန်တော် နားလည်သလောက်၊ ကျမ်းဂန်များ၊ နိပါတ်တော်များ၊ ရာဇဝင်အတ္ထုပ္ပတ္တိ အကိုးအကားများနဲ့၊ ကျွန်တော် ရှင်းပြပါတော့မယ်။

လူကြီးမင်းများခင်ဗျား။

ကံဟာ အတိတ်ကံနဲ့ ပစ္စုပ္ပန်ကံဆိုပြီး ၂ မျိုး ၂ စား ရှိတဲ့အကြောင်း ကို ကျွန်တော် ပြောပြီးပါပြီ။ အတိတ်ကံရဲ့ အကျိုးပေးပုံကို ရှေးဦးစွာပြော လိုပါတယ်။

mgyoe.com

mgyoe.com


အတိတ်ကံဆိုတာ လူတစ်ယောက်ရဲ့ ကောင်းကျိုး၊ ဆိုးကျိုးအတွက်၊ အတော် အရေးပါအရာရောက်တဲ့ ကံဖြစ်ပါတယ်။ ကောင်းတဲ့ အတိတ်ကံက၊ ကောင်းကျိုးကို ပေးနိုင်တယ်။ ဆိုးတဲ့အတိတ်ကံက ဆိုးကျိုးကို ပေးနိုင်တယ်။ ဒီကောင်းတဲ့ အတိတ်ကံမရှိရင်၊ ကောင်းကျိုး မဖြစ်နိုင်ဘူး။ ဆိုးတဲ့ အတိတ်ကံ မရှိရင်လည်း၊ ဆိုးကျိုးမဖြစ်နိုင်ဘူး။

လူကြီးမင်းများခင်ဗျား။

အတိတ်ကံပဲ ဖြစ်ဖြစ်၊ ပစ္စုပ္ပန်ကံပဲဖြစ်ဖြစ် "သဒိသံ ပါကံ ဇနေတိ" ဆိုတဲ့အတိုင်း ကံဆိုတာ တူတဲ့အကျိုးကို ပေးတတ်တယ်။

အဲဒီအကျိုးပေးပုံကို ထင်ရှားအောင်၊ မြတ်စွာဘုရားနဲ့ သုဘလုလင် တို့ရဲ့ အမေးအဖြေကို ကျွန်တော် ဆက်ပြီး ဖော်ပြချင်ပါတယ်။

ဘုရားရှင် လက်ထက်တော်ဝယ် သုဘလုလင်သည် လူချင်းတူပါလျက် တစ်ဦးနှင့်တစ်ဦး အကျိုးပေးမတူ ထူးခြားပုံကို မြင်ရသဖြင့် မရှင်းလင်းသည့်အတွက် တစ်ဆယ့်လေးချက်သော ပြဿနာတို့ကို လျှောက်ထားရာ၌ ဘုရားရှင် ဖြေတော်မူပုံမှာ ယခုလူများ နားလည်ဖို့ရန် သင့်လှသောကြောင့် ပါဠိတော်ကြီး အသွားအတိုင်းဝယ် အနည်းငယ် ရှေ့နောက်ထား၍ အတိုချုပ် ရေးသားပေအံ့။ (ဆောင်) ထောက်မှန်ပေါ်လွင်၊ ကိုယ့်အသွင်ကို၊ ဆင်ပြင်သမှု၊ နေ့စဉ်ရှုသို့၊ ယခုအခန်း၊ မှန်လိုမှန်း၍၊ ရှုစမ်းစေချင်၊ စိတ်အစဉ်ကို၊ ပြင်ဆင်လေကွဲ့၊ နေ့စဉ်တဲ့။

## အသက် တို–ရှည်

၁။ လူချင်းတူပါလျက် အဘယ့်ကြောင့် အချို့မှာ အသက်တို၍–

၂။ အချို့က အသက်ရှည်ပါသနည်း။

၁။ ဤလောက၌ အချို့သော မိန်းမ၊ ယောကျ်ားတို့သည် သတ္တဝါတို့ အပေါ်၌ သနားကြင်နာ ကရုဏာ ကင်းလွတ်လျက် ရက်စက်ဆိုးဝါး သူ တစ်ပါးအသက်ကို သတ်ဖြတ်လေ့ရှိသည်။ ထိုသူမျိုးသည် သေလျှင် ငရဲသို့ ရောက်ရတတ်၏။ (ရှေးကကုသိုလ်ကံ၊ တစ်စုံတစ်ရာ၏ ထောက်ပံ့မှုကြောင့်) ငရဲသို့မကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ကြာ ရှည်နေခွင့်မရ၊ အသက်တိုရလေသည်။

၂။ ဤလောက၌ အချို့သော မိန်းမ၊ ယောကျ်ားတို့ကား သတ္တဝါတို့ အပေါ်၌ သနားကြင်နာ ကရုဏာ အားကြီးလျက် သူ့အသက်သတ်

mgyoe.com

mgyoe.com


ခြင်းမှ ရှောင်ကြဉ်၏။ ထိုသူများ စုတေလျှင် အထက်နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်မရောက်ဘဲ လူ့ပြည်သို့ ရောက်ပြန်လျှင်လည်း အသက်ရှည်စွာ တည်နေရပေသည်။

၃။ အဘယ့်ကြောင့် အချို့မှာ အနာရောဂါများ၍–

၄။ အချို့မှာ အနာရောဂါ ကင်းရှင်းပါသနည်း။

၃။ ဤလောက၌ အချို့သော မိန်းမ၊ ယောကျ်ားတို့သည် တစ်ပါးသော သတ္တဝါကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ၊ တုတ်၊ ဓား စသော လက်နက်ဖြင့်သော်လည်းကောင်း၊ ညှဉ်းဆဲလေ့ရှိ၏။ (သေအောင်ကားမသတ်) ထိုသူမျိုးသည် သေလျှင် ငရဲကျတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ရောက်ရလျှင် ရောဂါထူပြော အနာပေါလေသည်။

၄။ ထိုကဲ့သို့ ညှဉ်းဆဲနှိပ်စက်လေ့ မရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်မရောက်ဘဲ လူ့ပြည်ရောက်လျှင်ကား အနာရောဂါ ကင်းရှင်းရပေသည်။

## ရုပ်ဆိုး–ရုပ်လှ

၅။ အဘယ့်ကြောင့် အချို့မှာ အရုပ်ဆိုး၍

၆။ အချို့မှာ အဆင်းလှပါသနည်း။

၅။ ဤလောက၌ အချို့သော မိန်းမ၊ ယောကျ်ားတို့သည် အလွန်ဒေါသကြီး၏။ အနည်းငယ် စကားပြောစရာရှိလျှင် သူတစ်ပါးကို ထိပါးပုတ်ခတ် ပြောလေ့ရှိ၏။ ထိုလူမျိုးသည် သေလျှင် ငရဲကျတတ်၏။ ငရဲမကျဘဲ လူ့ပြည်ရောက်ရလျှင် မျက်နှာပုပ်သိုး အရုပ်ဆိုးတတ်လေသည်။

၆။ ထိုကဲ့သို့ ဒေါသမထွက်ဘဲ စိတ်လက်ကြည်လင် အစဉ်အေးမြသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ကြည်လင်လှသော အဆင်းကို ရပေသည်။

၇။ အဘယ့်ကြောင့် အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါး၍ ...

၈။ အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာ ကြီးမားပါသနည်း။

၇။ ဤလောက၌ မိန်းမ၊ ယောကျ်ားတို့သည် ဣဿာတရား အားကြီး

mgyoe.com

mgyoe.com


၏။ ထိုသူမျိုးသည် သေလျှင် ငရဲသို့ ကျတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါးလေသည်။

၈။ ထိုကဲ့သို့ ဣဿာ မရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း နာမည်ကျော်ကြား ခြွေရံများ၍ တန်ခိုးအာဏာ ဩဇာကြီးမားပေသည်။

(သူတစ်ပါးတို့၏ ကံဉာဏ်၊ ဝီရိယအားလျော်စွာ စည်းစိမ်ဥစ္စာပေါများခြင်း၊ ဂုဏ်သိမ်ကြီးမားခြင်း၊ ထင်ရှားကျော်စောခြင်း၊ တတ်သိလိမ္မာခြင်း စသည်တို့ကို မနှာလိုမှု၊ မကြည့်နိုင်မှု၊ စောင်းမြောင်းမှု၊ မျက်စောင်းထိုးကြည့်မှု၊ ငြူစူမှု၊ သည်လိုယုန်တော့ ချုံတိုင်းရှိရဲ့၊ ဇီးကွက်လောက်တော့ ငှက်တိုင်းလှရဲ့ စသည်ဖြင့် နှုတ်ခမ်းစူ၍ ပြောဆိုမှုများသည် အတွင်းက ဣဿာတရား၏ အစွမ်းပင်တည်း။)

## ပစ္စည်းရှိ–မရှိ

၉။ အဘယ့်ကြောင့် အချို့မှာ ဥစ္စာမဲ့မွဲ ဆင်းရဲ၍–

၁၀။ အချို့မှာ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝပါသနည်း။

၉။ ဤလောက၌ အချို့သော မိန်းမ၊ ယောကျာ်းတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့မရှိ၊ မစ္ဆေရတရား အလွန်အားကြီး၏။ ထိုလူမျိုးသည် သေလျှင် ငရဲကျတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ရောက်ရလျှင် ဥစ္စာမဲ့မွဲ ဆင်းရဲရလေ၏။

၁၀။ ထိုသို့သော မစ္ဆေရမရှိဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝပေသည်။ (မိမိ၌ရှိသော ပစ္စည်း၊ မိမိနှင့်ဆိုင်သော ပစ္စည်းများကို သူတစ်ပါးနှင့် မဆက်ဆံစေလိုမှု၊ မပေးကမ်း မလှူဒါန်းရက်မှုကိုလည်းကောင်း၊ မိမိ၏ စည်းစိမ် ဂုဏ်သိမ်မျိုး သူတစ်ပါးရမှာ စိုးခြင်းကိုလည်းကောင်း မစ္ဆေရဟု ခေါ်သည်။)

mgyoe.com

mgyoe.com


## အမျိုး–ယုတ်–မြတ်

၁၁။ အဘယ့်ကြောင့် အချို့မှာ အမျိုးယုတ်၍ .....

၁၂။ အချို့မှာ အမျိုးမြတ်၌ ဖြစ်ရပါသနည်း။

၁၁။ ဤလောက၌ အချို့သော မိန်းမ၊ ယောကျ်ားတို့သည် အလွန်မာန် မာနကြီး၏။ (သူတစ်ပါးကို အထင်သေး၏။ ကိုယ့်ကိုယ်ကို အထင် ကြီး၏။) ရိုသေလေးစားထိုက်သူကိုမျှ ရိုသေလေးစားရမှန်း မသိ တတ်။ ထိုသူမျိုးသည် သေလျှင် ငရဲသို့ ကျရတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း အောက်ကျနောက်ကျ ယုတ်ညံ့ သောအမျိုး၌ ဖြစ်ရ၏။

၁၂။ ထိုသို့ မာန်မာနမကြီးဘဲ လေးစားထိုက်သူကို ရိုသေလေးစားလေ့ရှိ သူသည် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ ပြည်သို့ ရောက်ရလျှင်လည်း မြင့်မြတ်သောအမျိုး၌ ဖြစ်ရရိုးရှိသည်။

၁၃။ အဘယ့်ကြောင့် အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာနည်းပါး၍ ...

၁၄။ အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာကြီးမားပါသနည်း။

၁၃။ ဤလောက၌ အချို့သော မိန်းမ၊ ယောကျ်ားတို့သည် ပညာရှိပုဂ္ဂိုလ် တို့ထံသို့ ချဉ်းကပ်၍ ကုသိုလ်၊ အကုသိုလ်ကိုလည်းကောင်း၊ အပြစ် ရှိ–မရှိ၊ မှီဝဲထိုက်၊ မမှီဝဲထိုက်သောအရာ၊ နောင်သံသရာဝယ် ရှည်ကြာလေးမြင့် ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးမည့် တရားအချက်တို့ကို လည်းကောင်း မေးမြန်းလေ့မရှိ။ ထိုသူမျိုးတို့သည် ထင်မိထင်ရာ ပြု၍ ဒုစရိုက်များဖြင့် သေလျှင် ငရဲသို့သွားရတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ရောက်ရလျှင် အသိအလိမ္မာ ဉာဏ်ပညာကင်း လူဖျင်းလူအ လူမိုက်ဖြစ်ရလေသည်။

၁၄။ ထိုကဲ့သို့သော တရားအချက်ကို နှစ်သက်ကြည်ဖြူ နာယူမေးမြန်း လေ့ ရှိသူသည်ကား စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာ ကြီးမားလျက် ထက်မြက်သော အခြေအနေကို ရတတ် ပေသည်။

### လူကြီးမင်းများခင်ဗျား။

အခုပြောခဲ့တဲ့ အမေးအဖြေထဲမှာပါတဲ့ သဘောတွေကို ပိုပြီးထင်ရှား လာအောင် သက်ဆိုင်ရာ သာဓကတွေကို ကျွန်တော် ထုတ်ပြချင်ပါတယ်။

mgyoe.com

mgyee.com


ရှေးဦးစွာ ကောင်းတဲ့ အတိတ်ကံတွေကြောင့်၊ ကောင်းကျိုးပေးပုံတွေကို ကြည့်ရအောင်–

ဇောတိကဆိုရင်၊ လူကြီးမင်းတို့အားလုံး သိကြပါတယ်။ မြတ်စွာဘုရား လက်ထက်တော်ကစပြီး၊ အခုအချိန်အထိတောင်၊ သူ့လောက်ချမ်းသာတဲ့ သူဌေးဟာ ကမ္ဘာပေါ်မှာ မပေါ်သေးပါဘူး။ ရိုးရိုးချမ်းသာရုံသာမကသေးဘူး။ သူ့ပစ္စည်းတွေကို သူမပေးရင်၊ ဘယ်သူမှ ယူလို့မရဘူး။ အဇာတသတ်မင်းဟာ လောဘတွေထွက်ပြီး၊ ဇောတိကရဲ့ ပစ္စည်းတွေကို၊ အတင်းလုဖို့ သူ့စစ်သားတွေနဲ့ သွားတိုက်လိုက်တာ၊ ဇောတိကက ဘာမျှပြန်မလုပ်ရဘဲနဲ့၊ သူရော သူ့စစ်သားတွေပါ တပ်လန်ပြီး ပြေးရတယ်။ အဇာတသတ်လည်း မြင်းစီးပြီး ထွက်ပြေးလိုက်တာ၊ ဘုရားကျောင်းတော်ကို ရောက်သွားတယ်။ အဲဒီကျောင်းတော်ထဲမှာ ဇောတိကသူဌေးကို တွေ့တယ်။ သူဌေးက သူမပေးရင်၊ သူ့ပစ္စည်းကို ဘယ်သူမှ မယူနိုင်ဘူးလို့ပြောပြီး၊ သူ့ပတ္တမြားလက်စွပ်တွေကို အချွတ်ခိုင်းတယ်။ အဇာတသတ်မင်းက တအားချွတ်တာ မရဘူး။ ဒါပေမဲ့ ဇောတိကသူဌေးက သူပေးချင်တဲ့အခါကျတော့ သူ့လက်ကို အောက်စိုက်ပေးလိုက်တာနဲ့ ပတ္တမြားလက်စွပ်တွေဟာ ကျွတ်ကြသွားတယ်။

အဲဒီလို ဖြစ်ရတာဟာ အကြောင်းမဲ့သက်သက် မဟုတ်ဘူး။ သူ့ရဲ့ကောင်းတဲ့ အတိတ်ကံကြောင့်ပဲ ဖြစ်တယ်။ အတိတ်ဘဝတစ်ခုမှာ ဇောတိကဟာ ကြံခင်းလုပ်တဲ့ ညီအစ်ကို သူကြွယ်နှစ်ဦးအနက် ညီငယ်ဖြစ်တယ်။ တစ်နေ့သောအခါမှာ အစ်ကိုဖို့ ကြံတစ်ချောင်း၊ မိမိဖို့ ကြံတစ်ချောင်း ခုတ်ပြီး အိမ်ကိုပြန်လာတယ်။ အဲဒီအခါက အသီးအပင်တွေဟာ အင်မတန်သြဇာရှိတဲ့အတွက် ကြံကို အရင်းကဖြစ်ဖြစ်၊ အဖျားကဖြစ်ဖြစ် ဖြတ်ပြီး ထောင်လိုက်ရုံနဲ့ မညှစ်ရဘဲ ကြံရည်ထွက်လာတယ်။ လမ်းမှာ ရှင်ပစ္စေကဗုဒ္ဓါတစ်ပါးကို ဖူးရတဲ့အခါ လှူချင်တဲ့စိတ်တွေ အင်မတန်ဖြစ်လာတဲ့အတွက် ရှင်ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ပြည့်သွားအောင် သူ့ကြံရည်ကို လောင်းလိုက်တယ်။ ရှင်ပစ္စေကဗုဒ္ဓါ ကြံရည်ကို ဘဉ်းပေးနေတာ မြင်တဲ့အခါ၊ နောက်ထပ် လှူချင်တဲ့စိတ်တွေ တိုးပြီးဖြစ်လာတဲ့အတွက်၊ သူ့အစ်ကိုက မလှူချင်ဘူးဆိုရင် ကြံဖိုးကို သူပေးမယ်လို့ စိတ်ထဲက ဆုံးဖြတ်ပြီး သူ့အစ်ကိုဖို့ခုတ်လာတဲ့ ကြံထဲက ကြံရည်တွေကို နောက်ထပ်လှူပြန်တယ်။ အဲဒီလို လှူပြီးတဲ့နောက်မှ "အရှင်ဘုရား၊ တပည့်တော်သည် အဦးအဖျား ထူးပြားမွန်မြတ်လှစွာသော ဤကြံ

mgyee.com

ရည်ကို လှူရသော ပုညစေတနာဟုန်ကြောင့် လူ့ဘုံနတ်ရွာ၊ ဖြစ်လေရာဘဝ တို့၌၊ တောင့်တတိုင်း ပြီးမြောက်သည် ဖြစ်စေသော၊ နောင်သောကာလ၊ အရှင်မြတ်တို့ ရအပ်သော တရားကိုလည်း ရသည်ဖြစ်စေသောလို့ ဆုတောင်း လိုက်တယ်။ ပစ္စေကဗုဒ္ဓါကို လှူရတဲ့ပုဂ္ဂိုလ်တွေဟာ တောင်းတဲ့ဆုအတိုင်း ပြည့်တာပဲ။

အဲဒါနဲ့ ဇောတိကအလောင်းဟာ ဒီအလှူရဲ့အကျိုးကြောင့် ဝိပဿီ ဘုရားလက်ထက်တော်မှာ အပရာဇိတအမည်နဲ့ သူဋ္ဌေးကြီးဖြစ်လာတယ်။ တစ်နေ့သောအခါ မြတ်စွာဘုရားကို သူလှူထားတဲ့ ပတ္တမြားရတနာကြီးကို ပုဏ္ဏားတစ်ဦး ခိုးသွားတဲ့အတွက် အင်မတန် စိတ်မချမ်းမသာ ဖြစ်တယ်။ မြတ်စွာဘုရားကို လျှောက်တဲ့အခါ၊ အတိတ်ဘဝ ဆုတောင်းတွေထဲမှာ၊ ကိုယ့် ပစ္စည်းကို တစ်ခြားလူ မခိုးနိုင်ရပါလို၏ ဆိုတဲ့ ဆုတောင်းမပါလို့၊ အခုလို အခိုးခံ ရတယ်လို့ မြတ်စွာဘုရားက အမိန့်ရှိတယ်။ အဲဒီအခါမှာ အပရာဇိတသူဋ္ဌေး က "အရှင်ဘုရား ယနေ့မှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်၊ ဖြစ်ဖြစ်သမျှ၌ တပည့်တော်ရအပ်သော စည်းစိမ်ဥစ္စာကို ငါးဖြာသော ရန်သူတို့သည် လုယူ ဖျက်ဆီးခြင်းငှာ မတတ်နိုင်သည်ဖြစ်စေသော၊ ချည်မျှင်ကိုမျှ တပည့်တော် မပေးက၊ အရာမကသော မင်း၊ အရာမကသော ခိုးသူတို့သည် လုယူ၍မရ သည် ဖြစ်စေသော" လို့ ဆုပန်လိုက်တယ်။

ဇောတိကအလောင်းဟာ ကြံခင်းသမား သူဆင်းရဲဘဝက ပစ္စေကဗုဒ္ဓါ ကို ကြံရည်လှူလိုက်တဲ့ ကုသိုလ်အဟုန်ကြောင့် ဘဝပေါင်းများစွာ လူ့စည်း စိမ်၊ နတ်စည်းစိမ်တွေကို ခံစားရပြီး၊ ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရား လက်ထက်တော်မှာ ဇမ္ဗူဒိပ်တစ်ခုလုံး ထီးဆောင်းမင်းတွေတောင် လိုက်မမီ နိုင်အောင် ချမ်းသာတဲ့ ဇောတိကသူဋ္ဌေးကြီး ဖြစ်လာရတယ်။ နောက်ပြီးတော့ ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်မှာ တောင်းခဲ့တဲ့ ဆုတောင်းကြောင့် သူ့ပစ္စည်းကို သူမပေးရင်၊ ဘယ်သူမှ မယူနိုင်တဲ့ဘဝကို ရပြန်တယ်။

ကျွန်တော် ပြောချင်တဲ့ နောက်သာဓကတစ်ခုကတော့ ရဟန္တာကြီး ရှင်ဗာကုလပဲ ဖြစ်ပါတယ်။ အနောမဒဿီ ဘုရားလက်ထက်တော်တုန်းက အရှင်ဗာကုလ အလောင်းလျာဖြစ်တဲ့ ရသေ့ကြီးဟာ မြတ်စွာဘုရားကို အလုပ် အကျွေးပြုဖူးပါတယ်။ တစ်ခါတော့ မြတ်စွာဘုရား လေနာထတဲ့အခါ၊ ဒီ ရသေ့ကြီးက ဖျောက်အောင်ကုသခဲ့ပါတယ်။ အဲဒီလို ကုသရတဲ့ အကျိုးကြောင့်

mgyoe.com

mgyee.com


ဖြစ်လေရာ ဘဝတိုင်းမှာ ချောတာ၊ သမ်းတာကလေးမျိုးလောက်တောင် မဖြစ်ရဘဲ၊ အဖျားအနာမရှိ၊ ပကတိ ကျန်းမာရပါလို၏လို့ ဆုတောင်းခဲ့တယ်။ ဒီအတိတ်ကံကြောင့် ကျွန်တော်တို့ရဲ့ မြတ်စွာဘုရား လက်ထက်တော်မှာ၊ ရှင်ဗာကုလ ရဟန္တာကြီး ဖြစ်လာပြီး၊ အသက် တစ်ရာ့ခြောက်ဆယ်အထိ နေသွားခဲ့ရတယ်။ အသက်ရှင်နေတုန်းမှာလည်း ချောင်း၊ သမ်းခြင်း။ အလျှင်း မရှိ၊ ပကတိ ကျန်းမာတဲ့အတွက် "အနာမဲ့ ရှင်ဗာကု" လို့တောင် တချို့ ဆရာတွေက စပ်ဆိုခဲ့ကြတာ၊ လူကြီးမင်းများအသိ ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျား။

နောက်သာဓက တစ်ခုကတော့၊ ရှင်အနုရုဒ္ဓါမထေရ်ကြီး ဖြစ်ပါတယ်။ ဒီမထေရ်ကြီးရဲ့ အလောင်းလျာဟာ ပဒုမုတ္တရဘုရား လက်ထက်တော်က၊ အပါကဋ္ဌအမည်နဲ့ သူကြွယ်တစ်ဦးဖြစ်ပါတယ်။ တစ်နေ့သောအခါ မြတ်စွာဘုရားရဲ့ တရားနာနေတုန်း၊ ဒေသနာတော်ရဲ့ အဆုံး၊ တစ်ဦးသော ရဟန္တာကို ဒိဗ္ဗစက္ခုအရာမှာ မြတ်စွာဘုရားက ဧတဒဂ်ပေးပါတယ်။ ဒိဗ္ဗစက္ခုဆိုတာက နတ်တို့လို မြင်နိုင်တာကို ခေါ်ပါတယ်။ ဧတဒဂ်ဆိုတာက၊ အဲဒီလို မြင်နိုင်တဲ့ ရဟန္တာတွေထဲမှာ အထွတ်အထိပ် ဖြစ်တယ်လို့ ဆိုလိုပါတယ်။ အဲဒါကို ဒီအပါဋ္ဌကသူကြွယ်က အင်မတန် အားကျတယ်။ အဲဒါကြောင့် မြတ်စွာဘုရားနဲ့ သံဃာတော်အရှင်သူမြတ်တွေကို သူ့အိမ်ဖိတ်ပြီး၊ ၇ ရက်တိုင် ဆွမ်းကျွေးတယ်။ ခုနစ်ရက်မြောက်တဲ့နေ့မှာ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို တိစီဝရိက်သင်္ကန်း ကပ်လှူတယ်။ အဲဒီလိုလှူပြီးမှ နောင်ဘုရားသာသနာတော်မှာ ဒိဗ္ဗစက္ခုအရာမှာ ဧတဒဂ်ရတဲ့ ရဟန္တာဖြစ်ရပါလို၏လို့ ဆုတောင်းခဲ့တယ်။ ဒီကောင်းမှုကြောင့် လူစည်းစိမ်၊ နတ်စည်းစိမ်တွေကို အကြိမ်ကြိမ်ခံစားပြီး၊ တစ်ခုသော အကုသိုလ်ကံကြောင့်၊ ကျွန်တော်တို့ရဲ့ ဂေါတမမြတ်စွာဘုရား မပွင့်မီ၊ အန္နဘာရ အမည်နဲ့ သူဆင်းရဲတစ်ဦး ဖြစ်လာရတယ်။ တစ်နေ့သောအခါ အရှင်ပစ္စေကဗုဒ္ဓါ ကိုယ်တော်တစ်ပါး ဆွမ်းလာရပ်တဲ့အတွက်၊ သူစားဖို့ ကျိုထားတဲ့ ယာဂုကို သပိတ်ပြည်အောင် ကပ်လိုက်တယ်။ အဲဒီလိုကပ်ပြီးတော့မှ "အရှင်ဘုရား၊ တပည့်တော်တို့ မောင်နှံဟာ ရှေးဘဝက ဒါနသီလနည်းသောကြောင့်၊ ယခု ဆင်းရဲလှစွာ သူတကာကို မှီ၍ နေရချေသည်။ ယခုပြုသော ကုသိုလ်ကံကြောင့်၊ နိဗ္ဗာန်မရသေးသမျှ၊ ဘဝခပ်သိမ်းတို့၌၊ ဆင်းရဲဒုက္ခကို မတွေ့မမြင်ရသည် ဖြစ်စေသော။ အလိုရှိကာ

mgyee.com

mgyoe.com

ခဏချင်းသာ ပြည့်စုံလာသည် ဖြစ်စေသော။ ထမင်းဖြစ်ရာ ဌာနကိုမျှ မသိရအောင်၊ သုခတရား ပွားစေသောလို့ ဆုတောင်းလိုက်တယ်။ အဲဒီလို အတိတ်ကံကြောင့်၊ ကျွန်တော်တို့ မြတ်စွာဘုရား လက်ထက်တော်မှာ အနုရုဒ္ဓါအမည်နဲ့၊ သုက္ကောဒနမင်းကြီးရဲ့ သားတော် ဖြစ်လာတယ်။ သူ့ဆုတောင်းဟာ ဘယ်လိုပြည့်တယ်ဆိုတာ ကြည့်ရအောင်။

အနုရုဒ္ဓါမင်းသား ငယ်စဉ်က၊ သာကီဝင် မင်းသားကလေးတွေ မုန့်လောင်းတမ်း အန်ကစားကြတယ်။ အနုရုဒ္ဓါ မင်းသားကလေးဟာ ခဏခဏ ရှုံးတယ်။ အဲဒီလိုရှုံးတိုင်း၊ တမန်ယောကျ်ားတစ်ယောက်ကို သူ့အမေဆီ မုန့်အတောင်းလွှတ်တယ်။ ခဏခဏ လာတောင်းလွန်းတော့ သူ့အမေက မုန့်မရှိဘူးလို့ ပြောလိုက်တယ်။ အနုရုဒ္ဓါ မင်းသားကလေးကလည်း၊ မရှိဘူးဆိုတာကို တစ်ခါမှ မကြားဖူးတော့၊ နားမလည်ဘူး။ အဲဒါကြောင့် အဲဒီ မရှိတဲ့မုန့်ကိုပဲ ယူခဲ့လို့ တမန်ယောကျ်ားကို ပြောလိုက်တယ်။ တမန်ယောကျ်ား ရောက်လာတဲ့အခါ သူ့အမေက ဘာမုန့်မှမပါတဲ့ ရွှေခွက်တစ်ခုကို ဖုံးပြီးပေးလိုက်တယ်။ အနုရုဒ္ဓါ မင်းသားကလေးရဲ့ အတိတ်ကံကြောင့်၊ မြို့စောင့်နတ်တွေ မနေသာတော့ဘဲ၊ ရွှေခွက်ထဲကို နတ်သြဇာတွေနဲ့ လုပ်ထားတဲ့ မုန့်တွေ ထည့်ပေးလိုက်ရတယ်။

အနုရုဒ္ဓါမင်းသားဟာ အာနန္ဒာ၊ ဘဒ္ဒိယ၊ ကိမိလ၊ ဘဂု၊ ဒေဝဒတ်ဆိုတဲ့ သာကီဝင်မင်းသား ငါးဦးနဲ့အတူ မြတ်စွာဘုရားထံမှာ ရဟန်းပြုပြီး၊ မကြာမီ အတိတ်က ဆုတောင်းခဲ့တဲ့အတိုင်း ဒိဗ္ဗစက္ခုမှာ ဧတဒဂ်ရတဲ့ ရဟန္တာကြီး ဖြစ်သွားပါတယ်။

လူကြီးမင်းများခင်ဗျား။

နောက်သာဓကေ တစ်ခုကတော့၊ ရဟန္တာမကြီး ဘဒ္ဒကာပိလာနီ ဖြစ်ပါတယ်။ ဘဒ္ဒကာပိလာနီ အလောင်းအလျာဟာ အခု ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူသွားကြတဲ့ ကောဏာဂုံ မြတ်စွာဘုရားနဲ့ ကဿပ မြတ်စွာဘုရားရဲ့ အကြား၊ တစ်ခုသောဘဝမှာ သူကြွယ်ရဲ့မိန်းမ ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီအခါက ရှင်ပစ္စေကဗုဒ္ဓါတစ်ပါးရဲ့ သပိတ်ထဲကို ရွှံ့ပုပ်တွေ လှူခဲ့ဖူးပါတယ်။ နောက်မှ သတိရတဲ့အတွက်၊ သပိတ်ကို နံ့သာရေနဲ့ဆေးပြီး၊ ဆွမ်းကောင်းတွေ ပြန်ကပ်ရတယ်။ အဲဒီလိုကပ်ပြီးမှ "အရှင်ဘုရား၊ ဤကောင်းမှုကြောင့် ရှု၍ မရောင့်ရဲနိုင်သော အဆင်းနှင့် ဘဝတိုင်းပြည့်စုံစေသော" လို့ ဆုတောင်းလိုက်တယ်။

mgyoe.com

mgyoe.com


အဲဒီကုသိုလ်ကြောင့် နတ်စည်းစိမ် ခံစားရပြီး၊ ကဿပ မြတ်စွာဘုရား လက်ထက်တော်မှာ ဘဒ္ဒကာပိလာနီ အလောင်းဟာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးသမီး ဖြစ်လာတယ်။ အရွယ်ရောက်တဲ့အခါ အရှင်မဟာကဿပ အလောင်းဖြစ်တဲ့ သူဌေးသားနဲ့ အိမ်ထောင်ကျတယ်။ ဘဒ္ဒကာပိလာနီ အလောင်းလျာ သူဌေးသမီးဟာ အတိတ်ဆုတောင်းကြောင့် ရှုမဝအောင်ကိုလှတယ်။ ဒါပေမဲ့ ရှင်ပစ္စေကဗုဒ္ဓါကို ရွှံ့ပုပ်တွေလောင်းလိုက်ဖူးတဲ့ အကုသိုလ်ကံကြောင့်၊ သူ့အနားကို ယောကျာ်းကပ်လို့ မရဘူး။ သူ့ကိုယ်က ပုပ်စော်နံတယ်။ အဲဒါကြောင့် သူ့မိဘအိမ်ကို ပြန်ပို့လိုက်ရတယ်။ ရုပ်က အင်မတန်ချောတော့ အဲဒီလိုပဲ တခြားသူဌေးသား ၆ ဦးနဲ့ လက်ထပ်ရသေးတယ်။ ဒါပေမဲ့ ပုပ်စော်နံနေတဲ့အတွက် ဘယ်သူမှ မပေါင်းနိုင်လို့ သူ့မိဘအိမ်ကိုချည်းပဲ ပြန်ပို့ရတယ်။

တစ်ခါတော့ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူတဲ့အခါ ဒီဘဒ္ဒကာပိလာနီ အလောင်းလျာ သူဌေးသမီးဟာ သူ့ဘယက်တန်ဆာတွေကို ရောင်းပြီး၊ ဘုရားရဲ့ဓာတ်တော်တွေ ဌာပနာမယ့် စေတီအတွက် ရွှေအုတ်တွေလှူတယ်။ နောက်ပြီးတော့ ကြာလေးခိုင်လည်း လှူတယ်။ အဲဒီလို လှူပြီးတော့ ကျွန်ုပ် ယခုပြုရသော ကောင်းမှုကြောင့် ယခုဘဝမှစ၍ နိဗ္ဗာန်ရသော ဘဝတိုင်အောင်၊ လှိုင်လှသော စန္ဒကူးနံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင်သော ကိုယ်၏အနံ့၊ ကြာဝတ်နံ့ကဲ့သို့ ပျံ့သင်းသော ခံတွင်း၏ အနံ့ရှိသည်သာ ဖြစ်ရပါစေသော" လို့ ဆုတောင်းလိုက်တယ်။ အဲဒီခဏမှာပဲ သူ့ပုပ်စော်နံ့တွေ ကွယ်ပျောက်ပြီး၊ သင်းပျံ့ကြိုင်လှိုင်တဲ့ အနံ့တွေ သူ့ကိုယ်က ထွက်လာတယ်။ သူ့ရဲ့ ပထမယောကျာ်း ရှင်မဟာကဿပ အလောင်း သူဌေးသားနဲ့ပဲ ပြန်ပြီး ပေါင်းရတယ်။ အဲဒီလို ရွှေအုတ်တွေနဲ့ ကြာလေးခိုင်လှူရတဲ့ အတိတ်ကံကြောင့် လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေကို စံစားခဲ့ရပြီး၊ ကျွန်တော်တို့ရဲ့ ဂေါတမမြတ်စွာဘုရား လက်ထက်တော်မှာ သူဌေးသမီး ဖြစ်လာရတယ်။ အမည်မှည့်ဖို့ အချိန်ရောက်တဲ့အခါ အတိတ်ကံကြောင့် ရှုမငြီးအောင် လှပနေတဲ့အတွက် ဘဒ္ဒကာပိလာနီလို့ အမည်မှည့်ကြတယ်။ လှရုံသာမကသေး။ ဘဒ္ဒကာပိလာနီဟာ တစ်ဆယ့်နှစ်တောင်ရှိတဲ့ တိုက်ခန်းမှာ မီးမထွန်းရဘဲနဲ့ လင်းနေအောင် ကိုယ်က အရောင်တွေ ထွက်သေးတယ်။ ဒီလို ကိုယ်ရောင်တွေ ထွက်ရုံသာမကသေးဘူး၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ခုနစ်အိမ်အထိ၊ ကိုယ်ရနံ့တွေကလည်း သင်းပျံ့ကြိုင်လှိုင် နေကြပေသေးတယ်။

mgyoe.com

mgyoe.com


လူကြီးမင်းများခင်ဗျား။

အခု ပြောပြီးခဲ့တာတွေကတော့ အတိတ်ကံကောင်းတွေကြောင့် ကောင်းကျိုးတွေ စံရတဲ့ သာဓကတွေ ဖြစ်ပါတယ်။ အခု ကျွန်တော် ဆက်ပြီးပြောမှာကတော့ တခြားဟာ မဟုတ်ပါဘူး။ ကောင်းတဲ့ အတိတ်ကံ မရှိခဲ့တဲ့အတွက် ဘယ်လိုပဲ ကြိုးစားပေမဲ့၊ ကောင်းတဲ့အကျိုးကို မခံစားရတဲ့ သာဓကတွေ ဖြစ်ပါတယ်။

## ထင်းခွေယောကျ်ားဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုလတ်သော် ထင်းခွေယောကျ်ား တောတွင်းသားတစ်ယောက်သည် ထင်းခွေရာမှ အပြန်တွင် မြို့တံခါးသို့ မရောက်ခင် နေဝင်သဖြင့် နတ်စင်၏အနီး တစ်ခုသော သစ်ပင်ကြီးအောက်မှာ အိပ်ရရှာ၏။ ထိုအခါ သစ်ပင်၏ အထက်ဝယ်၊ အောက်အထက် အိပ်ကြသော ကြက် ၂ ကောင်တို့အနက် အထက်၌အိပ်သော ကြက်တစ်ကောင်က အထက်မှ ကျင်ကြီးကို စွန့်၍ချရာတွင် အောက်ကြက်၏ ကျောပြင်သို့ကျသဖြင့် "မစဉ်းစား မဆင်ခြင် ငါကျောပြင်သို့ ကျင်ကြီးကိုစွန့်ချသော သူကား အဘယ်သူနည်း" ဟု သီးရင့်သောစကားကို ဆိုလျက် အောက်ကြက်က မေးမြန်းသောအခါ မာန်မာနတက်ပွား ခိုက်ရန်များ၍ သင့်အစွမ်းကား အဘယ်နည်း။ သင့်အစွမ်းကား အဘယ်နည်းဟု အချင်းချင်း မေးမြန်းခြင်းပြုကြသော် ငါ့အသားကိုစားရလျှင် ယနေ့ ချက်ချင်းပင် အသပြာတစ်ထောင်ကို ရနိုင်သည်တကားဟု မိမိဂုဏ်ကို ပလွှား၍ အောက်ကြက်က ပြောကြားလျှင် အသင်၏ဂုဏ်ကား နွားခြေရာခွက်၌ ရေပမာ မပြောပလောက်သည်သာလျှင်တည်း။ အကြင်သူသည် ငါ၏ ကောင်းမြတ်သော အသားကို စားရသည်ဖြစ်အံ့၊ ထိုသူသည် ၇ ရက်အတွင်း၌ ပြည့်ရှင်မင်းဖြစ်နိုင်၏။ အကြင်သူသည် အပဋ္ဌ်ဖြစ်သော အသားကို စားရသည်ဖြစ်အံ့၊ ထိုသူသည် ယောကျ်ားဖြစ်က စစ်သူကြီးအရာကို ရနိုင်၏။ မိန်းမဖြစ်က "မိဖုရား" အရာကို ရနိုင်၏။ အကြင်သူသည် အရိုး၌ကပ်သော အသားကို စားရအံ့၊ ထိုသူသည် လူဖြစ်က ဘဏ္ဍာစိုးအရာကို ရနိုင်၏၊ ရဟန်းဖြစ်က မင်းဆရာအဖြစ်ကို ရ၏ဟု မိမိဂုဏ်ကိုပလွှား၍ အထက်ကြက်က ပြောကြားပြန်၏။

mgyoe.com

mgyee.com


ထိုအခါ ထင်းခွေယောကျ်ား တောတွင်းသားလည်း ကြက် ၂–ကောင်၏စကားကို မှတ်သားပြီးကာ ဖြည်းညင်းသာယာစွာ သစ်ပင်သို့တက်၍ အထက်ကြက်ကို ဖမ်း၍ အိမ်သို့ယူဆောင်ခဲ့ပြီးလျှင် အို–အိမ်ရှင်မ၊ ဤကြက်၏အသားကို စားသောက်ဖို့ရာ ကောင်းမွန်စွာ ချက်ပါလော့ဟု မိမိခင်ပွန်းမအား ပေးလေ၏။ ထင်းခွေသမား၏ မယားလည်း ကြက်သားကို ကောင်းစွာစီရင်ပြီးလျှင် အရှင်စားပါလော့ဟု မိမိခင်ပွန်း၏ရှေ့၌ ထား၏။ ထိုအခါ ထင်းခွေသမားက အို–အိမ်ရှင်မ၊ ဤကြက်၏အသားကား ကြီးမားသော အာနုဘော်ရှိ၏။ ဤကြက်၏အသားကို စားလျှင် ငါကား ပြည့်ရှင်မင်းကြီးဖြစ်အံ့။ သင်မူကား မိဖုရားကြီး ဖြစ်လတ္တံ့။ သို့ဖြစ်ရကား ဤနေရာ၌ စားခြင်းငှာ မသင့်ပါ။ ဂင်္ဂါမြစ်သို့ သွားပြီးလျှင် ရေမိုးသန့်ရှင်းစွာ ချိုးပြီးမှ စားကြကုန်အံ့ဟုဆို၍ ဂင်္ဂါမြစ်သို့ သွားကြပြီးလျှင် ကမ်းနဖူးအပြင် ရေစပ်နားဝယ် ကြက်သားဟင်းအိုးကို အသာချထားပြီးကာ ရေမိုးသန့်စင်ခြင်းငှာ ဂင်္ဂါမြစ်အတွင်းသို့ ဆင်းသက်ကြကုန်၏။ ထိုအခါ ဂင်္ဂါမြစ်တွင်းမှ တက်လာသောလှိုင်းတံပိုးတို့သည် ကြက်သားဟင်းအိုးကို မြစ်အတွင်းသို့ မျောသွားစေကုန်၏။

ထိုသို့ ဂင်္ဂါမြစ်တွင်း၌ ဟင်းအိုးတစ်လုံး မျောလာသည်ကို အောက်ရေဆိပ်တွင် ဆင်ကို ရေချိုး၍ပေးနေသော ဆင်ဆရာ မြင်သောအခါ ဆယ်ယူပြီးလျှင် အိမ်သို့ ပို့ထားစေ၏။ ထိုအခါ ဆင်ထိန်း၏ဆရာဖြစ်သော ဒိဗ္ဗစက္ခုရှင်ရသေ့သည် ထိုအကြောင်းကို မြင်တော်မူ၍ ရှေးမဆွကပင် ဆင်ဆရာအိမ်သို့ ကြွလင့်တော်မူ၏။ ဆင်ဆရာလည်း ရေချိုးဆိပ်မှ ပြန်၍လာသောအခါ အို–အိမ်ရှင်မ၊ ဆရာရသေ့အား ကြက်သားဟင်းဖြင့် လုပ်ကျွေးလေလောဟုဆို၍ ကပ်စေ၏။ ဆရာရသေ့လည်း ကောင်းမြတ်သော အတွင်းသားကို ဆင်ဆရာအားပေး၍ အပဖြစ်သော အသားစကို ဆင်ထိန်းကတော်အားပေးလျက် မိမိမူကား အရိုး၌ကပ်သော အသားကိုစား၏။ ထို့နောက် ၃–ရက်မြောက်သောအခါ ဗာရာဏသီမင်းကြီး နတ်ရွာစံသဖြင့် ဆင်ဆရာကို မင်းတင်မြှောက်ကြ၍ ဆင်ဆရာ၏ ခင်ပွန်းမကိုကား မိဖုရားကြီးအရာ၌ တင်မြှောက်ကြကုန်၏။ ဒိဗ္ဗစက္ခု ရှင်ရသေ့လည်း မင်းဆရာအဖြစ်ကို ရ၏။

ဤဝတ္ထု၌ ကံကောင်းထောက်မခြင်း မရှိသော ထင်းခွေသမား တောတွင်းသားယောကျ်ား၏ အားထုတ်သော လုံ့လဝီရိယသည် ကံကောင်းထောက်မခြင်းရှိသော ဆင်ထိန်းယောကျ်ား ကောင်းစားဖို့ရန် ဖန်တီး၍ ပေးရသည်နှင့်

mgyee.com

mgyoe.com


တူ၏။ ထို့ကြောင့် ကံမရှိသော တောတွင်းသား၏ ဝီရိယမှာ အချည်းနှီးသာ ဖြစ်၏။

(မှတ်ချက်။ ။ ဤဝတ္ထု၌ ကြက်အချင်းချင်း စကားပြောသည်ကို ထင်းခွေသမားက နားလည်သည် ဆိုသည်မှာ နှစ်ပေါင်း သိန်းပေါင်း သန်းပေါင်း ကုဋေပေါင်းများစွာ ကြာမှ သက်ဆိုင်သော ပုဂ္ဂိုလ်တို့အား ကောင်းကျိုး၊ ဆိုးကျိုးပေးရန် တစ်ခါတစ်ရံသာ ဖြစ်ပေါ်သော အကြောင်းအရာ ဖြစ်သည်။)

## ငါ့တပါးမင်းအကြောင်း

ထိုမှတစ်ပါးလည်း သရေခေတ္တရာပြည်၌ ငါ့ဦးခေါင်းစားလျှင် ငါ့တပါးမင်း ဖြစ်လတ္တံ့ဟု တွန်သော ကြက်တစ်ကောင်၏ အသံကို ကြားရသော ဘုန်းတော်ကြီးတစ်ပါးမှာ ငါ့တပါးမင်း ဖြစ်လိုသော လောဘတဏှာ ရဟန်းသိက္ခာကို မငဲ့ကွက်မူ၍ ကြက်ကို သတ်စေပြီးလျှင် တပည့် မောင်ရှင်အား ချက်စေ၏။ မောင်ရှင်လည်း ထိုကြက်၏အသားကို ကောင်းစွာချက်ထားပြီးလျှင် ကျေးဇူးရှင် ဘုန်းတော်ကြီးအား ကပ်တော့အံ့ဟု နှလုံးထားလျက် ကြက်သားကို ခပ်ယူသောအခါ ကြက်၏ဦးခေါင်းမှာ ပြာထဲသို့ကျသွား၍ ဆရာဘုန်းတော်ကြီးအား ကပ်ဖို့ရန် မလျောက်ပတ်ရကား မိမိကောက်ယူ၍ စားလိုက်လေ၏။ မောင်ရှင်လည်း ထိုကဲ့သို့ အသရေနှင့်ပြည့်စုံသော ကြက်၏ဦးခေါင်းကို စားရသည့်အတွက် မကြာမတင်ပင်လျှင် သရေခေတ္တရာပြည်တွင် ဘုရင်မင်းမြတ်၏အဖြစ်ကို ရလျက် ငါ့တပါးမင်းဟူ၍ ရာဇဝင်၌ ထင်ရှားကျော်စောခြင်းသို့ ရောက်လေ၏။

ဤဝတ္ထု၌ ဝီရိယသာရှိ၍ ကံကောင်းထောက်မခြင်း မရှိသော ဘုန်းတော်ကြီးမှာ မင်းဖြစ်ချင်လှသော လောဘတဏှာဖြင့် ရဟန်းသိက္ခာကိုမျှ မငဲ့ကွက် ရက်စက်ကြမ်းကြုတ်သောအမှုကို ပြုလုပ်၍ မင်းဖြစ်စေခြင်းငှာ လွန်စွာ အားထုတ်သော်လည်း အချည်းနှီးဖြစ်ပြီးလျှင် ကံကောင်းထောက်မသော မောင်ရှင်၏ မင်းဖြစ်ဖို့ရန်ကို စီမံ၍ပေးရသည်နှင့် တူ၏။ ထို့ကြောင့် ကံမရှိသော ဘုန်းတော်ကြီး၏ ဝီရိယသည် အချည်းနှီးသာ ဖြစ်၏။

လူကြီးမင်းများခင်ဗျား။

အခုပြောခဲ့တဲ့ သာဓကတွေကို ကြားပြီးတော့ လူတစ်ယောက်ရဲ့ ကြီး

mgyoe.com

mgyoe.com


ပွားတိုးတက် ချမ်းသာရေးအတွက် အတိတ်ကံဟာ ဘယ်လောက်အရေးကြီး တယ်ဆိုတာကို သဘောပေါက်နိုင်ပါပြီ။

အဲဒီလို အတိတ်ကံဟာ အရေးကြီးတဲ့အတွက် ရှေးရှေးဘဝ၌ ပြုခဲ့ ဖူးသော ကုသိုလ်ကောင်းမှုရှိသူ ဖြစ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏ လို့ပင် မင်္ဂလသုတ်မှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ဖူးပါတယ်။ လူကြီးမင်းများခင်ဗျား။

အခု ကျွန်တော် ပြောပြီးခဲ့တဲ့ သာဓကတွေကတော့ ကောင်းတဲ့ အတိတ် ကံတွေရဲ့ ကောင်းကျိုးပေးပုံ သာဓကတွေပဲ ဖြစ်ပါတယ်။ အခု ကျွန်တော် ဆက်ပြီးပြောချင်တာကတော့ မကောင်းတဲ့ အတိတ်ကံတွေရဲ့ ဆိုးကျိုးပေးပုံ သာဓကတွေပဲ ဖြစ်ပါတယ်။

## အတိတ် အကုသိုလ်ကံ အကျိုးပေးပုံ သာဓကများ ကျီးတစ်ကောင်ဖြစ်ထွေ

မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးပြီး နေတဲ့အခါ ကာလမှာ မြတ်စွာဘုရားကို ဖူးမျှော်ဖို့ရန်အတွက် ရဟန်းတော်တစ်စု ကြွလာ ကြပါတယ်။ ရွာတစ်ရွာသို့ ရောက်သည့်အခါ ဆွမ်းခံဝင်ပြီး ဆွမ်းစားဇရပ်မှာ ခေတ္တမျှ ထိုင်နေခိုက်တွင် ချက်ပြုတ်ရာဌာနက အိမ်တစ်အိမ်ကို မီးစွဲလောင် ပါတယ်။ အဲဒီအိမ်က သက်ငယ်ပျစ်တစ်ခုဟာ မီးလောင်ပြီး မီးအဟုန်နှင့် ကောင်းကင်သို့ လွင့်တက်သွားပါတယ်။ အဲဒီလို လွင့်တက်သွားတဲ့အခါ ကျီးတစ်ကောင်ကလည်း ကောင်းကင်က ပျံသန်းလာရင်း အဲဒီမီးလောင်ပြီးတော့ လွင့်တက်သွားတဲ့ သက်ငယ်ပျစ်နှင့် တိုက်မိပြီး လည်ပင်းမှာစွပ်မိလို့ မီးလောင် ပြီးတော့ မြေပြင်ကျကာ သေဆုံးသွားပါတယ်။

ဒါကို ရဟန်းတော်များက မြင်တော့ ဩော်– ဒီကျီးမှာ ဒီလိုမီးလောင် ပြီး သေဖို့ရန် အကြောင်းကံကတော့ ရှိနေတာပဲ။ ဒီလို အကြောင်းကံဟာ အင်မတန် ဝန်လေးတဲ့ကံပဲ။ ဒီကံရဲ့ အကြောင်းကို မြတ်စွာဘုရားမှ သိမှာပဲ။ မြတ်စွာဘုရားထံရောက်မှ မေးမြန်း လျှောက်ထားကြမယ်လို့ ရည်ရွယ်ပြီး တော့ အဲဒီရဟန်းတော်တွေဟာ မြတ်စွာဘုရားထံသို့ ဆက်လက်ပြီး လာခဲ့ ကြပါတယ်။

mgyoe.com

mgyoe.com


## သဘော်သူကြီးကတော်လေး

ပြီးတော့ အခြားရဟန်းတော်တစ်စုကလည်း ပင်လယ်ခရီးဖြင့် မြတ်စွာဘုရားထံ ဖူးမျှော်ဖို့ရန် ကြွလာကြပါတယ်။

အဲဒီဝတ္ထုထဲမှာ ပင်လယ်ခရီးဖြင့် ရဟန်းတော်တွေ ကြွလာကြတယ်ဆိုတဲ့ စကားကို ထောက်ဆလျှင် မြတ်စွာဘုရား၏ လက်ထက်တော်အခါကလည်း မြတ်စွာဘုရား၏ ဗုဒ္ဓသာသနာတော်ကြီးဟာ ပင်လယ်ခရီးဖြင့် သွားရမည့် နေရာဌာနတွေ တော်တော် နှံ့နှံ့ပျံ့ပျံ့ ရောက်နေတယ်ဆိုတဲ့ အဓိပ္ပာယ်တွေ ပေါ်ပေါက်နေပါတယ်။

အဲဒီလို ပင်လယ်ကိုဖြတ်သန်း၍ လာကြတဲ့အခါမှာ သူတို့စီးလာတဲ့ ရွက်သဘော်က သမုဒ္ဒရာပင်လယ်ထဲမှာ မလှုပ်မယှက် ရပ်တန့်နေပါတယ်တဲ့။ ထိုအခါမှာ သဘော်သားတွေက တစ်စုံတစ်ရာနှင့် တိုက်မိပြီး ငြိတွယ်နေလို့ ရပ်တန့်နေတာလေလားလို့ စမ်းသပ်ရှာဖွေကြည့်ကြတော့ ဘာနှင့်မျှ တိုက်ခိုက်ငြိတွယ်ခြင်း မရှိဘဲ အလိုလိုပင် ရပ်တန့်နေကြောင်းကို တွေ့ကြရပါတယ်။ ဒီတော့ လူတွေက "တို့သဘော်ပေါ်က လူထဲမှာ ကံဆိုးတဲ့ ကာလကဏ္ဏီခေါ် သူယုတ်မာတစ်ယောက်တော့ ဧကန်ပါနေပြီ။ သူယုတ်မာ မဲချကြစို့ရဲ့" လို့ ဒီလိုတိုင်ပင်ပြီးတော့ သူယုတ်မာမဲ၊ ကံဆိုးမဲ ချကြပါတယ်။ အဲဒီလို ကံဆိုးမဲ ချတဲ့အခါမှာ သဘော်သူကြီးကတော်ကို မဲကျနေပါတယ်။ ဒီတော့ သဘော်သူကြီးကို ငဲ့ပြီးတော့ "တို့မဲချနေတာ နေရာမကျသေးဘူး။ မသေမချာသေးဘူး။ အဲဒါကို ထပ်ပြီးတော့ ချကြဦးစို့" လို့ဆိုပြီး သုံးကြိမ်တိုင်တိုင်ပြင်ပြီး ချကြပါတယ်။ သုံးကြိမ်လုံးပင် သဘော်သူကြီးကတော်ချည်း ထပ်ကာထပ်ကာ ကျနေပါသတဲ့။

ဒီတော့ လူတွေက 'ဘယ့်နှယ်လုပ်ရမလဲ' ဆိုတဲ့အနေနဲ့ သဘော်သူကြီး၏မျက်နှာကို ကြည့်ကြပါတယ်။ သဘော်သူကြီးက "ဒီကိစ္စဟာ အများနှင့် ဆိုင်ပါတယ်။ သူတစ်ယောက်အတွက်နှင့် အများကို သေကြေပျက်စီးစေဖို့ကတော့ မသင့်ပါဘူး။ ဒါကြောင့် သဘော်ထုံးစံအတိုင်း သူ့ကို ရေထဲပစ်ချကြပါ" လို့ အခွင့်ပြုလိုက်ပါတယ်။ သဘော်သားတွေ ရေထဲပစ်ချဖို့ ဆွဲငင်ကြတဲ့အခါမှာ အဲဒီ သဘော်သူကြီးကတော်က သေရမှာ ကြောက်ရွာလွန်းလို့ သည်းထန်စွာ ငိုကြွေးမြည်တမ်းပါတယ်။ အဲဒီလို ငိုကြွေး မြည်တမ်းတဲ့အသံကို သဘော်သူကြီးက ကြားရတော့ "ဒီမိန်းမရဲ့ကိုယ်က အဝတ်

mgyoe.com

mgyoe.com


တန်ဆာတွေဟာ ရေထဲမှာ အလကား ပျက်စီးကုန်တော့မယ်။ သူ့ကိုယ်က အဖိုးထိုက်၊ အဖိုးတန် အဝတ်တန်ဆာတွေ အကုန်ဖြုတ်ပြီးတော့ အဝတ်ကြမ်းကလေး တစ်ထည်သာ ဝတ်ပေးကြရမယ်။ ပြီးတော့ ရေထဲမှာ ယက်ကန်ယက်ကန်နှင့် သူပေါ်နေတာကို ငါမကြည့်ရက်ဘူး။ အဲဒါကို မြင်ရလျှင် ငါ့မှာ အများကြီးစိတ်မချမ်းမသာ ဖြစ်နေဦးမယ်။ ဒါကြောင့် ဒီလို မမြင်ရအောင် သူ့လည်ပင်းမှာ သဲအိုးဆွဲပြီးတော့ ပစ်ချကြပါ" လို့ သဘော်သူကြီးက အမိန့်ပေးပါတယ်။ ဒီတော့ သဘော်သားတွေက အဲဒီ အမိန့်အတိုင်းပဲ သဘော်သူကြီးကတော် အမျိုးသမီးကို အဝတ်ကြမ်းတစ်ထည်မျှနှင့် လည်ပင်းမှာ သဲအိုးဆွဲပြီးတော့ ပင်လယ်ထဲကို ပစ်ချလိုက်ကြပါတယ်။ ဒီလို ပစ်ချလိုက်သည်နှင့် တစ်ပြိုင်နက် သဘော်ဟာ ပစ်လိုက်တဲ့မြှားများလို တစ်ဟုန်တည်းထိုးပြီးတော့ ပြေးသွားပါတယ်တဲ့။

အဲဒါကို တွေ့မြင်ကြရတဲ့ ရဟန်းတော်တွေကလည်း မြတ်စွာဘုရားအား လျှောက်ထားဖို့ရာ စဉ်းစားပြီးတော့ လာခဲ့ကြပါတယ်။

## ရဟန်းတော် ခုနစ်ပါး

နောက်ပြီးတော့ ခုနစ်ပါး အရေအတွက်ရှိတဲ့ ရဟန်းတော်တစ်စုကလည်း မြတ်စွာဘုရားထံ ဖူးမျှော်ကန်တော့ရန် လာခဲ့ကြရာ လမ်းခရီးအကြားမှာ ကျောင်းတိုက်တစ်ခုကို တည်းခိုဖို့ ဝင်ရောက်ကြပါတယ်။ အဲဒီကျောင်းတိုက်မှာ လပ်နေတဲ့ လိုဏ်ဂူကြီးတစ်ခုထဲမှာ တည်းခိုနေထိုင်ကြဖို့ ကျောင်းနေရဟန်းတော်များက နေရာချထားပေးပါတယ်။ ဒါကြောင့် အာဂန္တုရဟန်း ခုနစ်ပါးဟာ အဲဒီလိုဏ်ဂူထဲမှာ သီတင်းသုံး နေကြပါတယ်။

ဒီလို သီတင်းသုံးနေခိုက် ညဉ့်အခါမှာ အိမ်အထွတ်လောက် ရှိတဲ့ ကျောက်တုံးကြီးတစ်ခုက တောင်ကမ်းပါးယံမှ ပဲ့ကျလာပြီးတော့ အဲဒီလိုဏ်ဂူရဲ့အဝမှာ ပိတ်ဆို့ပြီး နေပါတယ်။ ဒီတော့ ကျောင်းနေ ရဟန်းတော်များက အနီးပတ်ဝန်းကျင်ရှိ ရွာပေါင်းခုနစ်ရွာမှ လူများကို ဖိတ်ခေါ်ပြီးတော့ အဲဒီကျောက်တုံးကြီးကို ဖယ်ရှားဖို့ တွန်းကြ၊ ဆွဲကြနှင့် အားထုတ်ကြပါတယ်။ ဒီလို ခုနစ်ရက်ပတ်လုံး လူထုအင်အားနှင့် ဖယ်ရှားဖို့ အားထုတ်နေကြသော်လည်း ကျောက်တုံးကြီးကတော့ လှုပ်လို့၊ ရွေ့လို့မရလည်း ရှိနေပါတယ်တဲ့။ ဒါကြောင့် အတွင်းမှာ ပိတ်မိနေတဲ့ အာဂန္တုရဟန်းတော် ခုနစ်ပါးမှာ ဆွမ်းလည်း

mgyoe.com

mgyoe.com


မဘုဦးရ၊ ရေလည်းမသောက်ရဘဲနှင့် ခုနစ်ရက်ပတ်လုံး ဒုက္ခရောက်နေကြပါတယ်။ ခုနစ်ရက်စေ့တဲ့အခါကျတော့ အဲဒီကျောက်တုံးကြီးက သူ့ဟာသူ အလိုလို လိမ့်ကျသွားပြီးတော့ လိုဏ်ဂူအပေါက် ပွင့်သွားပါတယ်။

အဲဒီ ထူးထူးဆန်းဆန်း ဒုက္ခရောက်ပုံကို ကိုယ်တွေ့ခံစားကြရတဲ့ အာဂန္တုရဟန်းတော် ခုနစ်ပါးဟာလည်း မိမိတို့ ကြုံတွေ့ရပုံကို မြတ်စွာဘုရားထံ လျှောက်ထားဖို့ နှလုံးသွင်းပြီးတော့ အဲဒီက ထွက်ခွာလာခဲ့ကြပါတယ်။

အဲဒီလို လျှောက်ထားဖို့ အကြောင်းထူး အသီးသီးနှင့် လာခဲ့ကြတဲ့ ရဟန်းတော်အဖွဲ့ သုံးစုဟာ မြတ်စွာဘုရားထံ တစ်ပေါင်းတည်းဆုံပြီး ရောက်လာကြပါတယ်။ မိမိတို့ ကြုံတွေ့လာခဲ့တဲ့ အကြောင်းထူးများကိုလည်း မြတ်စွာဘုရားအား လျှောက်ထားပြီးတော့ အကြောင်းကံကိုလည်း မေးလျှောက်ကြပါတယ်။ ဒီတော့ မြတ်စွာဘုရားက အဲဒီအကြောင်းအရာတွေဟာ ခံစားရတဲ့ ပုဂ္ဂိုလ်တွေကိုယ်တိုင် ပြုခဲ့တဲ့ ရှေးကံ၏ အကျိုးများ ဖြစ်ကြောင်းကို ရှင်းလင်းဖော်ပြတော်မူတယ်။

## ကျီးရဲ့အတိတ်ကံ

ရှင်းလင်းပြပုံကတော့ အဲဒီ ဒုက္ခတွေ့ရတဲ့ သုံးဦးထဲက မီးလောင်ခံရတဲ့ကျီးဟာ ရှေးတစ်ခုသောဘဝက လယ်သမားဖြစ်ခဲ့လို့ နွားတစ်ကောင်ကို ဝန်ရှန်းခိုင်းဖို့ ထမ်းပိုးကျင့်ပါတယ်။ အဲဒီလို ထမ်းပိုးကျင့်တဲ့အခါမှာ နွားက နွားဆိုး နွားပေ ဖြစ်နေလို့ ခဏလောက်သွားလိုက်ရင်း၊ ဝပ်နေလိုက်ရင်း၊ ခဏလောက် သွားလိုက်ရင်း ဝပ်နေလိုက်ရင်းဖြင့်၊ ဒီလို ခဏခဏ ဝပ်နေဖန်များလာတော့ အဲဒီ လယ်သမားက အလွန်စိတ်ဆိုးလာပါတယ်။ ဒါကြောင့် သူက နွားရဲ့ လယ်ပင်းမှာ ကောက်ရိုးတွေနှင့် ရစ်ပတ်ပြီးတော့ "ဒီလောက် ဝပ်ချင်၊ အိပ်ချင်တဲ့နွား တစ်ခါတည်း ချမ်းသာစွာ အိပ်ပေတော့" လို့ဆိုပြီး မီးနှင့်ရှို့လိုက်ပါသတဲ့။ အဲဒီနွားခမျာလည်း အဲဒီနေရာမှာပဲ မီးလောင်ပြီး သေသွားရရှာပါသတဲ့။ အဲဒီလယ်သမားဟာ ထိုအကုသိုလ်ကံကြောင့် ငရဲမှာ နှစ်ပေါင်းများစွာ ငရဲမီး အလောင်ခံရပြီးတော့ အဲဒီငရဲက လွတ်လာတဲ့အခါမှာလည်း အဲဒီ အကုသိုလ် ကံကြွင်းကြောင့် ကျီးဖြစ်ပြီးတော့ ခုနစ်ဘဝတိုင်တိုင် ဒီလိုပဲ မီးလောင်ပြီးသေရတဲ့အကြောင်းကို မြတ်စွာဘုရားက ရှင်းလင်းထုတ်ဖော်ပြီး ဟောကြားတော်မူပါတယ်။

mgyoe.com

mgyoe.com


## သဘော်သူကြီးကတော်၏ အတိတ်ကံ

ပြီးတော့ ပင်လယ်ထဲပစ်ချခံရတဲ့ သဘော်သူကြီးကတော်ကတော့ ရှေးတစ်ခုသောဘဝက အိမ်ရှင်မအမျိုးသမီး ဖြစ်ခဲ့ပါတယ်။ အဲဒီအိမ်မှာ သူ့ကို အင်မတန်ခင်မင်နေတဲ့ ခွေးတစ်ကောင် ရှိပါတယ်တဲ့။ အဲဒီခွေးက အင်မတန်ခင်မင်နေတဲ့အတွက် အိမ်ရှင်မ သွားလေရာရာကို အမြဲလိုက်နေပါတယ်။ အဲဒီလို ခွေးက နောက်မှ အတူတကွ တကောက်ကောက်လို လိုက်နေတာကို မြင်ကြရတော့ အရပ်ထဲကလူတွေက "ဟဲ့ ခွေးမုဆိုး၊ တောသွားပြီ။ ဒီကနေ့ တို့အမဲသား ရလိမ့်မည်" စသည်ဖြင့် သရော်ကြ၊ ပြောင်လှောင်ကြပါသတဲ့။ ဒါကြောင့် အဲဒီအမျိုးသမီးလည်း ရှက်တာနှင့် ခွေးကို သူ့အနားမလာအောင် ခဲနှင့်ပစ်၊ တုတ်နှင့်ရိုက်ပြီး အမျိုးမျိုးခြောက်ပါတယ်။ ဘယ်လိုပဲရိုက်သော်လည်း ခွေးကတော့ မေတ္တာမပျက်ရှာဘူး။ သူ့နောက်ကို လိုက်မြဲလိုက်၊ လာမြဲ လာနေတာပါပဲတဲ့။

ဒါနဲ့ တစ်နေ့သ၌တော့ အဲဒီအမျိုးသမီးက ခွေးကို အသာတကြည် ခေါ်လိုက်ပါတယ်။ ခွေးကလည်း ဒီလို အသာတကြည် ခေါ်တာကို ကြားရတော့ ဝမ်းပန်းတသာနဲ့ အမြီးနှံ့ပြီး ချဉ်းကပ်လာပါတယ်။ ဒီတော့ လည်ပင်းမှာ သဲအိုးဆွဲပြီးတော့ ခွေးကို ရေထဲတွန်းချလိုက်ပါတယ်။ ခွေးခမျာမှာ ရေထဲနစ်ပြီး သေရရှာပါရောတဲ့။ အဲဒီ မကောင်းမှု အကုသိုလ်ကံကြောင့် ဒီအမျိုးသမီးဟာလည်း ငရဲမှာ နှစ်ပေါင်းများစွာ ခံရပြီးတော့ ငရဲက လွတ်လာတဲ့ အခါမှာလည်း အဲဒီ အကုသိုလ်ကံကြွင်းကြောင့် ဘဝပေါင်း တစ်ရာတိုင်တိုင် ယခုလို လည်ပင်းမှာ သဲအိုးဆွဲပြီး ရေထဲပစ်ချခြင်း ခံရတဲ့အကြောင်းကို မြတ်စွာဘုရားက ရှင်းလင်းထုတ်ဖော်ပြီး ဟောကြားတော်မူပါတယ်။

## ရဟန်းတော်ခုနစ်ပါး၏ အတိတ်ကံ

နောက်ပြီးတော့ လိုဏ်ဂူထဲ အပိတ်ခံရတဲ့ ရဟန်းတော် ခုနစ်ပါးကိုလည်း "ချစ်သားရဟန်းတို့၊ သင်တို့လည်း မိမိတို့ပြုခဲ့တဲ့ မကောင်းမှု၏ အကျိုးကို ခံစားကြရပေသည်" လို့ မိန့်တော်မူပြီးတော့ ရှေးအတိတ်အကြောင်းကို ထုတ်ဖော်ပြီး ပြတော်မူပါတယ်။

ချစ်သားတို့၊ သင်တို့ ခုနစ်ဦးဟာ ရှေးကာလ တစ်ခုသောဘဝက ဗာရာဏသီမြို့နယ်မှာ နွားကျောင်းသား ကလေးသူငယ်များ ဖြစ်ခဲ့ကြတယ်။

mgyoe.com

mgyoe.com


အဲဒီနွားကျောင်းသား ကလေးသူငယ် ခုနစ်ယောက်ဟာ အတူတကွ စုပေါင်းပြီး နွားများကို ထိန်းကျောင်းနေကြရာ တစ်နေ့သောအခါမှာ ဖွတ်ကြီးတစ်ကောင်ကို တွေ့သဖြင့် အဲဒီဖွတ်ကြီးကို လိုက်ကြတယ်။ ဖွတ်ကြီးက တောင်ပို့ထဲ ဝင်သွားတဲ့အခါမှာ နွားကျောင်းသား ခုနစ်ယောက်က သဘောတူတိုင်ပင်ပြီး တောင်ပို့ကြီး၏ အပေါက်ခုနစ်ခုကို အသီးသီး ပိတ်ဆို့ထားခဲ့ကြပါတယ်။ နောက်ရက်မှာ အဲဒီတောင်ပို့ကိုတူးပြီး ဖွတ်ကြီးကိုဖမ်းဖို့ ရည်ရွယ်ထားကြသော်လည်း နောက်ခုနစ်ရက်အတွင်းမှာ အခြားနွားစာကျက်များသို့ အလှည့်ကျပြီး သွားကြရပါတယ်။

ခုနစ်ရက်မြောက်လို့ အဲဒီ နွားစားကျက်ကို ပြန်ရောက်လာကြတဲ့အခါမှာ ဖွတ်ကြီးကို သတိရပြီး တောင်ပို့မှ အပိတ်အဆို့များကို ဖွင့်ကြည့်ကြပါတယ်။ အဲဒီတော့ ခုနစ်ရက်တိုင်တိုင် အစာရေစာ မစားသောက်ရလို့ အင်မတန် ဆာလောင်မွတ်သိပ်ပြီး ပိန်ချုံးနေရှာတဲ့ ဖွတ်ကြီးဟာ ဆာလောင်ရှာလွန်းလို့ ကိုယ့်အသက်ကိုတောင် မငဲ့ကွက်တော့ဘဲ တုန်တုန်ချိချိနှင့် ထွက်လာရှာတယ်။ ဒီလို အရိုးအရေမျှပိန်ချုံးပြီး တုန်တုန်ချိချိနှင့် ထွက်လာတာကို မြင်ရတော့ ကလေးတွေပေမယ့်လို့ သူတို့မှာ သနားတဲ့စိတ် ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် သူတို့က "အေးကွာ သူ့ခမျာ ခုနစ်ရက်တောင်မှ အစာတော်၊ ရေငတ် ဖြစ်နေရှာတယ်။ သနားစရာကောင်းပါတယ်။ ဘယ့်နှယ်မှ မလုပ်ကြ၊ မသတ်ကြပါနှင့်ဟ" လို့ဆိုပြီးတော့ ဖွတ်ကြီးရဲ့ကျောကုန်းကို လက်နှင့် သာသာယာယာ ပွတ်သပ်ပြီး "ကဲ– မင်းအလိုရှိရာ ချမ်းချမ်းသာသာ သွားပေတော့" လို့ဆိုပြီး ဆားမဲ့လွှတ်လိုက်ကြပါတယ်။

အဲဒီ နွားကျောင်းသား ကလေးသူငယ်များမှာတော့ ဖွတ်ကြီးကို မသတ်တဲ့အတွက် ပါဏာတိပါတ အကုသိုလ်ကံ မမြောက်ဘူး။ ဒါကြောင့် သူတို့မှာ ငရဲကိုတော့ မကျရဘူး။ ဒါပေမဲ့ ဖွတ်ကြီးကို တောင်ပို့ကဲမှာ ခုနစ်ရက်တိုင်တိုင် ပိတ်ထားခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံကြောင့် ယခုနောက်ဆုံးဘဝမှာလည်းပဲ တောင်ခေါင်းထဲမှာ သူ့အလိုလိုပိတ်ပြီးတော့ ခုနစ်ရက်တိုင်တိုင် အစာငတ်၊ ရေငတ်နှင့် တစ်ဆယ့်လေးဘဝတိုင်တိုင် ဆင်းရဲဒုက္ခကို ခံစားကြရတဲ့အကြောင်းကို မြတ်စွာဘုရားက ရှင်းလင်းထုတ်ဖော်ပြီး ဟောကြားတော်မူခဲ့ပါတယ်။

လူကြီးမင်းများခင်ဗျား။

အကုသိုလ်တွေကို လွယ်လွယ်နဲ့ ထထလုပ်နေကြတဲ့ နိုင်ငံရေးသမား

mgyoe.com

တွေဟာ ဒီသာဓကတွေကိုကြည့်ပြီး၊ အထူးသံဝေဂရကြဖို့ ကောင်းတယ်။ သူတို့ရဲ့ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံးကို အထူးကြိုးစားပြီး ထိန်းကြဖို့ ကောင်းတယ်။

လူကြီးမင်းများခင်ဗျား။

အခု ကျွန်တော်ပြောပြခဲ့တဲ့ သာဓကတွေကို အမျိုးအစား ခွဲခြားလိုက်ရင် သုံးမျိုးသုံးစား ရပါတယ်။ ၎င်းတို့မှာ –

(၁) ကောင်းတဲ့ အတိတ်ကံတွေ ရှိခဲ့လို့၊ ကောင်းကျိုးတွေရခဲ့တဲ့ သာဓကတွေ၊

(၂) ကောင်းတဲ့အတိတ်ကံတွေ မရှိခဲ့လို့၊ ကောင်းကျိုးမရခဲ့တဲ့ သာဓကတွေ၊

(၃) မကောင်းတဲ့ အတိတ်ကံတွေ ရှိခဲ့လို့၊ မကောင်းကျိုးတွေ ရခဲ့တဲ့ သာဓကတွေပဲ ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျား။

အခု ကျွန်တော် ဆက်ပြီးပြောချင်တဲ့ သာဓက,ကတော့ တခြား မဟုတ်ပါဘူး။ မကောင်းတဲ့အတိတ်ကံ မရှိခဲ့လို့၊ တစ်ဖက်သားက မကောင်းအောင် ဘယ်လောက်လုပ်ပေမဲ့၊ ဒုက္ခမရောက်ခဲ့ရတဲ့ သာဓကပဲ ဖြစ်ပါတယ်။

## ဃောသကသူဌေးကြီး

ကောသမ္ဗီပြည်၌ ပြည့်တန်ဆာမတစ်ဦးဝယ် သားတစ်ယောက်ဖွားလျှင် ဖွားခြင်း စာံမြက်ချေးစွန့်ရာ အရပ်၌ ပစ်ထား၏။ ထိုသို့ ပစ်ထားသည်ကို လူတစ်ယောက်ကတွေ့၍ သားအမှတ်ဖြင့် ကောက်ယူမွေးထား၏။

ကောသမ္ဗီ သူဌေးကြီးသည်လည်း ထိုနေ့ညနေ ဘုရင်၏ညီလာခံတွင် ပုရောဟိတ်နှင့်တွေ့၍ ယနေ့တွေ့ကြုံသော နက္ခတ်အကြောင်း ကောင်း၊ မကောင်း မေးမိရာ ပုရောဟိတ်က နက္ခတ်ကောင်းကြောင်း၊ ယနေ့ ဖွားသူသည် ဤကောသမ္ဗီပြည်၌ သူဌေးကြီးဖြစ်လတ္တံ့ဟု ပြောပြလိုက်၏။ ကောသမ္ဗီ သူဌေးကြီးလည်း မိမိ၏ သူဌေးကတော်၌ ကိုယ်ဝန်အရင့်အမာရှိနေ၍ ယနေ့ ဖွားပါစေဟု ဆုတောင်းရင်း အိမ်ပြန်လာခဲ့ရာ သူဌေးကတော်ကား ထိုနေ့မဖွားပေ။

သို့ဖြစ်၍ ထိုနေ့ဖွားသူ သူငယ်ကို လိုက်လံရှာဖွေရာ အထက်ပါ ပြည့်တန်ဆာမ၏ သားကိုတွေ့၍ ငွေတစ်ထောင်ပေးပြီး ဝယ်ယူကာ ငါ၏

mgyoe.com


သူဌေးကတော်၌ သမီးမွေးလျှင် ဤသူငယ်နှင့် ထိမ်းမြားအံ့၊ သားမွေးလျှင် ဤသူငယ်ကို သတ်အံ့ဟု ကြံစည်လျက် ဃောသကဟု နာမည်ပေး၍ မွေးထားလေ၏။

သူငယ်ကိုမွေးပြီး လေးငါးရက်အရတွင် သူဌေးကတော်၌ သားယောကျ်ား ဖွားခဲ့လေ၏။

## ပထမအကြိမ်သတ်စေခြင်း

ကောသမ္ဗီသူဌေးကြီးသည် မိမိရည်ရွယ်ချက်အတိုင်း ဃောသကသတို့သားကို နွားခြံတံခါးဝ၌ နွားများထွက်ချိန် သွား၍ထားချေ။ သေမသေလည်း ကြည့်ခဲ့ဟု လူယုံအထိန်းမိန်းမကို သေချာစွာမှာကြား၍ ခိုင်းလေ၏။ အထိန်းမိန်းမလည်း မှာတိုင်းပြုလုပ်လေ၏။ နွားလားဥသဘကြီးသည် သူငယ် မသေစိမ့်သောငှာ သူငယ်ကို မထိပါးရအောင် သူငယ်အထက်ကခွ၍ စောင့်ရှောက်ထားလေ၏။ ထိုအချင်းအရာကို နွားကျောင်းသားမြင်၍ သားအမှတ်ဖြင့် ကောက်ယူသွားလေရာ ကောသမ္ဗီသူဌေးကြီးက ငွေတစ်ထောင်ပေးပြီး လိုက်၍ ဝယ်ယူပြန်လေ၏။

## ဒုတိယအကြိမ်

ဒုတိယအကြိမ် အထက်ပါအတိုင်း သုသာန်တစ၌ သွား၍ပစ်ထား၏။ ထို အခါ သုသာန်ထဲရှိဆိတ်မကြီးတစ်ကောင်က လာ၍နို့တိုက်၏။ ထိုအချင်းအရာ ကို ဆိတ်ကျောင်းသားမြင်လျှင် သားအမှတ်ဖြင့် ကောက်ယူလေရာ ကောသမ္ဗီ သူဌေးကြီးက ငွေတစ်ထောင်ပေးပြီး လိုက်၍ဝယ်ယူပြန်လေ၏။

## တတိယအကြိမ်

လှည်းပေါင်း ၅၀၀ လာရာ လှည်းလမ်းမ၌ သွား၍ချထား၏။ သူငယ်ကို ပထမဆုံး တွေ့သောလှည်းမှ နွားတို့လန့်၍ နောက်ဆုတ်ကြရာ လှည်းသမား မြင်၍ သားအမှတ်ဖြင့် ကောက်ယူသွား၏။ သူဌေးကြီးက ငွေတစ်ထောင် ပေးပြီး လိုက်၍ဝယ်ပြန်၏။

## စတုတ္ထအကြိမ်

မြို့နှင့် မနီးမဝေး တောင်ကမ်းပါးပြတ်မှ ပစ်ချစေရာ ဝါးချုံကြီးတစ်ခုပေါ်၌

mgyoe.com

mgyaye.com


ကျ၍ ကျူထရုံသည် သားအဖမြင်ကာ ကောက်ယူပြန်၏။ သူဌေးကြီးက ငွေတစ်ထောင်ပေးပြီး လိုက်ဝယ်ပြန်၏။

လေးကြိမ်တိုင် သတ်၍မသေဘဲနေမှ သူဌေးကြီးသည် ဃောသကကို မိမိသားနှင့်အတူ မွေးမြူလေ၏။ သူငယ်နှစ်ယောက်ကား ညီအစ်ကိုအရင်း ပမာ ချစ်ခင်ကြ၏။ သို့သော် သူဌေးကြီးသည် ဃောသကကို ပညာသင်၍ မပေးပေ။ ဤသို့ဖြင့် အရွယ်ရောက်၍ လာပေတော့သည်။

## ပဥ္စမအကြိမ်

သူဌေးကြီးသည် အိုးထိန်းသည် (အိုးလုပ်သူ) တစ်ယောက်ထံသွားပြီး မိမိ၏ သားယုတ်မာတစ်ယောက်ကို အိုးဖုတ်သောအထဲ၌ ထည့်၍ သတ်ပေးပါဟု ပြောဆိုကာ ငွေတစ်ထောင်ပေးပြီး အချိန်းအချက်ပြုလုပ်၍ ဃောသကအား အိုးထိန်းသည်ထံ လွှတ်လိုက်လေ၏။ ဃောသကကလည်း သူဌေးကြီးအမိန့် အရ အိုးထိန်းသည်အိမ်သို့ လာခဲ့ရာ လမ်းတွင် ဂုံညင်းထိုးတမ်း ကစားနေ သော မိမိ၏ညီ (သူဌေးကြီး၏ သားရင်း) နှင့်တွေ့၍ သားရင်းက မိမိမှာ ဂုံညင်းထိုးရာ၌ ရှုံးနေသဖြင့် ကူပြီးထိုးပေးရန် ပြောလေ၏။ ဃောသကက အိုးထိန်းသည်အိမ်သို့ ဖခင်သူဌေးကြီးက ခိုင်းထား၍ သွားရမည်ဖြစ်ကြောင်း ပြောရာ သားရင်းက မိမိသွားမည်။ ဂုံညင်းသာ ကူပြီး နိုင်အောင်ထိုးထားနှင့် ပါဟုဆိုကာ အလုပ်ချင်းလဲ၍ သားရင်းက အိုးထိန်းသည်အိမ် သွားလေ၏။ ရောက်လျှင် အိုးထိန်းသည်အား မိမိသည် ကောသမ္ဗီသူဌေးကြီး၏ သားဖြစ် ကြောင်း၊ ယခုလွှတ်လိုက်၍ လာရကြောင်း ပြောပြရာ အိမ်ထဲခေါ်ကာသတ်၍ နုတ်နုတ်စဉ်းပြီး အိုးဖုတ်သော အိုးဖိုထဲ၌ ထည့်သွင်း မီးတိုက်လိုက်လေ၏။ ညနေတွင် ဃောသကသည် အိမ်သို့ပြန်လာရာ သူဌေးကြီးက အိုးထိန်းသည် ထံ ရောက်ခဲ့၏လောဟု မေးမှ အကြောင်းစုံကိုပြောပြ၍ သူဌေးကြီးမှာ ယူကျုံး မရ ဖြစ်သွားရလေ၏။

## ဆဋ္ဌမအကြိမ်

သူဌေးကြီးလည်း ဃောသကအတွက် မိမိသားရင်း သေရသည်ဟု အပြစ် တစ်ခု ထပ်ဆင့်တိုးကာ ဃောသကအပေါ်၌ ရေးကထက် ပိုမိုအမျက်ထား လာလေ၏။ သတ်ရန်ကိုသာ မလျှော့သောလုံ့လဖြင့် ကြံနေလေ၏။ သို့ဖြစ်၍

mgyaye.com

mgyoe.com


တစ်နေ့၌ တောနယ် (ဇနပုဒ်) ရှိ မိမိ၏အမှုလုပ်ငယ်သားတစ်ဦးထံ သွားရန် ဃောသကအား စေလွှတ်လိုက်လေ၏။ ထိုသို့ စေလွှတ်ရာ၌ စာရေးပြီးပေး လိုက်၏။ ဤစာကို ရိုသေစွာ ပုဆိုးစွန်၌ထုပ်ပြီး ယူသွားလေ။ မည်သူ့အားမျှ မပြလေနှင့်ဟု မှာလိုက်၏။ ထို့ပြင် ရိက္ခာအတွက် လမ်းခရီးတွင် ငါ၏မိတ်ဆွေ တောသူဌေးတစ်ဦး ရှိသည်။ ၎င်းအိမ်၌ဝင်ပြီး တည်းခိုနားနေ စားသောက် လေ။ ငါ၏သားဟုပြောလျှင် ကျွေးမွေးပြုစုလိမ့်မည်ဟု မှာလိုက်၏။ ဃောသက လည်း သူဌေးကြီး၏ အမိန့်အတိုင်း စာကိုယူ၍ လာခဲ့လေ၏။ စာကား ဘာစာဟူ၍ မသိပေ။ (ဃောသကမှာ ငယ်စဉ်က စာမသင်ခဲ့ရ၍ စာမတတ် ပေ။) ဃောသကသည် လမ်းခရီး တောသူဌေးအိမ်ရောက်၍ ဝင်ရောက်ပြော ဆို နားနေရင်း ထမင်းစားပြီး တရေးတမော အိပ်နေလေ၏။ ထိုတောသူဌေး တွင် သမီးပျိုရှိ၏။ ထိုသမီးပျိုသည် ဃောသကဟူသော အသံကို ကြားရုံနှင့် ချစ်ခင်ခြင်းဖြစ်ကာ ရုပ်ကိုလာကြည့်၏။ အိပ်နေသည်ကို တွေ့ရ၏။ ပုဆိုး စွန်၌ ထုပ်ထားသောစာကို အိပ်ပျော်နေစဉ် တိတ်တိတ်ဖြေ၍ ဖတ်ကြည့်လေရာ အံ့အားသင့်သွား၏။ အကြောင်းမူကား စာတွင် "ယခု ငါ့သား ဃောသက ကို လွှတ်လိုက်သည်။ ရောက်လျှင် သတ်လိုက်ရန် ဖြစ်သည်" ဟု ပါရှိနေ သောကြောင့် ဖြစ်ပေ၏။ သူဌေးသမီးပျိုသည် "တယ်မိုက်တဲ့ သတ္တဝါပဲ။ ကိုယ့်ကိုသတ်တဲ့စာကို ယူလာတယ်" ဟု စဉ်းစားပြီး စာတစ်စောင် အသစ် ရေးကာ ထိုစာနှင့်လဲလှယ်၍ ပုဆိုးစွန်၌ ပြန်လည် ထုပ်ပေးထားလိုက်လေ၏။ အသစ်လဲလှယ်သောစာ၌ ပါသည်ကား –

"ငါ၏သား ဃောသကရောက်လျှင် တောနယ်သူဌေး မည်သူ၏ သမီးပျိုနှင့် မင်းက ကမကထပြုလုပ် ထိမ်းမြားပြီး မင်းထံ၌ပင် ၎င်းတို့ ဇနီး မောင်နှံကို ထိန်းသိမ်းကြည့်ရှုထားပါလေ" ဟူ၍ဖြစ်၏။

(မှတ်ချက်။ ။ တောသူဌေး သမီးပျိုမှာ လွန်ခဲ့သော လေးဘဝ မြောက်က ဃောသက၏မယား ဖြစ်ခဲ့ဖူး၏။)

ဃောသကလည်း အိပ်ရာမှနိုးလျှင် ခရီးဆက်သွားလေ၏။ ရောက် လျှင် စာကိုပြရာ သူဌေးကြီး အမှုလုပ်သားလည်း အားရဝမ်းသာ တောသူဌေး ကို သမီးတောင်းပြီး ဃောသကလင်မယားကို မိမိထံ၌ပင် နေစေလေ၏။ ထိုအကြောင်းကို ကောသမ္ဗီပြည်က သူဌေးကြီးကြားလျှင် ထိုအခါမှစပြီး စိတ္တဇဝေဒနာဖြစ်ကာ အိပ်ရာထဲ၌ လဲခဲ့လေသည်။

mgyoe.com

mgyoe.com


သူဌေးကြီးသည် မိမိသေလျှင် မိမိ၏အမွေကို ဃောသကရမည်စိုး၍ မိမိသေခါနီး ဃောသကကို ခေါ်ယူရာ ဃောသက၏မယားက အတွင်းသိ ဖြစ်၍ သူဌေးကြီးရောဂါအခြေကို စုံစမ်းကာ သေခါနီးမှ လင်မယားနှစ်ယောက် လာခဲ့လေ၏။ သူဌေးကြီးသည် ဃောသကကိုမြင်လျှင်–

"ငါ၏ ပစ္စည်းမှန်သမျှ ငါ၏သား ဃောသကကို မပေး" ဟု ဆိုလို လျက်နှင့် "မပေး" ဟု မဆိုဖြစ်ဘဲ "ပေး၏" ဟု ကယောင်ကတမ်း ဆိုမိလေ၏။

ထိုအခါ ဃောသကမယားက အတွင်းသိဖြစ်၍ နောက်တစ်ကြိမ် မဆိုနိုင်အောင် လူးလိမ့်ပွတ်သပ် ငိုချလိုက်ရာ ထိုအခိုက် သူဌေးကြီးသေ သွားလေ၏။

သူဌေးကြီးသေလျှင် သူဌေးကြီးရာထူးကို သားဖြစ်သူ ဃောသကအား ရှင်ဘုရင်က ခေါ်ပေး၍ သူဌေးကြီးဖြစ်လေ၏။

အဲဒီ ဃောသကရဲ့ သာဓကေကိုကြည့်ပြီး၊ ကိုယ့်မှာ မကောင်းတဲ့ အတိတ် ကံပါမလာရင်၊ ဘယ်သူကပဲ မကောင်းအောင်လုပ်လုပ်၊ မကောင်းမဖြစ် ရဘူးဆိုတာ ထင်ရှားနေပါတယ်။

လူကြီးမင်းများခင်ဗျား။

ဒီသာဓကေတွေကို နားထောင်ပြီးတဲ့နောက် အတိတ်ကံဟာ၊ ဘယ်လောက် ထိ အရေးကြီးတယ်ဆိုတာကို၊ သဘောပေါက်ကြပြီလို့ ကျွန်တော် ယုံကြည် ပါတယ်။ အဲဒါကြောင့် ပစ္စုပ္ပန်ကံအကြောင်းကို ကျွန်တော် ဆက်ပြီးပြောချင် ပါတယ်။

လူကြီးမင်းများခင်ဗျား။

အတိတ်ကံဟာ အရေးကြီးတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့၊ ဒီ အတိတ်ကံကို အကုန်လုံး မြင်နိုင်တာ၊ မြတ်စွာဘုရားက လွဲပြီး မရှိပါဘူး။ ဘယ်သူမှ ဘယ်အတိတ်ကံတွေတော့ ရှိလေရဲ့၊ ဘယ်အတိတ်ကံတွေတော့ မရှိဘူးဆိုတာကို အကုန်အစင်၊ တိတိကျကျ၊ မြတ်စွာဘုရားမှ ပြောနိုင်တယ်။ တခြားပုဂ္ဂိုလ်တွေ မပြောနိုင်ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ဟာ ကျွန်တော် တို့မှာ ဘယ်လိုအတိတ်ကံတွေ ပါလာတယ်၊ ဘယ်လိုအတိတ်ကံတွေ မပါ ဘူးဆိုတာ၊ ကျွန်တော်တို့ မမြင်နိုင်ကြဘူး။ ဒါကြောင့် လုံ့ထမ်းလာတာကို သာ မြင်နိုင်တယ်။ ကံထမ်းလာတာကို မမြင်နိုင်ဘူးလို့ ရှေးလူကြီးများ ပြောသမှတ်ပြုကြတာကို လူကြီးမင်းတွေ ကြားဖူးကြမှာပေါ့။

mgyoe.com

mgyoe.com


အဲဒီတော့ အတိတ်ကံဟာ ကျွန်တော်တို့မြင်နိုင်တဲ့ အရာမဟုတ်တဲ့ အတွက်၊ ဒီအတိတ်ကံကိုချည်းပဲ ကျွန်တော်တို့ အားကိုးနေလို့ မဖြစ်ဘူး။ ပစ္စုပ္ပန်ကံကိုလည်း ကျွန်တော်တို့ အားကိုးရမယ်။

အမှန်စင်စစ်ဆိုရင် ဘာပဲဖြစ်ဖြစ်၊ အတိတ်ကံကြောင့်ချည်းပဲ ဖြစ်ရတယ်လို့၊ ပစ္စုပ္ပန်ကံကို မျက်ခြည်ပြတ်ပြီး၊ အတိတ်ကံ တစ်ခုတည်းကိုသာ စွဲထားရင်၊ ပုဗ္ဗေကတဟေတုဝါဒထဲ ဝင်သွားပြီး ဗုဒ္ဓဘာသာဝင်စင်စစ်က မိစ္ဆာဒိဋ္ဌိတောင် ဖြစ်သွားနိုင်သေးတယ်။

လူကြီးမင်းများခင်ဗျား။

ကျွန်တော်တို့ဟာ အတိတ်ကံကိုချည်းပဲ အားကိုးမနေဘဲ၊ ပစ္စုပ္ပန်ကံကိုလည်း အားကိုးရမယ်လို့ အခုပဲ ကျွန်တော် ပြောခဲ့ပြီးပါပြီ။ ဘာကြောင့် ပစ္စုပ္ပန်ကံကို အားကိုးရမယ်ဆိုတာကို တစ်ချက်စီ ကျွန်တော် ရှင်းပြပါရစေ။

(၁) အတိတ်ကံအကျိုးပေးတဲ့ နေရာမှာ ပစ္စုပ္ပန်ကံက အထောက်အပံ့ဖြစ်စေတယ်။ အထင်ရှားဆုံး သာဓကကြီးကတော့ ကျွန်တော်တို့ မြတ်စွာဘုရားပဲ။

မြတ်စွာဘုရားဟာ အလောင်းတော်ဘဝက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဘုရားဖြစ်အောင် ပါရမီဖြည့်ခဲ့တယ်။ ဘုရားဖြစ်အောင် ကောင်းမှုကုသိုလ်တွေ လုပ်ခဲ့တယ်။ နောက်ဆုံးမှာ သိဒ္ဓတ္ထမင်းသား ဖြစ်လာတယ်။ အဲဒီလို ဖြစ်လာပြီး၊ တောမထွက်ဘဲ ဒုက္ကရစရိယာ မကျင့်ဘဲ၊ နန်းစည်းစိမ်နဲ့သာ ပျော်မွေ့နေမယ်ဆိုရင် စကြာမင်းဖြစ်သွားမယ်။ ဘုရားဖြစ်နိုင်မှာ မဟုတ်ဘူး။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ပေမဲ့ ဘုရားဖြစ်အောင် တောထွက်ခြင်း၊ ဒုက္ကရစရိယာကျင့်ခြင်း ဆိုတဲ့ ပစ္စုပ္ပန်ကံတွေနဲ့ အတိတ်ကံတွေကို အထောက်အပံ့ ပေးခဲ့ရသေးတယ်။

လူကြီးမင်းများခင်ဗျား။

အတိတ်ကံတွေ ဘယ်လောက်ရှိနေပေမဲ့ ပစ္စုပ္ပန်ကံရဲ့ အထောက်အပံ့ မရလို့ အတိတ်ကံတွေက အကျိုးမပေးနိုင်တဲ့ သာဓကတစ်ခုကို ကျွန်တော် ထုတ်ပြပါ့မယ်။

## မဟာသေဋ္ဌိဝတ္ထု

မြတ်စွာဘုရားသခင် ရွှေလက်ထက်တော် အခါဝယ်၊ မဟာသေဋ္ဌိ အမည်ရှိတဲ့ သူဌေးကြီးဟာ မိမိရဲ့ မိဘတို့အထံမှ ကုဋေ (၈၀)၊ မိမိခင်ပွန်းမရဲ့ မိဘတို့ထံမှ

mgyoe.com

mgyoe.com


ကုဋေ (၈၀)၊ အားလုံးပေါင်း ကုဋေ (၁၆၀) ကို အမွေရခဲ့ပါတယ်။ ဒီသူဌေးကြီးဟာ ပထမအရွယ်မှာ လုံ့လဝီရိယကို အားထုတ်လုပ်ကိုင်ပြီး ဥစ္စာပစ္စည်းကို ရှာမှီးစုဆောင်းရင်း၊ ပထမတန်း သူဌေးကြီးဖြစ်ဖို့ အတိတ်ကံနဲ့ ပြည့်စုံတယ်။

ဒုတိယအရွယ်မှာ လုံ့လဝီရိယကို အားထုတ်လုပ်ကိုင်ရင်၊ ဒုတိယတန်း သူဌေးကြီးဖြစ်ဖို့ အတိတ်ကံနဲ့ ပြည့်စုံတယ်။

တတိယအရွယ်မှာ လုံ့လဝီရိယကို အားထုတ်လုပ်ကိုင်ရင်၊ တတိယတန်း သူဌေးကြီးဖြစ်ဖို့ အတိတ်ကံနဲ့ ပြည့်စုံတယ်။

လောကုတ္တရာ ဘက်ကို ဝင်ပြီး၊ ပထမအရွယ်မှာ တရားကို အားထုတ်ရင်၊ သူဌေးကြီးက ရဟန္တာ၊ သူဌေးကတော်ကြီးက အနာဂါမ် ဖြစ်ထိုက်တဲ့ အတိတ်ကံနဲ့ ပြည့်စုံတယ်။

ဒုတိယအရွယ်မှာ တရားအားထုတ်ရင် သူဌေးကြီးက အနာဂါမ်၊ သူဌေးကတော်ကြီးက သကဒါဂါမ် ဖြစ်ထိုက်တဲ့ အတိတ်ကံနဲ့ ပြည့်စုံနေတယ်။

တတိယအရွယ်မှာ တရားအားထုတ်ရင် သူဌေးကြီးက သကဒါဂါမ်၊ သူဌေးကတော်ကြီးက သောတာပန် ဖြစ်ထိုက်တဲ့ အတိတ်ကံနဲ့ ပြည့်စုံနေတယ်။

ဒီလို လောကီ၊ လောကုတ္တရာ ၂ ဌာနလုံးမှာပဲ ကြီးပွားနိုင်လောက်တဲ့ အတိတ်ကံနဲ့ ပြည့်စုံပေမဲ့ ပစ္စုပ္ပန်ကံ ချို့တဲ့နေတဲ့အတွက် အမွေရလိုက်တဲ့ ကုဋေ ၁၆၀ ကုန်ပြီး၊ သူတောင်းစားအဖြစ်နဲ့ ဘဝဆုံးခဲ့ရရှာတယ်။

(၂) ပစ္စုပ္ပန်ကံဟာ အတိတ်ကံမရှိလို့ ဒီဘဝမှာ အကျိုးမပေးနိုင်သည့်တိုင်အောင် နိဗ္ဗာန်မရမီစပ်ကြား၊ နောင်ဘဝတွေမှာ အတိတ်ကံအဖြစ်နဲ့ အကျိုးပေးနိုင်တယ်။ အချည်းနှီး မဖြစ်ဘူး။

(၃) မူလစုထားတဲ့ ငွေကို ထိုင်ပြီးသုံးနေတာကြောင့် ကုန်ခန်းမသွားစေဘဲ ငွေရသမျှရှာပြီး၊ နောက်ထပ် စုပေးရသလို၊ အတိတ်ကံကိုလည်း ကုန်ခန်းမသွားစေဘဲ၊ ပစ္စုပ္ပန်ကံသစ်တွေကို ရသမျှလုပ်ပြီး အတိတ်ကံတွေမှာ ဖြည့်ပေးရမယ်။

(၄) ပစ္စုပ္ပန်ကံဟာ တော်ရုံတန်ရုံ ဆိုးတဲ့အတိတ်ကံကို အကျိုးဆိုး မပေးနိုင်အောင် တားမြစ်ပေးနိုင်တယ်။ အဲဒီလို တားမြစ်ပေးခဲ့တဲ့ သာဓကတွေထဲက ထင်ရှားတဲ့ သာဓကတစ်ခုကို ထုတ်ပြီးပြပါ့မယ်။

mgyoe.com

mgyoe.com


## အာယုဝဍ္ဎနဝတ္ထု

မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိတော်မူစဉ်က ပုဏ္ဏားကြီးတစ်ဦးဟာ မိမိသားမယားနဲ့တကွ ရှေးက မိတ်ဆွေဖြစ်ခဲ့ဖူးတဲ့ ဆရာရသေ့ဆီကို သွားပြီး ရှိခိုးကြတယ်။ ပုဏ္ဏားကြီးလင်မယား ရှိခိုးတဲ့အခါ ရသေ့ကြီးက အသက်ရှည်ပါစေသတည်းလို့ ဆုပေးတယ်။ သားငယ်ကလေး ရှိခိုးတဲ့အခါကျတော့ အသက်ရှည်ပါစေလို့ ဆုမပေးဘူး။ ဘာဖြစ်လို့ ဆုမပေးသလဲလို့ ပုဏ္ဏားကြီးကို စုံစမ်းကြည့်တဲ့အခါ သားငယ်ကလေးဟာ ၇ ရက်ကြာရင် သေလိမ့်မယ်လို့ ရသေ့ကြီးက ပြန်ပြောတယ်။ အသက်ရှည်အောင် လုပ်ပေးဖို့ ပုဏ္ဏားကြီးက တောင်းပန်တဲ့အခါ သူတော့ မလုပ်တတ်ဘူး။ မြတ်စွာဘုရားဆီကို သွားလို့ ရသေ့ကြီးက ညွှန်ကြားလိုက်တယ်။

ပုဏ္ဏားလင်မယားလည်း မြတ်စွာဘုရားဆီကို သွားပြီး၊ ရှေးကလိုပဲ ကန်တော့ကြတယ်။ မြတ်စွာဘုရားကလည်း ပုဏ္ဏားလင်မယားကိုသာ အသက်ရှည်ပါစေလို့ ဆုပေးတယ်။ သားငယ်ကျတော့ ဆုမပေးဘူး။ စုံစမ်းကြည့်တဲ့အခါ ရသေ့ကြီးပြောသလိုပဲ မြတ်စွာဘုရားက အမိန့်ရှိတယ်။

ပုဏ္ဏားလင်မယားက အသက်ရှည်အောင် လုပ်ပေးဖို့ ထပ်မံလျှောက်ထားတဲ့အခါ၊ မြတ်စွာဘုရားက အောက်ပါအတိုင်း အမိန့်ရှိတယ်။

"အသင်ပုဏ္ဏား၊ အသင်သည် မိမိအိမ်၌ မဏ္ဍပ်ကနား ဆောက်လုပ်ပါ။ မဏ္ဍပ်၏အလယ်၌ ထိုသူငယ်ကို နေပါစေ။ နေရာ ၈ ခုတို့ကို သူငယ်၏ ပတ်လည်မှာခင်းပါ။ အဲဒီနေရာ ၈ ခုမှာ သံဃာတော် ၈ ပါးကိုဖိတ်ပြီး ၇ ရက်ပတ်လုံး ပရိတ်ရွတ်ပါစေ။ အဲဒီပရိတ်တရားတော်ကို အသင်၏ သားငယ်နာရရင် ဒီကလေးဟာ အသက် ၁၂၀ ရှည်လိမ့်မယ်" လို့ မြတ်စွာဘုရားက အမိန့်ရှိလိုက်တယ်။

ပုဏ္ဏားလင်မယားလည်း မြတ်စွာဘုရား အမိန့်ရှိတဲ့အတိုင်း လုပ်ကြတယ်။ ၇ ရက်မြောက်တဲ့နေ့မှာ မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွလာပြီး ချီးမြှောက်တော်မူတယ်။ ဒီကလေးဟာ အာယုဝဍ္ဎနလို့ တွင်ပြီး၊ မြတ်စွာဘုရား အမိန့်ရှိတဲ့အတိုင်း အသက် ၁၂၀ ရှည်သွားတယ်။

လူကြီးမင်းများခင်ဗျား။

အာယုဝဍ္ဎန သတိုးသားလို ပစ္စုပ္ပန်ကံကြောင့် အသက်ရှည်ရတဲ့ ဝသဘမင်း အကြောင်းကို ကျွန်တော် ဆက်ပြီးဖော်ပြလိုပါတယ်။

mgyoe.com

mgyoe.com

## ဝသဘမင်းဝတ္ထု

သီဟိုဠ်ကျွန်း၌ ဝသဘမင်းကြီးသည် နန်းတက်တော်မူလေသည်။ ထိုအခါ တပ်အပ်သေချာ မှန်ကန်စွာ ဟောပြောပြသနိုင်သော ပုဏ္ဏားဖြူ ပုဏ္ဏားညို တို့ကို စည်းဝေးစေလျက် မိမိ၏ဇာတာကို တွက်ချက် စစ်ဆေးသောအခါ ၁၂ နှစ်မျှသာ နန်းသက်ရှိကြောင်းကို ကောင်းစွာ လျှောက်ထားကြကုန်၏။ ထိုအခါ ငါ၏နန်းသက်ကို ထို့ထက် တိုးတက်ရှည်စေရန် ကြံနိုင်ပါသည် လောဟု မေးမြန်းလေလျှင် "အရှင်မင်းမြတ်၊ ရဟန္တာ အရှင်မြတ်တို့သည်သာ အသက်ရှည်ခြင်း အကြောင်းကို ကောင်းစွာသိကြပါသည်" ဟု လျှောက်ထား ကြကုန်၏။ ထိုအခါ ရဟန္တာအရှင်မြတ်တို့ထံသို့ ချဉ်းကပ်လျက် အသက် ရှည်ခြင်းအကြောင်းကို မေးမြန်း လျှောက်ထားလေလျှင် ရဟန္တာအရှင်မြတ် တို့က ရေစစ်အလှူ ကျောင်းအလှူ သူနာအား အထောက်အပံ့ဖြစ်သော ဆေးအလှူ ပျက်စီးယိုယွင်းသော အဆောက်အဦတို့ကို ပြင်ဆင်ခြင်း၊ ငါးပါး သီလတို့ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစေခြင်း၊ ဥပုသ်နေ့၌ ဥပုသ်စောင့်သုံးခြင်း ဟူသော အသက်ရှည်ခြင်း အကြောင်းတရားတို့ကို ဟောကြားတော်မူလိုက်ရာ ဟောကြားတော် မူလိုက်သည့်အတိုင်း နာခံ၍ ပစ္စုပ္ပန်ကံဟု ဆိုအပ်သော ပယောဂ သမ္ပတ္တိကို အားထုတ်သည့်အတွက် နန်းသက် ၄၄ နှစ် အသက် ရှည်ဖူးကြောင်းကို မဟာဝင်စာကိုယ်၌ ပြဆိုတော်မူအပ်၏။

လူကြီးမင်းများခင်ဗျား။

အခု ကျွန်တော်ပြခဲ့တဲ့ အချက်ကြီး လေးချက်ကြောင့် ပစ္စုပ္ပန်ကံတွေ ဖြစ်အောင် အစွမ်းကုန် ကြိုးစားအားထုတ်ရမယ်ဆိုတာကို လူကြီးမင်းများ သဘောပေါက်ပြီလို့ ကျွန်တော် ယုံကြည်ပါတယ်။

အဲဒီလိုဆိုရင် ဒီပစ္စုပ္ပန်ကံတွေကို ဘယ်လိုအားထုတ်ကြရမလဲ။ ဒီ မေးခွန်းကို ကျွန်တော် ကြိုးစားပြီးဖြေပါ့မယ်။

လူကြီးမင်းများခင်ဗျား။

ကောင်းတဲ့ ပစ္စုပ္ပန်ကံတွေကို ဖြစ်စေချင်တဲ့ နိုင်ငံရေးသမားတစ်ယောက် ဟာ ရှေးဦးစွာ။

(၁) မကောင်းတဲ့ အလုပ်ကို ရှောင်ရမယ်။

(၂) မကောင်းတဲ့ အပြောကို ရှောင်ရမယ်။

(၃) မကောင်းတဲ့ စိတ်ထားကို ရှောင်ရမယ်။

mgyoe.com

mgyoe.com


အဲဒီတော့ နိုင်ငံရေးသမားတစ်ဦးအတွက် မကောင်းတဲ့အလုပ်ဆိုတာ ဘာလဲ၊ မကောင်းတဲ့ အလုပ်ဆိုတာ။

(က) သူ့အသက်ကို သတ်ခြင်း၊

(ခ) သူ့ဥစ္စာကို ခိုးခြင်း၊ လာဘ်စားခြင်း၊ အသင်းရန်ပုံငွေကို အလွဲ သုံးစားလုပ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အလောင်းအစား ကစား ခြင်း၊

(ဂ) ကာမဂုဏ်တို့မှာ ယုတ်ယုတ်မာမာ ကျင့်ခြင်းတို့ပင် ဖြစ်ပါတယ်။

(ကာမဂုဏ်တို့မှာ ယုတ်ယုတ်မာမာ ကျင့်ခြင်းဆိုတာ တခြားမဟုတ်ပါ။ ယောကျ်ားကလည်း မိမိမယား၊ မယားကလည်း မိမိယောကျ်ားနှင့် မဟုတ်ဘဲ တစ်ပါးသော မိန်းမ၊ တစ်ပါးသောယောကျ်ားတို့နှင့် ကာမကျူးလွန်ခြင်း၊ သေရည်သေရက် သောက်ခြင်းတို့ပင် ဖြစ်ပါတယ်။)

မကောင်းတဲ့ အပြောဆိုတာ ဘာလဲ၊ မကောင်းတဲ့အပြောဆိုတာ ...

(က) လိမ်ပြောခြင်း၊

(ခ) တစ်ဦးနဲ့တစ်ဦး မသင့်မမြတ်ဖြစ်အောင် ကုန်းတိုက်ပေးခြင်း၊

(ဂ) ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊

(ဃ) သိမ်ဖျင်းသောစကားကို ပြောဆိုခြင်း တို့ပင် ဖြစ်ပါတယ်။

မကောင်းတဲ့စိတ်ထားဆိုတာ ဘာလဲ၊ မကောင်းတဲ့စိတ်ထားဆိုတာ ...

(က) သူတစ်ပါးစည်းစိမ်ကို ငါ့ဟာဖြစ်ရင် ကောင်းလေစွလို့ ကြံစည် ခြင်း၊

(ခ) သေကြေပျက်စီးသွားရင် ကောင်းလေစွလို့ သူတစ်ပါးကို ပြစ်မှား ခြင်း၊

(ဂ) ကံ၊ ကံရဲ့အကျိုးကို မယုံကြည်ခြင်းတို့ ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျား။

ကောင်းတဲ့ ပစ္စုပ္ပန်ကံတွေကို ဖြစ်စေချင်တဲ့ နိုင်ငံရေးသမားတစ်ဦးဟာ အခုပြောခဲ့တဲ့ မကောင်းတဲ့ အလုပ်တွေ၊ မကောင်းတဲ့ အပြောတွေ၊ မကောင်းတဲ့ စိတ်ထားတွေကို ရှေးဦးစွာ ရှောင်ကြဉ်ရပါလိမ့်မယ်။ ဒီလိုရှောင်ကြဉ်ပြီးတော့မှ ပုညကြိယာ ဝတ္ထု ဆယ်ပါးလို့ခေါ်တဲ့ စီးပွားချမ်းသာ နောင်သံသရာကျိုးရဲ့ တည်ရာဖြစ်လို့ စင်စစ် ပြုထိုက်တဲ့ ကုသိုလ်ကောင်းမှု ဆယ်ပါးကို အားထုတ် ကြရမယ်။

mgyoe.com

mgyoe.com


ဒီကုသိုလ်ကောင်းမှု ဆယ်ပါးကတော့ ...

(၁) တတ်နိုင်သလောက် ပေးကမ်းစွန့်ကြဲခြင်း၊ မေတ္တာနဲ့ပဓာနလုပ်တဲ့ အနေနဲ့ ပရိတ်များကို တတ်နိုင်သလောက် ရွတ်ခြင်း၊

(၂) ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲပြီး တတ်နိုင်သလောက် ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး သီလတို့ကို စောင့်ထိန်းခြင်း၊

(၃) ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်တို့ကို တတ်နိုင်သလောက် အာရုံပြုခြင်း၊ ဂုဏ်တော်တွေကို အာရုံပြုပြီး ပုတီးစိပ်ခြင်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခြင်း၊

(၄) ရိုသေထိုက်သူကို ရိုသေခြင်း၊

(၅) သူတစ်ပါးရဲ့ သာရေး၊ နာရေး ကိစ္စတွေမှာဖြစ်ဖြစ်၊ တစ်ဖက်သားအား အကျိုးကျေးဇူး ဖြစ်စေနိုင်မယ့် ကိစ္စတွေမှာဖြစ်ဖြစ်၊ အပင့်အဖိတ်ကို မစောင့်ဘဲ တတ်စွမ်းသရွေ့ အကူအညီပေးခြင်း၊

(၆) ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပြီးတိုင်း မိမိရဲ့ကောင်းမှုကုသိုလ်ကို လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါများ အားလုံးသို့ အမျှဝေခြင်း၊

(၇) သူတစ်ပါးက အမျှဝေရင်၊ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း၊

(၈) နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို မကြာခဏ ကြားနာခြင်း၊

(၉) နိဗ္ဗာန်ရောက်ကြောင်း တရားများနဲ့ ပတ်သက်ပြီး မိမိကိုယ်တိုင် တတ်သရွေ့ကို ဟောပြောခြင်း၊

(၁၀) ကံ၊ ကံရဲ့အကျိုးကို ယုံကြည်သည်ထက် ယုံကြည်လာအောင် ကြိုးစားအားထုတ်ခြင်း ... ဆိုတဲ့ ကုသိုလ်ကောင်းမှု ဆယ်ပါးပဲ ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျား။

ကျွန်တော့်ရဲ့ မိန့်ခွန်းအစက ဉာဏ်နဲ့ ဝီရိယက ထောက်ပံ့ကူညီမှ ကံ၏အကျိုးကိုစ ပြီးစီးနိုင်တယ်လို့ ကျွန်တော် ပြောခဲ့တာကို လူကြီးမင်းများ မှတ်မိကြပါလိမ့်မယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံရေးသမားတွေမှာ ကောင်းတဲ့ ပစ္စုပ္ပန်ကံတွေ ဖြစ်စေချင်ရင်၊ ဒီကံရဲ့ အကူအညီ အထောက်အပံ့တွေ ဖြစ်ကြတဲ့ ဉာဏ်နဲ့ ဝီရိယလည်း ကောင်းဖို့လိုပါတယ်။ အဲဒီတော့ ရှေးဦးစွာ ဉာဏ်ကောင်းဖို့အတွက် ဘာတွေလုပ်ရမယ် ဆိုတာကို ကျမ်းဂန်ထဲက ထုတ်ပြီး ပြလိုပါတယ်။

mgyoe.com

mgyoe.com


လူကြီးမင်းများခင်ဗျား။

ဉာဏ်ကောင်းချင်တဲ့ နိုင်ငံရေးသမားတစ်ဦးဟာ ...

(၁) အဖန်တလဲလဲ မေးမြန်းစုံစမ်းတဲ့ အလေ့အထဖြစ်အောင် လုပ်ရမယ်။

(၂) ကိုယ့်ကိုယ်ကို သန့်သန့်ရှင်းရှင်း ထားရမယ်။ ကိုယ်နေတဲ့ နေရာနဲ့ ပတ်ဝန်းကျင်ကို သန့်သန့်ရှင်းရှင်း ထားရမယ်။

(၃) လူကောင်းဖြစ်လိုသူတိုင်းမှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုတဲ့ ဣန္ဒြေငါးပါး ရှိရမယ်။ ဒီဣန္ဒြေငါးပါးကို ညီညီမျှမျှရှိအောင် ညှိနှိုင်းနိုင်ရမယ်။

(၄) ပညာမဲ့တဲ့သူကို ရှောင်ရမယ်။

(၅) ပညာရှိကို မှီဝဲဆည်းကပ်ရမယ်။

(၆) နက်နဲတဲ့ ကျမ်းဂန်တို့ကို သင်အံလေ့လာရမယ်။

(၇) ဉာဏ်ပညာတိုးပွားရာ တိုးပွားကြောင်းကိုသာ အဖန်တလဲလဲ နှလုံးသွင်းရမယ်။

လူကြီးမင်းများခင်ဗျား။

ဉာဏ်ကောင်းအောင်လုပ်တဲ့ နည်းတွေကို ကျွန်တော် ပြောပြီးလို့ ဝီရိယကောင်းအောင် လုပ်တဲ့နည်းတွေကို ကျွန်တော် ပြောရပါလိမ့်မယ်။ ဒီနည်းတွေကို မပြောခင် ဝီရိယရဲ့ သဘောတွေကို ကျွန်တော် ရှင်းပြလိုပါတယ်။

လူကြီးမင်းများခင်ဗျား။

ဝီရိယမှာ ဆန်းကြယ်တဲ့ သဘောကြီး ၁၅ မျိုး ရှိပါတယ်။ ဒီသဘောတွေကတော့ ...

(၁) ထိုထိုသော အမှုအလုပ်တို့ကို လွန်စွာ အားထုတ်တတ်သော သဘော၊

(၂) ပျင်းရိသော သူ့ရဲ့အဖြစ်က ထွက်မြောက်တတ်သော သဘော၊

(၃) တစ်ဆင့်ထက် တစ်ဆင့် မြင့်ရာသို့ ရောက်စေတတ်သော သဘော၊

(၄) တစ်ဆင့်ထက် တစ်ဆင့် မြင့်အောင် အားထုတ်တတ်သော သဘော၊

(၅) အထူးသဖြင့် လွန်စွာ အားထုတ်တတ်သော သဘော၊

(၆) ခက်ခဲကြီးကျယ်သော ဝန်ကြီးဝန်ငယ် အသွယ်သွယ်တို့ကို မဖယ် မဆန် လွန်စွာ သည်းခံတတ်သော သဘော၊

mgyoe.com

mgyoe.com

(၇) အတိုင်းထက်အလွန် ထူးချွန်စွာ အားထုတ်တတ်သော သဘော၊
(၈) မိမိပြုအပ်သော အလုပ်တို့ကို မဆုတ်မနစ် စင်စစ် မြဲစွဲတတ်သော သဘော၊
(၉) မိမိအပေါင်းအဖော်တို့ရဲ့ တာဝန်ကို ကျေပြွန်စွာ ရွက်ဆောင်တတ်သော သဘော၊
(၁၀) မလျော့သော လုံ့လရှိသောသူဟု ခေါ်ဝေါ်ရခြင်း အကြောင်းဖြစ်သော သဘော၊
(၁၁) မိမိအလိုရှိအပ်၊ လုပ်ဆောင်အပ်သော ဝန်ကြီးဝန်ငယ် အသွယ်သွယ်တို့ကို မပယ်မချတတ်သော သဘော၊
(၁၂) မိမိထံသို့ ရောက်လာသော ဝန်တို့ကို လွန်စွာ ဆောင်တတ်သော သဘော၊
(၁၃) ရေမြေသေဌ်နင်း ပြည့်ရှင်မင်းပမာ ကောင်းစွာ စိုးပိုင်စေတတ်သော သဘော၊
(၁၄) လူပျင်း၊ လူပေါ့တို့သည် တုန်လှုပ်ချောက်ချား စေအပ်သော်လည်း ဖောက်ပြန်တုန်လှုပ်ခြင်း မရှိသော သဘော၊
(၁၅) ဖောက်ပြန်ခြင်း မရှိမူ၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သဘော ဆိုတဲ့ သဘော ၁၅ ချက်ပင် ဖြစ်ပါတယ်။

ဒီသဘောတွေနဲ့ ပြည့်စုံနေတဲ့အတွက် ဘုရားအစရှိတဲ့ ပညာရှိတွေက ဝီရိယကို အားထားကြဖို့ တိုက်တွန်းခဲ့ကြတဲ့ မိန့်မှာချက်များကို အကျဉ်းချုံးပြီး ဖော်ပြလိုပါတယ်။

လူကြီးမင်းများခင်ဗျား။

ကံကိုယုံကြည်သော သူပင်ဖြစ်လင့်ကစား၊ မိမိ၏ ခွန်အား ဗလ လုံ့လ ဝီရိယကို ဘယ်အခါမျှ မစွန့်လွှတ်လိုက်ရာ။ ဝီရိယဖြင့် မပြုလုပ်လျှင် နှမ်းမှပင် ဆီကို ထုတ်၍ယူခြင်းငှာ မစွမ်းနိုင်ရာလို့ ဟိတောပဒေသက ဆိုထားပါတယ်။

လုံ့လဝီရိယနှင့် ပြည့်စုံသောသူ၏ အထံသို့သာ ကျက်သရေမင်္ဂလာ ထွေထွေရာရာသော ပစ္စည်းဥစ္စာတို့သည် မိမိတို့ အလိုအလျောက် ကပ်ရောက်၍ လာကြကုန်၏။ လုံ့လဝီရိယ ကင်းသော လူပေါ့၊ လူပျင်းတို့သည်ကား ကံက ပေးသည်။ ဘုရားက ပေးသည်ဟူ၍ ပြောကြားကြကုန်၏။ ကံကို

mgyoe.com

mgyoe.com

မယူပယ်ရား အသာထား၍ မိမိတို့ ခွန်အားဗလဖြင့် ယောကျ်ားတကာတို့ ပြုသင့်ပြုထိုက်သော လုံ့လဝီရိယကို ပြုလုပ်အားထုတ်ပါလျက်နှင့်မှ မိမိတို့ အလိုရှိအပ်သောအကျိုး မပြီးခဲ့ကြသည် ဖြစ်ပါက ထိုသို့ လုံ့လ ဝီရိယကို အားထုတ်ခြင်းကြောင့် အဘယ်အပြစ်ရှိပါအံ့နည်း ဟူ၍လည်း ဟိတောပဒေသ က ထပ်ဆင့်၍ ဆိုလိုက်ပြန်ပါသေးတယ်။

ဒီမျှ မကသေးဘူး။ ဟိတောပဒေသက ဝီရိယနဲ့ ပတ်သက်ပြီး အထူး မှတ်သားဖွယ် အချက်တွေကို ဆိုထားတာ တွေ့ရှိပါသေးတယ်။ ဆက်ပြီး ဖတ်ပြပါဦးမယ်။

## ဟိတောပဒေသ

(၁) တစ်ခုတည်းသော ဘီးကို တပ်ဆောင်သောအားဖြင့် ရထား၏ သွားခြင်းသည် မဖြစ်နိုင်ရာသကဲ့သို့ လုံ့လဝီရိယနှင့် ကင်းပ၍ ဘုရားက သော်လည်းကောင်း၊ ကံက သော်လည်းကောင်း တစ်စုံတစ်ခုသော အကျိုးကိုမျှ မပြီးနိုင်။

(၂) အိုးထိန်းသည်သည် အနီး၌ထားအပ်သော မြေစိုင်ခဲမှ မြေကိုယူလျက် အလိုရှိတိုင်း အလိုရှိတိုင်းသော အိုးခွက်ဟူသမျှတို့ကို ပြုလုပ်ရသကဲ့သို့ ထို့အတူ ဤလောက၌ ရှိရှိသမျှသော သတ္တဝါမှန်သမျှတို့သည် ရှေးဘဝက ပြုခဲ့ဖူးသော မိမိတို့၏ ကောင်းမှုကံ၊ မကောင်းမှုကံကို ဉာဏ်ဝီရိယတို့ဖြင့် အလိုရှိတိုင်း ပြုပြင်နိုင်ကြကုန်၏။

လူကြီးမင်းများခင်ဗျား။

အခုဖတ်ပြခဲ့တဲ့ ဟိတောပဒေသ ဆုံးမစကားတွေဟာ နိုင်ငံရေးသမား တွေအတွက် အထူးမှတ်သားဖွယ်ရာ ကောင်းတဲ့ စကားတွေ ဖြစ်ပါတယ်။

ဒီဝီရိယနဲ့ပတ်သက်ပြီး သိကြားမင်းရဲ့ အင်မတန် မှတ်သားဖွယ်ရာ ကောင်းတဲ့ စကားလည်း ရှိပါသေးတယ်။ အခုလိုအခွင့်ရတုန်း ကျွန်တော် ပြန်ပြီး ပြောပြချင်ပါတယ်။

အဲဒီအခါက သိကြားမင်းနဲ့ အသုရာတို့နဲ့ စစ်ဖြစ်နေကြတဲ့အခါ ဖြစ် တယ်။ အဲဒီတော့ သိကြားမင်းက သူ့ရဲ့ သားတော်တွေဖြစ်တဲ့ သုဝီရ၊ သုနေတ္တ တို့ကို ခေါ်ပြီး၊ အသုရာတွေကို စစ်ထွက်တိုက်ဖို့ ပြောတယ်။ သားတော်တွေ ကလည်း ပျင်းနေကြလို့ ခမည်းတော် သိကြားမင်း ပြောတဲ့အတိုင်း ထွက်မတိုက်

mgyoe.com

mgyoe.com


ကြဘူး။ အဲဒီတော့ သိကြားမင်းဟာ စိတ်တိုလာတယ် ထင်ပါရဲ့။ သူ့သားတော်တွေကိုခေါ်ပြီး "ကဲ–သုဝီရနဲ့ သုနေတ္တတို့။ ဝီရိယ အားမထုတ်ရလည်း ချမ်းသာသုခရနိုင်တဲ့ အရပ်ဆိုတာ ရှိတယ်ဆိုရင် မောင်ကြီးသားတို့ အဲဒီအရပ်ကို ကြွပါတော့။ မင်းတို့ရဲ့အဖေ ငါသိကြားကိုလည်း အဲဒီအရပ်ကို ပို့ပေးကြစမ်းပါ" လို့ သားတော်တွေကို ဆုံးမရခဲ့ဖူးတယ်။

လူကြီးမင်းများခင်ဗျား။

ဒီမျှ မကသေးပါဘူး။ သိင်္ဂါလောဝါဒသုတ်မှာ ဝီရိယနဲ့ပတ်သက်ပြီး မြတ်စွာဘုရား ဟောကြားထားခဲ့တာကိုလည်း ဆက်ပြီး ကြားနာကြဦးစို့။

(၁) ဤအခါကား အလွန်တရာ ချမ်းလှသေး၏။ ဤအခါကား အလွန်တရာ ပူလှသေး၏။ ဤအခါကား အလွန်တရာ မိုးချုပ်လှသေး၏။ ဤအခါကား အလွန်တရာ စောလှသေး၏ဟု နှလုံးပြု၍ အလုပ်အကိုင်ကို လက်လွှတ်၍ ထားကြကုန်သော လူပျင်းတို့အား လောကီ၊ လောကုတ္တရာ ၂ ဖြာသော အကျိုးတရားတို့သည် အလွန်တရာ ပျက်ပြားဆုတ်ယုတ်ကြကုန်၏။

(၂) ဤလောက၌ အကြင်သူသည် အချမ်းကိုလည်းကောင်း၊ အပူကိုလည်းကောင်း၊ မတွက်ချက်ဘဲ မြက်မျှလောက်သာ အောက်မေ့၏။ ထိုသူသည် ယောကျာ်းတို့ ပြုအပ်သော လုံ့လဝီရိယတို့ကို ပြုလုပ်အားထုတ်သည့် အမှုကြောင့် ယခု တမလွန် ၂ တန်သော ချမ်းသာသုခမှ မဆုတ်ယုတ်၊ လျှော့ကျခြင်း မရှိနိုင်ရာ။

(၃) ယုတ်သော လုံ့လဝီရိယရှိသော သူတို့၏ ပစ္စည်းဥစ္စာသည် လုံ့လဝီရိယရှိသော သူတို့၏ ပစ္စည်းဥစ္စာအဖြစ်သို့ ရောက်လတ်သည်ရှိသော် ယုတ်သော လုံ့လဝီရိယရှိသော သူတို့က ရှေးကံသာ ပဓာနဟူ၍ ဆိုကြကုန်၏။

လူကြီးမင်းများခင်ဗျား။

အခု ဖတ်ပြခဲ့တာတွေကတော့ သိင်္ဂါလောဝါဒသုတ်မှာ မြတ်စွာဘုရားဟောခဲ့တဲ့ ဝီရိယနဲ့ပတ်သက်တဲ့ တရား ဖြစ်ပါတယ်။ နိုင်ငံရေးသမားတွေအတွက် အထူးမှတ်သားဖို့ကောင်းတဲ့ အချက်တစ်ချက်ကို ဓမ္မပဒထဲက ထုတ်ပြီး ပြလိုပါသေးတယ်။

အကြင်သူသည် လွန်စွာပျင်းရိ ဆုတ်နစ်သော လုံ့လဝီရိယ ရှိသည်ဖြစ်၍

mgyoe.com

mgyoe.com


အနှစ်တစ်ရာ အသက်ရှည်၏။ ထိုသူ၏ အသက်ရှည်ခြင်းသည် တစ်စုံတစ်ခု သော အကျိုးမျှ မခံစားရ၍ မမြတ်။

ဝီရိယတရားကို လွန်စွာ ကြိုးကုတ်အားထုတ်သော သူ၏ တစ်နေ့ တစ်ရက်မျှ အသက်ရှည်၍ နေရခြင်းသည် မြတ်သေး၏။

ပျင်းတတ်တဲ့ နိုင်ငံရေးသမားတွေ၊ ဒီဓမ္မပဒ ဆုံးမစာကို အထူးမှတ် သားကြဖို့ ကျွန်တော် လေးနက်စွာ ထပ်မံတိုက်တွန်းလိုပါတယ်။

လူကြီးမင်းများခင်ဗျား။

ဝီရိယဟာ ဘယ်လောက် အရေးပါအရာရောက်တယ် ဆိုတာကို မြတ်စွာဘုရား အစရှိတဲ့ ပညာရှိတွေ မိန့်ကြားထားခဲ့တဲ့ အချက်တွေထဲက ထုတ်နုတ်ဖော်ပြခဲ့ပြီးပါပြီ။ ရှုံးပြီလို့ ယူဆရမယ့် စစ်ပွဲတစ်ပွဲဟာ ဝီရိယကြောင့် အနိုင်ရခဲ့ဖူးတဲ့ သာဓကတစ်ခုကို ကျွန်တော် ဖော်ပြလိုပါတယ်။

## ဝီရိယအစွမ်းကြောင့် သိကြားမင်း စကားအမှားဖြစ်ရပုံ

ရှေးလွန်လေပြီးသောအခါ ဤဇမ္ဗူဒိပ်ကျွန်း၌ ကလိင်္ဂရာဇ်မင်းကြီးနှင့် အသက မင်းကြီးတို့သည် စစ်ပြိုင်ခြင်းအကျိုးငှာ မိမိတို့၏ နယ်နိမိတ်မှာ စစ်စခန်း ချရပ်ကာ နေကြကုန်၏။ ထိုမင်း ၂ ပါးတို့တွင် အသကမင်းကြီး၏ စစ်သည် တပ်သားတို့မှာ လွန်စွာနည်းပါးကုန်၏။ သူ့ရဲကောင်း တစ်ထောင်မျှသာ ရှိ၏။ ကလိင်္ဂရာဇ်မင်းကြီး၏ စစ်သည်တို့ထက် အဆအရာ အထောင်မက များပြား၏။ ကလိင်္ဂရာဇ်မင်းကြီး ကိုယ်တိုင်ကလည်း စစ်ရေးစစ်ရာ၌ လွန်စွာ နားလည်ခြင်း၊ နားလည်သည့် အလျောက်လည်း စစ်ထိုးရန် အလွန်ဝါသနာ ပါခြင်း၊ ဝါသနာပါသည့် အလျောက်လည်း စစ်ပွဲတိုင်းမှာ အောင်ပန်းကို ရခြင်း၊ ဤကဲ့သို့သော ဂုဏ်အင်္ဂါတို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ လွန်စွာ ထင်ရှား ကျော်စောသည့်အတွက် ထိုကလိင်္ဂရာဇ်မင်းနှင့် စစ်ဖက်ပြိုင်ဝံ့မည့် မင်းဟူ၍ အလျဉ်းမရှိသလောက်ပင် ဖြစ်၏။ ဤသို့ စစ်တက် စစ်ဆင်သော အရေး အရာ၌ မိမိကိုယ်တိုင်ကလည်း ကျွမ်းကျင်လိမ္မာ၍ စစ်သည်ဗိုလ်ပါကလည်း အဆအရာ၊ အဆအထောင်မက များပြားလှသဖြင့် ဇမ္ဗူဒိပ်ကျွန်း တစ်ကျွန်း လုံးကပင် ကလိင်္ဂရာဇ်မင်းကြီးက အနိုင်ရလိမ့်မည်ဟူ၍ မှတ်ယူကြကုန်၏။

အသကမင်းကြီး၏ စစ်ဘုရင်ချုပ်ကြီးဖြစ်သော နန္ဒိသေန စစ်သူကြီး တစ်ယောက်တည်းကသာလျှင် မိမိ၏ ဉာဏ်ပညာနှင့် လုံ့လဝီရိယကို အား

mgyoe.com

mgyoe.com


ကိုး၍ စစ်သည်တပ်သားပင် နည်းပါးငြားသော်လည်း ဝီရိယတရားကို အားထုတ်က မုချပင် မိမိတို့က အနိုင်ရလိမ့်မည်ဟူ၍ မှတ်ယူယုံကြည်၏။

ကလိင်္ဂရာဇ်မင်းကြီးကမူ မိမိတို့ကပင် မုချအနိုင်ရမည်ဟူ၍ မှတ်ငြားသော်လည်း ခြားနားသေချာစွာ သိလိုသော နှလုံးထားနှင့် မထင်ရှားသော အသွင်ဖြင့် စစ်ဆင်ရာ စစ်တလင်း၏အနီး၌ တစ်ကိုယ်တည်း သီတင်းသုံး၍ နေသော ရသေ့တစ်ပါး၏အထံသို့ ချဉ်းကပ်ပြီးလျှင် "အရှင်ရသေ့၊ ယခုအခါ ကလိင်္ဂရာဇ်မင်းကြီးနှင့် အသကမင်းကြီးတို့ စစ်ကစားကြရာ မည်သူက အောင်နိုင်ခြင်းသို့ ရပါမည်နည်း" ဟု လျှောက်ထားသောအခါ၊ "ဒါယကာ၊ ငါကား မသိပါ။ သို့ပင် မသိငြားသော်လည်း နက်ဖြန် မိုးသောက်သောအခါ ငါ၏အထံသို့ ခစားရန်အလို့ငှာ သိကြားမင်း လာပါလိမ့်မည်။ ထိုအခါမှ သိကြားမင်းကို မေးမြန်းကာ သင့်အား ပြန်ကြားပါမည်" ဟူ၍ ပြောလိုက်၏။ နက်ဖြန် မိုးသောက်သောအခါ မိမိအထံသို့ ခစားဆည်းကပ်ရန် လာသော သိကြားမင်းအား ထိုအကြောင်းကို မေးလေလျှင် "အရှင်ဘုရား၊ အသကမင်းကြီးရှုံး၍ ကလိင်္ဂရာဇ်မင်းကြီးက အနိုင်ရပါလိမ့်မည်" ဟု လျှောက်ထား၍ ပြန်သွားလေ၏။

ရသေ့လည်း နောက်တစ်နေ့၌ မိမိအထံသို့လာသော ကလိင်္ဂရာဇ်မင်းကြီးအား ထိုအကြောင်းကို ပြန်ကြားလိုက်၏။ ထိုစကားသည် တစ်ဆင့်က တစ်ဆင့်ပွား၍ ဘုရင်မင်း ၂ ပါးတို့၏ စစ်သည်တော်သား အားလုံးတိုင်အောင် ပျံ့နှံ့၍သွားလေ၏။ ထိုအခါ ကလိင်္ဂရာဇ်မင်းကြီးနှင့်တကွ ထိုစစ်သည်တပ်သားတို့သည်ကား မိမိတို့မှာ အသကမင်းကြီး၏ စစ်သည်တော်များထက် အဆအထောင်မက များသည့်အတွက် ပထမကပင် မိမိတို့က အောင်ပန်းကို ရလိမ့်မည်ဟူ၍ မှတ်ထင်ကာ ပေါ့လျော့စွာနေကြရာတွင် တစ်ဖန်ပင် ထပ်မံ၍ မိမိတို့၏ အနိုင်ရလိမ့်မည်ဟု သိကြားမင်းက ပြောသွားသောစကားကို ကြားသိပြန်သောအခါ ပမာမပြု သာ၍ပင် ပေါ့ပေါ့စားစား ကစားမြူးထူးကာ ပျော်ရွှင်စွာ နေကြကုန်၏။

အသကမင်းကြီးနှင့် အသကမင်းကြီး၏ စစ်သည်တော်သားတို့မှာမူကား ပကတိအားဖြင့် စစ်သည်တော်တပ်သား အလွန်နည်းပါးလှသဖြင့် မိမိတို့ကပင် ရှုံးလိမ့်မည်ဟုထင်၍ မနိုင်နိုင်ကြောင်း ကောင်းစွာအားထုတ်၍ တိုက်ဖို့၊ ခိုက်ဖို့ရန် ပြင်ဆင်နေကြရာတွင် သိကြားမင်းက မိမိတို့ ဆုံးရှုံးခြင်း

mgyoe.com

mgyoe.com


ကို ရလိမ့်မည်ဟူ၍ ပြောသောစကားကို ကြားရသောအခါ သာ၍ပင် ဝီရိယ ကိုအားထုတ်၍ ကျုံးမြောင်း၊ မြေကတုတ်၊ လက်နက်ကိရိယာမှအစ စစ်နှင့် စပ်ဆိုင်၍ ပြုသင့်ပြုထိုက်သော အရာဟူသမျှတို့ကို တစ်စမကျန် ကောင်းစွာ ပြုပြင်စီမံပြီးလျှင် စစ်တက် စစ်ဆင်ရန် နည်းနာနယတို့ကိုသာ ကောင်းစွာ သင်ကြား၍ အသင့်စီမံကာ ထားကြကုန်၏။

ထို့နောက် စစ်တိုက်ရန် အချိန်ကျရောက်၍ တိုက်စည်တိုက်မောင်း များကို တီးဆော်လိုက်သောအခါ အသကမင်းကြီး၏ စစ်သည်တော် တပ်သား တို့သည်ကား ပကတိကပင် အဆင်သင့် နေရာတကျပြင်ဆင်၍ သင်ကြား ထားကြသည့်အတွက်၊ မိမိတို့က အောင်နိုင်လိမ့်မည် အထင်နှင့် အဆင်သင့် ပြင်ဆင် သင်ကြားခြင်းမရှိကြမူ၍ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေကုန် ကြသော မိမိတို့ထက် အဆအရာ အဆတစ်ထောင်မက များသော ကလိင်္ဂရာဇ် မင်းကြီး၏ စစ်သည်တော် တပ်သားတို့ကို အချက်ကျစွာ ကျီးများကို မောင်း နှင်လိုက်သည့်ပမာ ကောင်းစွာ တိုက်ခိုက်၍ ပြေးစေ၏။

ကလိင်္ဂရာဇ်မင်းကြီးနှင့် ကလိင်္ဂရာဇ်မင်းကြီး၏ စစ်သည်တော်တပ် သားတို့မှာကား မိမိတို့က နိုင်လိမ့်မည်ဟု အထင်နှင့် ပေါ့လျော့စွာ နေမိသည့် အတွက် ဘယ်အချက်မှာ ဘယ်ပုံ တိုက်ခိုက်ရမည် မသိမူ၍ အကွပ်မရှိသော ကြမ်း၊ အထိန်းမရှိသော ချည်ခင်ကဲ့သို့ အံ့အားသင့်ပြီးလျှင် ကစင့်ကရဲ ဦး တည်ရာ ပြေးကြရကုန်၏။ ထိုသို့ ထွက်ပြေးရသောအခါ ကလိင်္ဂရာဇ်မင်း ကြီးက မိမိတို့၏ လုံ့လဝီရိယ ပေါ့လျော့ခြင်းကြောင့် ရှုံးခြင်းသို့ ရောက်ရ သည်ကို သတိမထားမူ၍ မိမိတို့က အောင်နိုင်လိမ့်မည်ဟု ပြောကြားသော ရသေ့အား ရသေ့ရဟန်းတို့ မည်သည်မှာ ဤကဲ့သို့ မဟုတ်မတရား မုသား ပြောဆိုခြင်းငှာ သင့်ပါ၏လော။ ကလိင်္ဂရာဇ်မင်းကြီးက နိုင်လိမ့်မည်ဟု သင် ပြောဆိုသည့် အရာဝယ် အဘယ်မှာ နိုင်ပါသနည်းဟု ဆဲရေးမြည်တမ်းကာ သွားလေ၏။

ရသေ့လည်း ထိုနောက်တစ်နေ့၌ ခစားဆည်းကပ်ခြင်းငှာ လာသော သိကြားမင်းအား အသင် သိကြားမင်း၊ အသင်တို့ နတ်များသည် မဟုတ် မတရား၊ မုသားပြောဆိုခြင်းငှာ သင့်ပါ၏လောဟု စောကြောမေးစစ်လေလျှင် အရှင်ရသေ့၊ ကလိင်္ဂရာဇ်မင်းကြီးက နိုင်လိမ့်မည်၊ အသကမင်းကြီးက ရှုံး လိမ့်မည်ဟု ပြောကြားရာ၌ တပည့်တော်များက မည်သူ့အားကိုမျှ ဣဿာ မစ္ဆရိယရှိ၍ လိမ်လည်လှည့်ဖျား မဟုတ်မတရား ပြောကြားသည့်အရာ မဟုတ်

mgyoe.com

mgyoe.com


ပါ။ အကယ်၍ ကလိင်္ဂရာဇ်မင်းကြီးက ပေါ့လျော့ခြင်းမရှိမူ၍ မိမိ၏ လုံ့လဝီရိယကို အားထုတ်ပါက မုချနိုင်လိမ့်မည် အဖြစ်ကိုသာ ရည်သန်၍ ပြောဆိုရခြင်း ဖြစ်ပါသည်။ ယခုမူကား ကလိင်္ဂရာဇ်မင်းကြီးနှင့်တကွ ယင်း၏ စစ်သည်တော် တပ်သားတို့သည် မိမိတို့က အောင်ပန်းကို ရကြလိမ့်မည်ဟု လုံ့လဝီရိယကို ပေါ့လျော့ကြကုန်၏။ အသကမင်းကြီး၏ စစ်သည်တော် တပ်သားတို့မှာမူကား မတိုက်မီ ရှေးအဖို့ကပင် လုံ့လကြိုးကုတ် အားထုတ်ပြီးကာ ကောင်းစွာ အဆင်သင့်ပြင်ဆင် သင်ကြားကာ ထားကြ၏။ တိုက်သောအခါ၌လည်း မဆုတ်မနစ်သော ဝီရိယဖြင့် အသက်ကို အသေခံ၍ တိုက်ကြကုန်၏။ ဤသို့လျှင် အသကမင်းကြီးက ဝီရိယနှင့် ပြည့်စုံခြင်း။ ကလိင်္ဂရာဇ်မင်းကြီးက လုံ့လဝီရိယ ပေါ့လျော့ခြင်းကြောင့် အသကမင်းကြီးက အောင်ပန်းကိုရခြင်း၊ ကလိင်္ဂရာဇ်မင်းကြီးက လုံ့လဝီရိယ ပေါ့လျော့သည့်အတွက် ရှုံးရခြင်း ဖြစ်ပါသည် အရှင်ဘုရားဟု လျှောက်ထား၍ မိမိနေရာသို့ ပြန်သွားလေ၏။

ဒီဝတ္ထုကိုကြည့်ပြီး သိကြားမင်းက ရှုံးရမယ်လို့ ပြောတာတောင်၊ လုံ့လဝီရိယရှိရင် နိုင်,နိုင်တယ်လို့ ဆိုတာကို ကျွန်တော်တို့တွေ ကောင်းကောင်း မှတ်ထားကြရမယ်။

လူကြီးမင်းများခင်ဗျား။

ဝီရိယဟာ အခုလို ထူးတဲ့တရားဖြစ်တဲ့အတွက် မြတ်စွာဘုရားသခင်ဟာ အဘိဓမ္မာပိဋကတ် ဉာဏဝိဘင်းငါးပါး၊ ပါဠိတော်မြတ်မှာ ဝီရိယရဲ့ သတ္တိထူး ၄ မျိုးကို အထူးထုတ်ဖော် ဟောကြားခဲ့ပါတယ်။ ဒီသတ္တိထူး လေးခုရဲ့ အကျဉ်းချုပ်ကတော့–

(၁) အချို့သော မကောင်းမှုကံတို့သည် ကောင်းသော လုံ့လဝီရိယ တားမြစ်၍ ထားအပ်သည်ဖြစ်၍ မကောင်းသော အကျိုးကို မပေးနိုင်။

(၂) အချို့သော ကောင်းမှုကံတို့သည် မကောင်းသော လုံ့လဝီရိယ တားမြစ်၍ ထားအပ်သည်ဖြစ်၍ ကောင်းသော အကျိုးကို မပေးနိုင်။

(၃) အချို့သော မကောင်းမှုကံတို့သည် မကောင်းသော လုံ့လဝီရိယကို အဖော်သဟဲပြုရမှ မကောင်းသောအကျိုးကို ပေးနိုင်ကြကုန်၏။

(၄) အချို့သော ကောင်းမှုကံတို့သည် ကောင်းသော လုံ့လပယောဂ

mgyoe.com

mgyoe.com

ကို အဖော်သဟဲပြုရမှ ကောင်းသောအကျိုးကို ပေးနိုင်ကုန်၏ ဆိုတဲ့ သတ္တိထူးလေးမျိုးပဲ ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျား။

ပိုပြီးရှင်းအောင် အခုပြောခဲ့တဲ့ သတ္တိထူး ၄ မျိုးရဲ့ အဓိပ္ပာယ်ကို ထပ်ပြီး ရှင်းပြလိုပါသေးတယ်။

အခုပြောခဲ့တဲ့ ဝိရိယရဲ့ သတ္တိထူး ၄ မျိုးဟာ ဒီလိုဆိုလိုပါတယ်။

အတိတ်ကံကပင် မကောင်းပေမဲ့၊ ပစ္စုပ္ပန် အလုပ်ကောင်းရင်၊ အတိတ်ကံဟာ မကောင်းတဲ့အကျိုးကို မပေးနိုင်ဘူး။ ပစ္စုပ္ပန်အလုပ် မကောင်းမှ၊ မကောင်းတဲ့အကျိုးကို ပေးနိုင်တယ်။ အတိတ်ကံကပင် ကောင်းနေပေမဲ့ ပစ္စုပ္ပန်အလုပ် မကောင်းရင် ဒီကောင်းတဲ့ အတိတ်ကံဟာ ကောင်းတဲ့အကျိုးကို မပေးနိုင်ဘူး။ ပစ္စုပ္ပန်အလုပ်ကောင်းမှ ကောင်းတဲ့အကျိုးကို ပေးနိုင်တယ်။

အဲဒါကြောင့် စံကျောင်းဆရာတော်ဘုရားကြီးက

"ကံဟူသည်မှာ၊ အလုပ်ပါ၊ သေချာမှတ်၍ထား။ အလုပ်ကောင်းမှ၊ ကံကောင်းရ၊ မုချမှန်မမှား"

လို့ သံပေါက်ကလေး စပ်ထားပစ်ခဲ့ပါတယ်။ ဒီသံပေါက်ကလေးဟာ အင်မတန်ကောင်းတဲ့ ဆောင်ပုဒ်ဖြစ်ပြီး ကောင်းတဲ့အလုပ်တွေ၊ အပြောတွေ၊ အကြံအစည်တွေကို အစွမ်းကုန် ကြိုးစားလုပ်ကြဖို့၊ ပြောကြဖို့၊ ကြံစည်ကြဖို့ ကျွန်တော် အထူးတိုက်တွန်း လိုပါတယ်။

လူကြီးမင်းများခင်ဗျား။

တကယ်လို့ ကောင်းတဲ့အလုပ်တွေ၊ အပြောတွေ၊ အကြံအစည်တွေကို လုပ်ဖို့၊ ပြောဖို့၊ ကြံစည်ဖို့ မဖြစ်နိုင်ဘူးဆိုရင် ဘာမှမလုပ်ပါနဲ့။ ဘာမှ မပြောပါနဲ့။ ဘာမှ မကြံစည်ပါနဲ့။ မကောင်းတာတွေကိုလုပ်၊ မကောင်းတာတွေကိုပြော၊ မကောင်းတာတွေကို ကြံစည်နေတာထက် အိပ်တာကပဲ မြတ်လှပါသေးတယ်။

ဒီအကြောင်းကို ပြတော်မူလိုတဲ့ မြတ်စွာဘုရားသခင်က ဓမ္မပဒထဲမှာ "အကတံ ဒုက္ကဋံ သေယျော" ဒုက္ကဋံ၊ မကောင်းသော အလုပ်ကို။ အကတံ၊ မပြုမလုပ်ဘဲ နေခြင်းသည်။ သေယျော၊ မြတ်ပါသေး၏လို့ ဟောကြားတော်မူခဲ့ပါတယ်။

လူကြီးမင်းများခင်ဗျား။

ဒီလောက်ဆိုရင် ဝိရိယရဲ့တန်ဖိုးဟာ ဘယ်လောက်ကြီးမားတယ်ဆို

mgyoe.com

mgyoe.com


တာ သဘောပေါက်လောက်ပါပြီ။ အဲဒီတော့ ဝီရိယကောင်းလာအောင် ဘယ်လိုလုပ်ရမလဲ။ ဒီမေးခွန်းရဲ့ အဖြေကိုလည်း ကျမ်းဂန်ထဲကပဲ ထုတ်ပြချင်ပါတယ်။

ကျမ်းဂန်အရဆိုရင် လူကြီးမင်းများခင်ဗျား။ ဝီရိယဖြစ်စေအောင် လုပ်ပေးနိုင်တဲ့ အကြောင်းရင်းကြီး ၁၁ ခုရှိပါတယ်။ အဲဒါတွေကတော့

(၁) အပါယ်၌ ဖြစ်ရအံ့သော ဘေးဒုက္ခ၊ လူမွဲလူယုတ် ဖြစ်ရမည့် ဘေးဒုက္ခတို့ကို ဆင်ခြင်ခြင်း၊
(၂) လုံ့လဝီရိယကို အားထုတ်ခြင်းကြောင့် ခံစားရလတ္တံ့သော အကျိုးကျေးဇူးတို့ကို မြင်ခြင်း၊
(၃) နောင်ဖြစ်လတ္တံ့သော အကျိုးအပြစ်ကို စိစစ်ကြံစည်ခြင်း၊
(၄) မိမိစားအပ်သော အစာအာဟာရတို့ကို ဆင်ခြင်ခြင်း၊
(၅) အမွေခံ၏ မြတ်သောအဖြစ်ကို ဆင်ခြင်စဉ်းစားခြင်း၊
(၆) ဆရာ၏ မြတ်သောအဖြစ်ကို ဆင်ခြင်စဉ်းစားခြင်း၊
(၇) ဇာတ်၏ မြတ်သောအဖြစ်ကို ဆင်ခြင်စဉ်းစားခြင်း၊
(၈) အပေါင်းအဖော်၏ မြတ်သောအဖြစ်ကို ဆင်ခြင်စဉ်းစားခြင်း၊
(၉) ပျင်းရိတတ်သော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
(၁၀) လုံ့လဝီရိယရှိသောသူကို မှီဝဲခြင်း၊
(၁၁) လုံ့လဝီရိယ ဖြစ်ဖို့ရန်ကိုသာ များစွာ နှလုံးသွင်းခြင်းဆိုတဲ့ အကြောင်းရင်း ၁၁ ခုပဲ ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျား။

အခု မိန့်ခွန်းထဲမှာ

(၁) ကံ–ဉာဏ်–ဝီရိယ ဆိုတာ ဘာလဲဆိုတာကိုလည်း ကျွန်တော် ရှင်းပြပြီးပါပြီ။
(၂) ကံဟာ ဘယ်လိုအကျိုးပေးတတ်တယ် ဆိုတာတွေကိုလည်း သာဓကတွေနဲ့ ရှင်းပြပြီးခဲ့ပါပြီ။
(၃) အတိတ်ကံနဲ့ ပစ္စုပ္ပန်ကံတွေ အပေါ်မှာ ဘယ်လိုသဘောထားရမယ်ဆိုတာကိုလည်း ရှင်းပြခဲ့ပြီးပါပြီ။
(၄) ဝီရိယရဲ့ သတ္တိထူးတွေကိုလည်း ဖော်ပြခဲ့ပြီးပါပြီ။

အဲဒီတော့ ကျွန်တော်ပါ အပါအဝင်ဖြစ်တဲ့ ပြည်ထောင်စုသားတွေကို ကျွန်တော် ဒီနေရာမှာ သတိပေးပါရစေ။

mgyoe.com

mgyoe.com

ကံ–ဉာဏ်–ဝီရိယ ဆိုတဲ့ တရားသုံးပါးကို ဆထက်ထမ်းပိုး တိုးပြီး ယုံကြည်လာအောင်၊ မနားမနေ ကြိုးစားကြပါ။

ဒီတရား ၃ ပါးကို တိုးတက်ယုံကြည်လာတာနဲ့အမျှ ကျွန်တော်တို့ တစ်တွေဟာ မကောင်းတဲ့ အလုပ်တွေကို လုပ်ရမှာ ကြောက်လာကြပါလိမ့်မယ်။ ရှက်လာပါလိမ့်မယ်။

မကောင်းတဲ့ အပြောတွေကို ပြောရမှာ ကြောက်လာကြပါလိမ့်မယ်။ ရှက်လာကြပါလိမ့်မယ်။

မကောင်းတဲ့ အကြံအစည် အတွေးအတောတွေကို ကြံစည်တွေးတော ရမှာ ကြောက်လာကြပါလိမ့်မယ်။ ရှက်လာကြပါလိမ့်မယ်။

ဒီလို အလုပ်မှာရော၊ အပြောမှာရော၊ အကြံအစည်မှာရော၊ မကောင်းတာလုပ်ရမှာ၊ ပြောရမှာ၊ ကြံစည်တွေးတောရမှာ ကြောက်လာတာနဲ့အမျှ၊ ရှက်လာတာနဲ့အမျှ ကောင်းတဲ့အလုပ်ကို ပိုလုပ်လာကြပါလိမ့်မယ်။ ကောင်းတဲ့အပြောကို ပိုပြောလာကြပါလိမ့်မယ်။ ကောင်းတဲ့ အကြံအစည်ကို ပိုပြီး ကြံစည်လာကြပါလိမ့်မယ်။

အင်မတန် အင်မတန် ကြုံကြိုက်ရခဲတဲ့ သာသနာတော်ကြီးနဲ့ တွေ့တဲ့ အခါ၊ အပါယ်လေးဘုံကို ဆင်းသွားရမယ့် အပါယ်လေးဘုံသားတွေ မဖြစ်ကြရဘဲ၊ မဂ်တရား၊ ဖိုလ်တရားတွေ ဆထက်ထမ်းပိုး တိုးရပြီး နိဗ္ဗာန်ဝင်သွားနိုင်တဲ့ ဘုံစဉ်စံတွေ ဖြစ်ကြရလေအောင်။

ကျွန်တော်တို့တွေဟာ ...

(က) ကံ–ဉာဏ်–ဝီရိယနဲ့ ဒီတရားတွေရဲ့ အကျိုးကို ယုံကြည်ကြတဲ့ စိတ်ဓာတ်တွေ တစ်နေ့တခြား ပြင်းထန်ခိုင်ခန့်လာတဲ့အထိ အထူးကြိုးစား အားထုတ်နိုင်ကြပြီး

(ခ) ကောင်းတဲ့အလုပ်တွေ၊

(ဂ) ကောင်းတဲ့အပြောတွေ၊

(ဃ) ကောင်းတဲ့အကြံအစည်တွေကို အစွမ်းကုန် လုပ်၊ ပြော၊ ကြံစည် နိုင်ကြပါစေလို့

ကျွန်တော် ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျား။ ။

■

mgyoe.com

mgyoe.com

# သုံးဆယ့်ရှစ်ဖြာမင်္ဂလာဆိုတာ ဘာလဲ

လူကြီးမင်းများခင်ဗျား။

မင်္ဂလာဆိုတာ၊ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ခေနသိဒ္ဓိ အစရှိတဲ့ သိဒ္ဓိအမျိုးမျိုး ပြီးစေတတ်တဲ့ ပတ္တမြားမျက်ရှင်ကြီးနဲ့ တူပါတယ်။ မင်္ဂလာဆိုတာ မကောင်းတဲ့ ဘေးရန်အန္တရာယ်တွေ မကျရောက်ရအောင်လည်း တားဆီးနိုင်တယ်။

အဲဒါကြောင့် မင်္ဂလာကို လိုချင်တဲ့လူ လက်ညှိုးထောင်လို့ဆိုရင်၊ ကျွန်တော်ကအစ လူကြီးမင်းတွေအားလုံး လက်ညှိုးထောင်ကြမှာပါပဲ။

အဲဒီတော့ လူကြီးမင်းများခင်ဗျား။ ဒီကောင်းကျိုးတွေကို ပေးနိုင်ပြီး၊ မကောင်းကျိုးတွေကို တားဆီးပေးနိုင်တဲ့ မင်္ဂလာကိုရအောင် ကျွန်တော်တို့ ဘာတွေလုပ်ကြရမလဲ။

မင်္ဂလာကိုရဖို့နဲ့ ပတ်သက်ပြီး၊ လောကမှာ အယူအမျိုးမျိုး ရှိပါတယ်။

တချို့ကလည်း ကောင်းတဲ့အမြင်ကို မြင်ရရင် မင်္ဂလာရှိတယ်လို့ ယူဆကြတယ်။ အသုဘအစရှိတဲ့ စိတ်မချမ်းသာစရာ အမြင်တွေကို မြင်ရရင် မင်္ဂလာမရှိဘူးလို့ ယူဆကြတယ်။

တချို့ကလည်း ကောင်းတဲ့အသံ ကြားရရင် မင်္ဂလာရှိတယ်လို့ ယူဆကြတယ်။ အဲဒါကြောင့် သူတို့နဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေ၊ ပစ္စည်းတွေ၊ နေရပ်တွေကို အမည်ပေးတဲ့အခါ၊ အင်မတန်ကောင်းတဲ့ နာမည်တွေကို ရွေးပြီး ပေးကြတယ်။ မနက်စောစောမှာ ဘယ်လောက် အရေးကြီးကြီး၊ မကောင်းတဲ့ သတင်းဆိုရင် မပြောစေရဘူး။ ကောင်းတဲ့ သတင်းစကားကိုသာ ပြောရတယ်။

တချို့ကလည်း ကောင်းတဲ့အနံ့ ရှူရှိုက်ရရင်၊ ကောင်းတဲ့အစာ စားသောက်ရရင်၊ ကောင်းတဲ့အထိအတွေ့နဲ့ ထိတွေ့ရရင်၊ မင်္ဂလာရှိတယ်၊ မကောင်း

mgyoe.com

mgyoe.com


တဲ့အနံ့၊ မကောင်းတဲ့ အစား၊ မကောင်းတဲ့ အထိအတွေ့နဲ့ ထိတွေ့ရရင် မင်္ဂလာမရှိဘူးလို့ ယူဆကြတယ်။

တချို့ကလည်း မင်္ဂလာရှိအောင် လက်ဖွဲ့ဆောင်ကြတယ်။ ဆေးဖယောင်းတိုင် ထွန်းကြတယ်။

တချို့ကလည်း မိမိတို့လုပ်တဲ့ အလုပ်အကိုင်၊ မိမိတို့ဆောက်တဲ့ အဆောက်အဦ၊ မိမိတို့သွားရမယ့် ခရီးဟာ မင်္ဂလာရှိအောင် မင်္ဂလာရှိတဲ့ နေ့ရက်၊ မင်္ဂလာရှိတဲ့အချိန်ကို ရွေးကြတယ်။

လူကြီးမင်းများခင်ဗျား။

အခုပြောခဲ့တဲ့ မင်္ဂလာရှိအောင် လုပ်တဲ့အလုပ်တွေဟာ၊ လောကီနည်းနဲ့ လုပ်တဲ့အလုပ်တွေ ဖြစ်ပါတယ်။ လောကီနည်းဆိုတာ မှန်တာတွေလည်း ရှိပါတယ်။ မှားတာတွေလည်း ရှိပါတယ်။ အဲဒီတော့ ဒီနည်းတွေအတိုင်း လုပ်ရင် မင်္ဂလာရနိုင်တယ်လို့ တစ်ထစ်ချ မပြောနိုင်ပါဘူး။ မင်္ဂလာရချင်လည်း ရမှာပဲ၊ မရချင်လည်း နေမှာပါပဲ။

မင်္ဂလာကို တစ်ထစ်ချရအောင် လုပ်ပေးနိုင်တဲ့ နည်းတွေဟာ ဒီလောကကြီးမှာ နေလို၊ လလို အထင်အရှား ရှိနေပါတယ်။ အဲဒီနည်းတွေဟာ လူသာမန်၊ နတ်သာမန်၊ ဗြဟ္မာသာမန်တွေက ပေးတဲ့နည်း မဟုတ်ပါဘူး။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးတဲ့အတွက် ကျေးဇူးတော် အစုံ၊ ဂုဏ်တော်အလျှံ၊ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသခင် ပေးတော်မူခဲ့တဲ့ နည်းတွေဖြစ်ပါတယ်။

အရဟံအစ၊ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသခင် ပေးတော်မူခဲ့တဲ့နည်းတွေ ဖြစ်ပါတယ်။

ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူတဲ့ ဘုရားသခင် ပေးတော်မူခဲ့တဲ့ နည်းတွေ ဖြစ်ပါတယ်။

လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ ဉာဏ်တော်ဆယ်ပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသခင် ပေးတော်မူခဲ့တဲ့နည်းတွေ ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျား။

ဒီနည်းတွေကို မပြောခင်၊ ဘယ်လိုအကြောင်းကြောင့် ဒီနည်းတွေကို မြတ်စွာဘုရားသခင် ပေးပစ်ခဲ့တယ်ဆိုတာကို အကျဉ်းချုပ်ပြီး ပြောပါရစေ။

mgyoe.com

mgyoe.com


လူကြီးမင်းများခင်ဗျား။

အခါတစ်ပါး မြတ်စွာဘုရားဟာ သာဝတ္ထိမြို့အနီး အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတိုက်ကြီးမှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါ အမျိုးအမည်အားဖြင့် မထင်မရှားတဲ့၊ အင်မတန်နှစ်လိုဖွယ်အဆင်းရှိတဲ့ နတ်သားတစ်ပါးဟာ ညဉ့်ဦးယာမ်လွန်ပြီး သန်းခေါင်အချိန်လောက်မှာ မြတ်စွာဘုရားဆီကို ရောက်လာပါတယ်။ သူ့ကိုယ်ရောင်ကိုယ်ဝါတွေနဲ့ ဇေတဝန်ကျောင်းတိုက် တစ်တိုက်လုံးဟာ ထိန်ထိန်လင်းနေပါတယ်။ မြတ်စွာဘုရားအနီးကို ရောက်တဲ့အခါ ဒီနတ်သားဟာ အင်မတန်ရိုရိုသေသေ ရှိခိုးပြီး

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တ နှစ်သက်ကြတဲ့ နတ်လူအများတို့ဟာ သတ္တဝါအများ ကြီးပွားချမ်းသာကြောင်းဖြစ်တဲ့ မင်္ဂလာတရားတော်ကို ကြံစည်ခဲ့ကြပါတယ် ဘုရား။ ဒီလိုကြံစည်ပေမဲ့လည်း ကြံစည်လို့ မရပါဘူးဘုရား။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒီထူးမြတ်လှတဲ့ မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါဘုရား" လို့ လျှောက်ကြား တောင်းပန်ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားသခင်ဟာ သုံးဆယ့်ရှစ်ဖြာရှိတဲ့ မင်္ဂလာတရားတော်တွေကို ဟောကြားတော်မူခဲ့ပါတယ်။

ဒီမင်္ဂလာတရားတွေကတော့ ...

၁။ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ခြင်း၊

၂။ ပညာရှိတို့ကို မှီဝဲဆည်းကပ်ခြင်း၊

၃။ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊

၄။ လျော်ကန်သင့်မြတ်သောအရပ်၌ နေထိုင်ခြင်း၊

၅။ ရှေးရှေးဘဝ၌ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိသူဖြစ်ခြင်း၊

၆။ အကျင့်တရား မပျက်ပြားအောင် မိမိကိုယ်စိတ်ကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်း၊

၇။ အကြားအမြင်များသောသူ ဖြစ်ခြင်း၊

၈။ လက်မှုပညာ အစရှိသော အတတ်တို့ကို တတ်မြောက်ခြင်း၊

၉။ ဝိနည်းတရားတော်ကို ကောင်းစွာသင်ကြားထားခြင်း၊

၁၀။ ကောင်းသောစကားကို ပြောဆိုခြင်း၊

mgyoe.com

mgyoe.com


၁၁။ အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးမွေးမြူခြင်း၊
၁၂။ သားမယားတို့ကို ကောင်းစွာချီးမြှောက်ထောက်ပံ့ခြင်း၊
၁၃။ လယ်လုပ်ကုန်သွယ် ရောင်းဝယ်ခြင်း စသော အပြစ်ကင်းသော အလုပ်ကိုလုပ်ခြင်း၊
၁၄။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊
၁၅။ သုစရိုက်တရား ဆယ်ပါးကို ကျင့်သုံးခြင်း၊
၁၆။ အဆွေအမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊
၁၇။ ဥပုသ်စောင့်ခြင်း၊ ရေတွင်းရေကန်တူးခြင်း စသော အပြစ်ကင်းသောအလုပ်တို့ကို ပြုလုပ်ခြင်း၊
၁၈။ မကောင်းမှုမှ စိတ်ဖြင့်ဝေးစွာ ရှောင်ကြဉ်ခြင်း၊
၁၉။ မကောင်းမှုမှ ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ခြင်း၊
၂၀။ သေရည်သေရက် သောက်ခြင်းမှ ဝေးစွာရှောင်ကြဉ်ခြင်း၊
၂၁။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်း၊
၂၂။ ရိုသေထိုက်သော သူတို့ကို ရိုသေခြင်း၊
၂၃။ မာန်မာနကို နှိမ့်ချခြင်း၊
၂၄။ ရသမျှဖြင့် ရောင့်ရဲလွယ်ခြင်း၊
၂၅။ သူတပါးက ပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း၊
၂၆။ သင့်လျော်သောအခါ၌ သူတော်ကောင်းတရားကို နာယူခြင်း၊
၂၇။ သည်းခံခြင်း၊
၂၈။ သူတော်ကောင်းတို့ ဆုံးမအပ်သောစကားကို နာယူလွယ်ခြင်း၊
၂၉။ ရဟန်းသူမြတ်တို့ကို ဖူးမြင်ခြင်း၊
၃၀။ သင့်လျော်သောအခါ၌ တရားစကားကို ဆွေးနွေးမေးမြန်းခြင်း၊
၃၁။ ခြိုးခြံစွာကျင့်ခြင်း၊
၃၂။ မြတ်သောအကျင့်ကို ကျင့်ခြင်း၊
၃၃။ အရိယာသူတော်ကောင်းတို့၏ သစ္စာလေးပါးတရားကို သိမြင်ခြင်း၊
၃၄။ အရဟတ္တဖိုလ် ချမ်းသာကို မျက်မှောက်ပြုခြင်း၊
၃၅။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံရသော ရဟန္တာ၏စိတ်သည် မတုန်မလှုပ်ခြင်း၊

mgyoe.com

၃၆။ စိုးရိမ်ကြောင့်ကြခြင်းလည်း မရှိခြင်း၊
၃၇။ ကိလေသာရမ္မက်တို့လည်း မြူခန့်မျှ မရှိခြင်း၊
၃၈။ ကြောက်လန့်စိတ်ကြောင့်ဖြစ်သော ဆားလည်း မရှိခြင်းတို့ပင် ဖြစ်ပါတယ်။

**လူကြီးမင်းများခင်ဗျား။**

ဒီသုံးဆယ့်ရှစ်ဖြာမင်္ဂလာကို တစ်ပါးစီ ရှင်းပြချင်ပါတယ်။

(၁) သူမိုက်တို့ကို မမှီဝဲ၊ မဆည်းကပ်ခြင်းဟာ မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

အဲဒီလိုဆိုရင် သူမိုက်ဆိုတာ ဘယ်လိုလူစားမျိုးလဲ ဆိုတာကို သိဖို့လိုလိမ့်မယ်။

အကြားအမြင် ဗဟုသုတလည်း မရှိဘူး။ ကိုယ်ကျင့်တရားလည်း မရှိဘူး။ အကြားအမြင် ဗဟုသုတတော့ရှိတယ်။ ကိုယ်ကျင့်တရား မရှိဘူး။

အဲဒီလူ ၂ မျိုးစလုံးဟာ လူမိုက်တွေပဲ။

လောကီကျိုး၊ လောကုတ္တရာကျိုး နှစ်ပါးစလုံးကို ရအောင် အားမထုတ်နိုင်တဲ့အတွက် နှစ်ဖက်ကန်းနဲ့ တူတဲ့လူ။

လောကီကျိုးကိုသာ အားထုတ်နိုင်ပြီး၊ လောကုတ္တရာကျိုးကို ရအောင် အားမထုတ်နိုင်တဲ့အတွက် တစ်ဖက်ကန်းနဲ့ တူတဲ့လူ။

အဲဒီလူနှစ်ယောက်စလုံးလည်း လူမိုက်တွေပဲ။

နောက်ပြီးတော့လည်း

(က) ဒုစရိုက်ဆယ်ပါးကို ကျူးလွန်တဲ့လူ။

(ခ) မကောင်းကြံ၊ မကောင်းပြော၊ မကောင်းလုပ်တဲ့လူ၊ အဲဒီလူတွေလည်း လူမိုက်တွေပဲ။

အမိုက်တွေနဲ့ ပေါင်းဖော်မိတဲ့အတွက် အကောင်းတွေလည်း ပျက်စီးသွားရတဲ့ သာဓကတချို့ကို ကျွန်တော် ထုတ်ပြချင်ပါတယ်။

(က) ဗြဟ္မဒတ်မင်းကြီးရဲ့ အင်မတန် စိတ်နှလုံးနူးညံ့ပြီး၊ မြေကြီးနဲ့တူတဲ့ သည်းခံခြင်းဂုဏ်နဲ့ ပြည့်စုံတဲ့ မဟိဋ္ဌာမုခ ဆင်တော်ဟာ သူ့အနီးအနားမှာ မကြာမကြာလာပြီး တိုင်ပင်ကြတဲ့ သူခိုးတွေရဲ့ စကားကို ကြားရဖန်များလာတဲ့အခါ၊ အင်မတန် ကြမ်းကြုတ်ခက်ထန်တဲ့ ဆင်တော်ကြီး ဖြစ်သွားခဲ့ဖူးပါတယ်။

mgyoe.com

mgyoe.com


(ခ) ဂိရိဒတ္တလို့ခေါ်တဲ့ ခြေခွင်တဲ့မြင်းထိန်းနဲ့ ကြာရှည်နေရတဲ့အတွက် ဗာရာဏသီပြည့်ရှင် သာမဘုရင်ရဲ့ အင်မတန်ကြန်အင်္ဂါလက္ခဏာနဲ့ ပြည့်စုံတဲ့ ပဏ္ဍဝမြင်းတော်ဟာ ခြေခွင်သွားခဲ့ရတဲ့ သာဓကလည်း အထင်အရှား ရှိပါတယ်။

(ဂ) အဆိပ်လူးတဲ့မြှားနဲ့ အတူထားရင်း အဆိပ်မရှိတဲ့မြှားလည်း အဆိပ်လူးသွားပါတယ်။

(ဃ) နွံလူးတဲ့ ကျွဲရဲ့နောက်က လိုက်တဲ့ကျွဲဟာ နွံအပေခံရပါတယ်။

(င) ငါးပုပ်ကိုထုပ်တဲ့ ဖက်ဟာ ပုပ်တဲ့အနံ့ ထွက်လာပါတယ်။

(စ) ခွေးတောက်ပင်၊ တမာပင်တို့ရဲ့ ရောရှက်တဲ့အတွက် ဒမိဠဟနမင်းကြီးရဲ့ အင်မတန် ချိုမြိန်ကောင်းမြတ်တဲ့ အရသာနဲ့ပြည့်စုံတဲ့ အမ္ဗဋ္ဌရ သရက်ပင်ဟာ၊ ခါးတဲ့သရက်သီးကို သီးခဲ့ရဖူးပါတယ်။

(၂) ပညာရှိတို့ကို မှီဝဲဆည်းကပ်ခြင်းဟာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။ အဲဒီလိုဆိုရင် ပညာရှိဆိုတာ ဘယ်လိုလူစားလဲ။

(က) အကြောင်းအကျိုး၊ အကောင်းအဆိုး၊ ကုသိုလ် အကုသိုလ်။ မှီဝဲအပ် မမှီဝဲအပ်တဲ့တရား။ ယူသင့် ပယ်သင့်တဲ့တရားတွေကို သိတဲ့လူဟာ ပညာရှိဖြစ်တယ်။

(ခ) အကြားအမြင် ဗဟုသုတနဲ့ ပြည့်စုံချင်လည်း ပြည့်စုံမယ်။ မပြည့်စုံချင်လည်း နေမယ်။ ဒါပေမဲ့ တရားကိုကျင့်တဲ့လူဟာ ပညာရှိဖြစ်တယ်။

(ဂ) လောကီကျိုး၊ လောကုတ္တရာကျိုး နှစ်ပါးစလုံးကို ရအောင် အားထုတ်တဲ့လူဟာ ပညာရှိဖြစ်တယ်။

(ဃ) သုစရိုက်တရား ဆယ်ပါးနဲ့ ပြည့်စုံတဲ့လူဟာ ပညာရှိဖြစ်တယ်။

(င) ကောင်းစွာကြံတတ်၊ ကောင်းစွာပြောတတ်၊ ကောင်းစွာလုပ်တတ်တဲ့လူဟာ ပညာရှိဖြစ်တယ်။

အကောင်းနဲ့ ပေါင်းဖော်မိတဲ့အတွက် အကောင်းဖြစ်သွားရတဲ့ သာဓကတွေကို ထုတ်ဖော်ပြလိုပါတယ်။

(က) ဒုနံ့ကင်းတဲ့ ပေါက်ရွက်ဟာ မွှေးကြိုင်သင်းပျံ့တဲ့ အနံ့ရှိတဲ့ တောင်ဇလပ်ပန်းနဲ့ ပေါင်းဖက်ရတဲ့အတွက် မွှေးကြိုင်တဲ့အနံ့ကို ရလိုက်ပါတယ်။

mgyoe.com

mgyoe.com


(ခ) အဖိုးမထိုက်တဲ့ ပိုးစကလေးတစ်စဟာ မြတ်လေးပန်းကို စည်းတဲ့နေရာမှာ အသုံးခံရတာနဲ့ လူတို့ရဲ့ ခေါင်းပေါ်ကို ရောက်ရပါတယ်။

(ဂ) ပုပ္ဖက အမည်ရှိတဲ့ ကျေးသားငယ်ဟာ သူတော်ကောင်းဖြစ်တဲ့ ရသေ့တို့နဲ့ ပေါင်းဖော်ရတဲ့အတွက် လိမ္မာယဉ်ကျေးလာရခဲ့ဖူးပါတယ်။

(ဃ) အမုန်ယစ်တဲ့ တောဆင်ရိုင်းကြီးဟာ လိမ္မာတဲ့ ဆင်ဦးစီးနဲ့ ပေါင်းဖက်ရတဲ့အတွက် လိမ္မာယဉ်ကျေးတဲ့အဖြစ်ကို ရောက်လာရပါတယ်။

လူကြီးမင်းများခင်ဗျား။

လူမိုက်နဲ့ပေါင်းလို့ ပျက်စီးရပုံနဲ့၊ ပညာရှိနဲ့ပေါင်းလို့ ချမ်းသာရပုံကို ပိုမိုထင်ရှားစေချင်တဲ့အတွက် နိပါတ်တော်ထဲမှာ သာဓကတစ်ခုကို ဖော်ပြလိုပါတယ်။

## လှည်းကုန်သည်အကြီးအမှူး ၂ ဦး၀တ္ထု

(ဇာတကအဋ္ဌကထာမှ တိုက်ရိုက် ဘာသာပြန်ဆိုချက်)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ်၊ ဘုရားလောင်းသည် လှည်းကုန်သည်မှူးအမျိုး၌ ဖြစ်၍၊ လှည်းပေါင်း ၅၀၀ (ငါးရာ) တို့ဖြင့် ကုန်သွယ်ခြင်းအမှုကို ပြုလုပ်နေလေ၏။ ထိုဗာရာဏသီ ပြည်ထဲ၌ပင် ဘုရားလောင်းကဲ့သို့ လှည်းပေါင်း ၅၀၀ (ငါးရာ) တို့ဖြင့် ကုန်သွယ်နေသူ လှည်းကုန်သည်မှူးတစ်ဦးလည်း ရှိ၏။ ၎င်းကား ဉာဏ်ပညာ မရှိ။ မလိမ္မာ။ ရှေ့ရေး နောက်ရေး မတွေးခေါ်တတ်။ သို့ဖြစ်၍ ၎င်းကို ဤ၀တ္ထုထဲ၌ "ဗာလ" ဟူသော နာမည်ဖြင့် မှည့်ခေါ်ရေးသားထားပေအံ့။ ဘုရားလောင်း လှည်းကုန်သည်မှူးသည် လှည်းပေါင်းငါးရာတို့ဖြင့် တစ်ခါတစ်ရံ အရှေ့ဘက်နယ်စွန်းမှ အနောက်ဘက် နယ်စွန်းသို့လည်းကောင်း၊ တစ်ခါတစ်ရံ အနောက်ဘက် နယ်စွန်းမှ အရှေ့ဘက် နယ်စွန်းသို့လည်းကောင်း သွားလာရောင်း၀ယ်လေ့ရှိပေ၏။ ဤအချိန်သည်ကား ဘုရားလောင်းသည် ဗာရာဏသီပြည်မှ အဖိုးတန်ဘဏ္ဍာများကို တင်ဆောင်၍ လှည်းပေါင်းငါးရာဖြင့် ခရီးထွက်ရန် စီမံနေသောအခါ ဖြစ်လေ၏။ ဗာလ လှည်းကုန်သည်မှူးလည်း ထို့နည်းတူစွာ လှည်း

mgyoe.com

mgyoe.com


ငါးရာဖြင့် ခရီးထွက်ရန် စိမ်နေလေ၏။ ဘုရားလောင်းသည် ခရီးထွက်ရေး အတွက် ဤသို့ အကြံဖြစ်၏။

"ဗာလသည် ငါနှင့်အတူတူ ခရီးထွက်ဖို့ စိမ်နေသည်။ လှည်းပေါင်း ၁၀၀၀ (တစ်ထောင်) တစ်ပေါင်းတည်းသွားလျှင် လမ်းခရီးလည်း မလောက် မငဖြစ်မည်။ ထင်းရေး စသည်တို့အတွက်လည်း အခက်အခဲကြုံမည်။ နွား များအတွက်လည်း မြက်ရဖို့မလွယ်ဘူး။ သူသော်လည်းကောင်း၊ ငါသော် လည်းကောင်း တစ်ဦးဦးက အလျင်သွားနှင့်လျှင် ကောင်းမည်" ဟု အကြံဖြစ် လေ၏။ သို့ဖြစ်၍ ဗာလကိုခေါ်ငင်ကာ ထိုအကြောင်းကို တိုင်ပင်ပြီး "နှစ် ဦးလုံး အတူတူသွားရင် အခက်အခဲတွေ အမျိုးမျိုးတွေ့မည်။ ခွဲသွားမှဖြစ် မည်။ ဒါကြောင့် သင်က အလျင်သွားမည်လား၊ ကျွန်ုပ်က အလျင်သွားရ မည်လား၊ သင်ကြိုက်ရာကို ရွေးစေချင်တယ်" ဟု ပြောပြလေ၏။

ဗာလသည် စဉ်းစား၏။ စဉ်းစားပုံကား

"အလျင်သွားရလျှင် ခရီးလမ်းတွေ မပျက်စီးမီ သွားရမည်။ နွားများ လည်း တခြားနွားတွေ မစားရသေးတဲ့ မြက်သစ်မြက်ဦးတွေ စားရမည်။ လူများအတွက်လည်း သူတစ်ပါးတို့ မခူးမဆွတ်ရသေးတဲ့ ဟင်းချက်ဖို့ အရွက် အညွန့်တွေ ရလိမ့်မည်။ ရေအတွက်လည်း မနောက်မကျိသေးတဲ့ ရေကြည် ကို သုံးရမည်။ ပစ္စည်းဘဏ္ဍာ ရောင်းရာမှာလည်း ထင်သလို အဖိုးနှုန်းဖြတ် ပြီး ရောင်းနိုင်သည်" ဟု စဉ်းစားလျက် မိမိ အလျင်သွားမည့်အကြောင်း ပြန် ကြားပြောဆိုလေရာ ဘုရားလောင်းသည် အောက်ပါအတိုင်း စဉ်းစားကာ သဘောတူလိုက်လေ၏။ ဘုရားလောင်း စဉ်းစားပုံကား

"နောက်မှလိုက်ရလျှင် အလျင် (ယခင်) သွားနှင့်သူက ခရီးလမ်း မညီမညွတ်ရှိသည်ကို ညီညွတ်အောင် ပြုပြင်သွားရသဖြင့် နောက်မှ လိုက်သူ အတွက် အဆင်သင့်ဖြစ်ခြင်း၊ နွားများအတွက်လည်း အလျင်သွားနှင့်သူတို့ ၏ နွားများသည် မြက်ဟောင်း၊ မြက်ကြမ်းတို့ကို စားကြရကုန်လတ္တံ့။ နောက် မှလိုက်သူ ငါတို့၏ နွားများသည် နောက်ထပ်တစ်ဖန် အသစ်ပေါက်ကုန် သော မြက်နုမြက်ချိုတို့ကို စားကြရလိမ့်မည်။ လူများအတွက်လည်း အလျင် သွားနှင့်သူတို့ ဆွတ်ခူးအပ်ပြီးသော အကိုင်းအခက်မှ အတက်အညွန့် ပေါက် လာသော ဟင်းရွက်ဟင်းညွန့်တို့ကို ချိုမြိန်စွာစားကြရကုန်လတ္တံ့။ အလျင် သွားနှင့်သူတို့သည် ရေမရှိသောအရပ်၌ ရေတွင်းတူး၍ ရေရှိအောင် လုပ်သွား

mgyoe.com

mgyoe.com

ကြရလိမ့်မည်။ နောက်မှလိုက်သူ ငါတို့သည် သူတို့တူးခဲ့သော ရေတွင်းများ၌ အဆင်သင့်ရေကို သုံးဆောင်ကြရလိမ့်မည်။ ပစ္စည်းဘဏ္ဍာကို တန်ဖိုးဖြတ်ခြင်း မည်သည်မှာ လူတို့၏ အသက်ဇီဝိန်ကို သတ်ဖြတ်ခြင်းလောက် အရေးကြီး၏။ နောက်မှလိုက်သူသည် အလျင်သွားနှင့်သူတို့ ဖြတ်ထားသောတန်ဖိုးဖြင့် အလွယ်တကူ သက်သာစွာ ရောင်းနိုင်၏" ဟူ၍ စဉ်းစားခြင်း ဖြစ်သတည်း။

## လှည်းကုန်သည်မှူး ဗာလ ခရီးထွက်ခဲ့ခြင်း

အထက်ပါအတိုင်း နှစ်ဦးသဘောတူညီချက်အရ၊ လှည်းကုန်သည်မှူး ဗာလသည် လှည်းပေါင်း ၅၀၀ ဖြင့် ကုန်များကို တင်ဆောင်ကာ ခရီးထွက်လာခဲ့ရာ လူတို့နေရပ်ကို ကျော်လွန်၍ ဘီလူးတို့နေရပ်ဖြစ်သော အမနုဿကန္တာရသို့ ရောက်လာခဲ့လေ၏။ ထိုကန္တာရကား ဘီလူးတို့နေရာအရပ် ဖြစ်ရုံမက၊ ရေမရှိသော "နိရုဒကကန္တာရ" လည်း ဖြစ်သတည်း။ ထိုကန္တာရခရီးကား ယူဇနာ ၆၀ အတိုင်းအရှည်ရှိ၏။ (ယူဇနာယူပုံမှာ ၂ မျိုးရှိ၏။ ၇ တောင်တာနှင့် တွက်လျှင် တစ်ယူဇနာသည် ၁၂ မိုင်ခွဲနှင့် ညီမျှ၏။ ၄ တောင်တာနှင့် တွက်လျှင် တစ်ယူဇနာသည် ၇.၂၇ (၇ မိုင်နှင့် ဒသမ ၂၇) နှင့် ညီမျှ၏။)

(မှတ်ချက်။ ။ ကန္တာရဟူသော စကားမှာ ပါဠိစကားအစစ်ဖြစ်ရာ၊ မြန်မာဘာသာပြန်ဆိုလျှင် "သွားလာခြင်းငှာ ခက်ခဲသောခရီးလမ်း" ဟု အဓိပ္ပာယ်ရ၏။)

ဗာလသည် ထိုကန္တာရကို ကျော်လွန်နိုင်ရန် လှည်းများစွာတို့၌ ကြီးမားသော အိုးကြီးတို့ကို တင်စေ၍ ရေအပြည့်ထည့်ကာ ရေအတွက် အခက်အခဲမရှိရန် စီမံပြီး ယူဇနာ ၆၀ ရှိသော ကန္တာရခရီးကို ဝင်ရောက်စိုင်းနှင်ခဲ့လေရာ ကန္တာရ၏အလယ်သို့ ရောက်လာခဲ့လေ၏။ ထိုအခါ ကန္တာရ၌ကြီးမှူးနေထိုင်သော ဘီလူးသည် "ဤသူတို့ ယူလာသော ရေကို စွန့်စေ၍ အစာရေစာငတ်ကာ အားနည်းအောင်ပြုပြီး အလုံးစုံသော သူတို့ကို စားလိုက်အံ့" ဟု ကြံစည်ကာ

အဖြူရောင်တောက်နေသော နွားပျိုနှစ်ကောင်ကသည့် လှပသော လှည်းယာဉ်ကို ဖန်ဆင်းလျက် ရေညှိနှင့်တို့ဖြင့် လိမ်းကျံအပ်ကုန်သော လူယောင်ဆောင်ထားသည့် လက်နက်ကိုင်ဘီလူး တစ်ကျိပ်နှစ်ယောက်တို့ ခြံရံပြီး ကြာညို၊ ကြာဖြူ၊ ကြာနီတို့ကို ပန်ဆင်၍ ဆံပင်စိုစို၊ အဝတ်စိုစိုနှင့်

mgyoe.com

mgyoe.com


အစိုးရအရာရှိ တစ်ဦးပမာ လှည်းယာဉ်ပေါ်တွင် ထိုင်ပြီး ဟန်ပါပါနှင့် လိုက်လာခဲ့လေ၏။ လှည်းဘီးတွင်လည်း ညွန်တို့ဖြင့် လိမ်းကျံပေရေနေလေ၏။ လက်နက်ကိုင် အခြံအရံ ၁၂ ယောက်တို့မှာလည်း ဆံပင်စိုစို၊ အဝတ်စိုစိုနှင့် ကြာဖြူ၊ ကြာညို၊ ကြာနီတို့ကို ပန်ဆင်၍ ပဒုမ္မာကြာစည်း ပုဏ္ဍရိက်ကြာစည်းတို့ကိုလည်း လက်တွင်ကိုင်လျက် ကြာစွယ်၊ ကြာရင်းတို့ကို စားရင်း ကိုယ်ကာယမှလည်း ရေပေါက်များ တစက်စက် ယိုကျကာ ရွံ့များပေကျံစွာနှင့် လိုက်ပါလာကြလေ၏။ ထိုဘီလူး၏ လှည်းယာဉ်သည် ဗာလတို့ မရောက်ရသေးသည့် ကန္တာရထဲမှထွက်လာရာ ဗာလတို့နှင့် ရင်ဆိုင်တိုးနေလေ၏။ ဘီလူးသည် မိမိ၏လှည်းကို လမ်းပေါ်မှ ဘေးသို့ရှောင်၍ ဖယ်ပေးရင်း

"မောင်ရင်တို့က ဘယ်ကလာကြတာလဲ" ဟု နှုတ်ဆက်မေးမြန်းလိုက်လေ၏။ လှည်းကုန်သည်မှူး ဗာလကလည်း မိမိလှည်းကို လမ်းပေါ်မှ ဘေးသို့ ဖယ်ထားလျက် အခြား မိမိ၏ငယ်သားလှည်းများကို သွားစေကာ ခေတ္တရပ်နားပြီး ဘီလူးနှင့် စကားပြောလေ၏။

ဗာလ – "ကျွန်တော်တို့က ဗာရာဏသီပြည်မှ လာခဲ့ကြတာပါ။ ခင်ဗျားတို့မှာ ကြာပန်းတွေ ပန်ဆင်ပြီး လက်ကလည်း ကြာစည်းကြီးတွေ ယူငင်လာကြတယ်။ ကြာစွယ်ကြာရင်းတွေလည်း စားလာကြတယ်။ ရွံ့အလိမ်းလိမ်း၊ ညွန်အလိမ်းလိမ်းနှင့် လူတွေမှာလည်း ရေတွေစိုလို့ ဘယ်လိုလဲ။ ခင်ဗျားတို့ လာခဲ့တဲ့လမ်းမှာ မိုးရွာသလား၊ သို့မဟုတ်လည်း ကြာမျိုးငါးပါး ဖုံးလွှမ်းတဲ့ ရေအိုင်တွေ ရှိသလား"

ဘီလူး – "ဘယ်လိုပြောလိုက်တာလဲ မိတ်ဆွေ။ ညိုမှိုင်းနေတဲ့ သည်တောအုပ်ကြီးကို မြင်တယ်မှုတ်လား။ အဲသည်ကစပြီး တောအုပ်ကြီးတစ်ခုလုံးဟာ ရေပြင်တစပ်တည်း ဖြစ်နေအောင် အမြဲတမ်း မိုးရွာနေတာပဲ။ ချောက်တွေမှာလည်း ရေတွေလျှံနေတယ်။ ထိုထိုအရပ်တွေမှာ ပဒုမ္မာစတဲ့ ကြာမျိုးငါးပါး ဖုံးလွှမ်းတဲ့ ရေအိုင်တွေ ပြည့်နေတာပေါ့။ နေပါဦး။ မိတ်ဆွေတို့က လှည်းပေါင်းများစွာနှင့် ဘယ်ကိုသွားကြမှာလဲ"

ထိုအခါ ဗာလက မိမိတို့သွားမည့် ဇနပုဒ်အမည်ကို ပြောပြကာ ဘီလူးက သည်လှည်းတွေမှာ ဘယ်လိုပစ္စည်းတွေ တင်လာသလဲဟု မေးလိုက်၏။

mgyoe.com

mgyoe.com


ဗာလလည်း မိမိတို့ တင်ဆောင်လာသော ပစ္စည်းတို့ကို ပြောပြရာ ဘီလူးက နောက်ပိုင်းကလာတဲ့ လှည်းတွေကတော့ ဝန်လေးကြီးတွေနှင့်ပါလား။ ဘာတွေတင်လာလို့လဲဟု ထပ်မံမေးမြန်းလိုက်လေမှ ရေတွေတင်ဆောင်လာကြကြောင်း ပြောပြလိုက်သည်တွင် ဘီလူးက နောက်ကပြီးခဲ့တဲ့ ခရီးမှာ ခင်ဗျားတို့ ရေတွေတင်လာခဲ့တာ နှစ်ခြိုက်စရာပါပဲ။ ယခု သည်အရပ်ကစပြီး ရှေ့သွားမည့်ခရီးမှာတော့ ရေတင်ဖို့မလိုတော့ဘူး။ ရှေ့မှာ ရေတွေအများကြီးရှိနေပြီ၊ ရေအိုးတွေရိုက်ခွဲ။ ရေတွေစွန့်ပြီး ဝန်ပေါ့ပေါ့နှင့် ချမ်းချမ်းသာသာသွားကြပေတော့ဟု ပြောဆိုလျက်

"ကဲ–ခင်ဗျားတို့ သွားကြပေတော့၊ ကျုပ်တို့လည်း အချိန်ကြာသွားပြီ" ဟုဆိုကာ ခရီးဆက်လက် ထွက်သွားလေ၏။ ဘီလူးသည် ဗာလတို့ မျက်စိတဆုံးတိုင်အောင် လှည်းဖြင့် သွားချင်ယောင်ဆောင်ပြီး မိမိ၏ ဘီလူးမြို့သို့ ပြန်သွားလေ၏။

လှည်းကုန်သည်မှူး ဗာလသည် အမြော်အမြင် ဉာဏ်ပညာ မရှိသဖြင့် ဘီလူး၏စကားကို ယုံကြည်ကာ တင်လာခဲ့သမျှ ရေအိုးတို့ကို ရိုက်ခွဲစေ၍ တစ်လက်ခုပ်မျှလောက်သော ရေကိုပင် အကြွင်းအကျန် မထားစေဘဲ ရေအားလုံးကို သွန်မှောက်စွန့်ပစ်စေ၍ ပေါ့ပါးစွာ ခရီးနှင်ခဲ့ရာ၊ လမ်းခရီးတစ်လျှောက်လုံး ရေကို လုံးဝမတွေ့ရဘဲ၊ ရေအတွက် အခက်ကြုံကာ ရေမသောက်ကြရသဖြင့် လူအားလုံးတို့မှာ ဒုက္ခရောက်ကြရလေကုန်၏။ လူတို့သာ ဒုက္ခရောက်ကြသည်မဟုတ်။ နွားတို့လည်း ရေမသောက်ကြရသဖြင့် ရေငတ်ကာ သေလုမတတ် ဖြစ်ကြရကုန်၏။ ရေမရှိသဖြင့် ယာဂုကျိုရန်၊ ထမင်းချက်ရန်လည်း မဖြစ်၍ အာဟာရပြတ်ကာ အငတ်ဘေးဆိုက်ကြကုန်၏။ ဤသို့ အငတ်ငတ် အပြတ်ပြတ်နှင့် လာခဲ့ကြရာ၊ တစ်နေ့သောအခါ နေဝင်သည်တိုင်အောင် ခရီးပြင်းနှင်ခဲ့၍ နေဝင်သည်နှင့် တစ်ပြိုင်နက် လှည်းတို့ကိုချွတ်ကာ လှည်းဝိုင်းကြီးပြုလုပ်ပြီး၊ နွားများကို လှည်းဘီး၌ ချည်နှောင်လျက် လူတို့သည် အင်အားမရှိ ချည့်နဲ့စွာဖြင့် လှည်းဝိုင်းအတွင်း ထိုထိုအရပ်ရပ်၌ ထိုးအိပ်ကြလေကုန်၏။ ထိုညတွင် ဘီလူးတို့သည် ဘီလူးမြို့မှ ထွက်ခွာထွက်ခွာလာကာ အင်အားချည့်နဲ့သဖြင့် တစ်စုံတစ်ရာ ပြန်လှန်ခုခံရန် မစွမ်းနိုင်သော ဗာလနှင့်တကွ လှည်းပေါင်းငါးရာတွင်ပါသည့် လူအားလုံးနှင့် နွားအားလုံးကို အသက်ကုန်ခြင်းသို့ ရောက်စေလျက် အသားတို့ကို စားမျို

mgyoe.com

mgyoe.com


ကာ အရိုးတို့ကို ချန်ထားပြီး ပြန်သွားကြလေကုန်၏။ လှည်းပေါင်း ၅၀၀ (ငါးရာ) နှင့် တင်ဆောင်လာသော ပစ္စည်းဘဏ္ဍာတို့မှာမူ ထိုနေရာ၌ပင် တည်ရှိနေကြလေကုန်၏။

(အဋ္ဌကထာ ဆရာအရှင် ဗုဒ္ဓဃောသ၏ မှတ်ချက်။ ။ ဉာဏ်ပညာ မရှိသော လှည်းကုန်သည်မှူးတစ်ဦး၏ အမြော်အမြင် မရှိမှု၊ အမှားအမှန်ကို ဝေဖန်ခွဲခြားခြင်း မပြုနိုင်မှု၊ မိုက်မဲမှု၊ တွေဝေမှုအတွက် လူပေါင်းများစွာ၊ နွားများပါမကျန် ပျက်စီးခြင်းသို့ ရောက်ရ၏။)

## ဘုရားအလောင်း လှည်းကုန်သည်မှူး ခရီးထွက်ခဲ့ခြင်း

ဘုရားလောင်း လှည်းကုန်သည်မှူးလည်း ဗာလတို့ထွက်သွားပြီး လခွဲအကြာတွင် လှည်းပေါင်း ၅၀၀ (ငါးရာ) ဖြင့် ထွက်လာခဲ့ရာ၊ ဗာလတို့ရောက်သော ဘီလူးတို့နေထိုင်ရာ ရေမရှိသည့် "နိရုဒက ကန္တာရ" အဝသို့ ရောက်လာခဲ့လေ၏။ ဘုရားလောင်းသည် ကန္တာရအဝသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထိုအရပ်တွင် ခေတ္တစခန်းချကာ ရေအိုးကြီးပေါင်းများစွာနှင့် ရေများကို အပြည့်ယူငင် တင်ဆောင်လျက် မိမိ၏လူများကိုလည်း စည်တော်တီး၍ အမှတ်ပေးကာ စုဝေးစေပြီးနောက်

"အချင်းတို့၊ ယခုကစပြီး ကျွန်ုပ်ကို မပန်ကြားဘဲ ရေတစ်လက်ခုပ်ကိုမျှ အချည်းနှီး သုံးမပစ်ကြနှင့်။ ၎င်းပြင် သည်ကန္တာရထဲမှာ အဆိပ်ပင်တွေရှိတယ်။ သင်တို့ ယခင်က မစားဖူးတဲ့ အရွက်၊ အပွင့်၊ အသီး ဟူသမျှ ကျွန်ုပ်ကို မပန်ကြားဘဲ ဘာတစ်ခုမျှ မစားကြလေနှင့်"

ဟု ဆုံးမစကား ပြောကြားကာ သတိပေးထားလေ၏။ ဤသို့ စီစဉ်စိုင်းပြင်းပြီးနောက် လှည်းပေါင်း ၅၀၀ (ငါးရာ) ဖြင့် ယူဇနာခြောက်ဆယ် အတိုင်းအရှည်ရှိသော ကန္တာရထဲသို့ ဝင်လာခဲ့ရာ မကြာမီ ကန္တာရအလယ်သို့ ရောက်လာခဲ့လေ၏။ ကန္တာရ၌ ကြီးမှူးနေထိုင်သော ယခင် ဘီလူးသည် လှည်းကုန်သည်မှူး ဗာလတို့အား ပြုလုပ်ပြသသော နည်းအတိုင်း ရေအစိုစို ရွှံ့ညွန်အလိမ်းလိမ်းကပ်သော လှည်းဖြင့် ကြာဖြူ၊ ကြာနီ၊ ကြာညိုပန်းတို့ကို ပန်ဆင်ယူဆောင်ကာ အခြွေအရံဘီလူး ၁၂ ယောက်နှင့်တကွ ဘုရားလောင်းရှိရာသို့ မောင်းနှင်လာခဲ့ပြီး ဘုရားလောင်း၏ ရှေ့တူရူ၌ ရပ်တန့်လျက် ဗာလတို့အား ပြောဆိုသည့်နည်းတူ မေးမြန်းပြောဆိုလေ၏။ ဘုရားလောင်းသည် ထိုသူ၏ အရိပ်အကဲကို မြင်ကတည်းက ရိပ်မိသိရှိခဲ့၏။

mgyoe.com

mgyoe.com


"ဤအရပ်သည် ရေမရှိသော နိရဒကကန္တာရဖြစ်၍ ဤခရီးလမ်းတွင် ရေမရှိနိုင်၊ ဤသူသည် ကြောက်ခြင်း၊ ရွံ့ခြင်း မရှိ၊ မျက်စိလည်း နီရဲနေသည်။ သူ၏ကိုယ်မှလည်း အရိပ်မထွက်၊ ဤသူသည် လူမဟုတ်။ မုချအားဖြင့် ဘီလူး ဖြစ်ရမည်။ ရှေ့ကသွားတဲ့ ဗာလတို့လူစုကို သည်နည်းအတိုင်း ပြုလုပ်ပြော ဆိုလို့ ရေတွေအကုန်စွန့်ပစ်စေပြီး ရေငတ်လို့ အစာပြတ် အားကုန်တဲ့အချိန် ဇိဝိန်ကိုခြွေပြီး အကုန်လုံး စားမျိုပစ်လိုက်ပုံရတယ်။ ဗာလတို့နည်းတူ ငါတို့ ကိုလည်း စားချင်ပုံရသည်။ ငါ၏ အမြော်အမြင်ဉာဏ်နဲ့ ပြည့်စုံပုံ၊ အကြောင်း ဟုတ်သည် မဟုတ်သည်၌ ဝေဖန်နိုင်ပုံ၊ ပညာရှိပုံကို သိပုံမရဘူး ဟု လေးနက် စွာ စဉ်းစားမိလေ၏။ ဘုရားလောင်းသည် ထိုသို့စဉ်းစားပြီး

"ခင်ဗျားတို့ သွားမှာသာ သွားကြပါ။ ကျုပ်တို့ ကုန်သည်ဆိုတာ နောက်ထပ်ရေကို မျက်ဝါးထင်ထင် မမြင်မတွေ့ရသမျှ လက်ရှိရေကို ဘယ်တော့မှ မစွန့်နိုင်ဘူး မှတ်ပါ။ လက်ငင်းဒိဋ္ဌ ရေကိုတွေ့တဲ့ နေရာကျတော့မှ လက်ရှိရေကို စွန့်ပစ်ပြီး လှည်းများကို ဝန်ပေါ့လုပ် သွားကြမှာပဲ"

ဟု ခပ်တင်းတင်း ပြောဆိုလိုက်လေ၏။ ဘီလူးလည်း နောက်ထပ် ပြောရန် တွန့်ပုံမရသဖြင့် ဆက်လက်မပြောတော့ဘဲ၊ ဘုရားလောင်းတို့ မျက်စိ တဆုံး လှည်းနှင့်သွားယောင်ဆောင်ပြီး မိမိနေရာ ဘီလူးမြို့သို့ ပြန်သွား လေ၏။ ဘီလူး သွားပြီးနောက် ဘုရားလောင်း၏ နောက်လိုက် နောက်ပါ လှည်းကုန်သည်ဖြစ်ကြသော လူပေါင်းများစွာတို့က ဘုရားလောင်းအား

"အို–အရှင်။ ယခုတင်က လူတွေက ပြောသွားတယ် မှတ်လား။ ရှေ့က ညို့မှိုင်းနေတဲ့ တောအုပ်ကြီးရှိတယ်။ အဲသည်ကစပြီး တော အုပ်ကြီးတစ်ခုလုံးဟာ ရေပြင်တစပ်တည်းဖြစ်အောင် အမြဲတမ်း မိုးရွာ နေတယ်။ ကြာဖြူ၊ ကြာညို၊ ကြာနီတွေလည်း သူတို့ ပန်ဆင်ယူငင် လာကြတယ်။ ဆံပင်စိုစို၊ အဝတ်စိုစိုနှင့် သူတို့တစ်ကိုယ်လုံးလည်း စိုရွှဲနေကြတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း ယူလာတဲ့ရေတွေ စွန့်ပြီး ဝန်ပေါ့ပေါ့နှင့် သွားကြရအောင်"

ဟု ပြောဆိုကြလေ၏။ ထိုအခါ ဘုရားလောင်းသည် လှည်းအပေါင်း ကို ခေတ္တရပ်နားစေကာ လူများကို စုဝေးစေ၍

"အချင်းတို့၊ သည်ကန္တာရခရီးထဲမှာ ရေအိုင်တွေ၊ ရေကန်တွေ ရှိတယ် လို့ သင်တို့ ယခင်က ကြားဖူးကြသလား"

ဟု မေးလိုက်လေ၏။

mgyoe.com

mgyoe.com


လူအများ – "မကြားဖူးကြပါ"
ဘုရားလောင်း – "မှန်တယ်။ ဒါဟာ ရေမရှိတဲ့ နိရဒကကန္တာရ ခေါ်တယ်"
လူအများ – "သို့–ယခုတင်ကလူတွေကတော့ ရှေ့ကတောအုပ်ကြီးမှာ မိုးရွာနေတယ်လို့ ပြောဆိုသွားကြပါကလား"
ဘုရားလောင်း – "မိုးသက်လေဆိုတာ အရပ်ဒေသ ဘယ်မျှလောက်အထိ တိုက်ခတ်သလဲ"
လူအများ – "တစ်ယူဇနာမျှသော အရပ်ကို တိုက်ခတ်လေ့ ရှိပါတယ်"
ဘုရားလောင်း – "သင်တို့အထဲက တစ်ယောက်ယောက်ရဲ့ ကိုယ်ကာယကို မိုးသက်လေ တိုက်ခတ်ခံရတာ ရှိပါသလား"
လူအများ – "မရှိပါ"
ဘုရားလောင်း – "မိုးတိမ်ညွန့်ဆိုတာ ဘယ်မျှလောက်သော အရပ်က မြင်ရသလဲ။ ဘယ်မျှလောက်သော အရပ်တိုင်အောင် ထင်သလဲ"
လူအများ – "သုံးယူဇနာအရပ်က မြင်ရပါတယ်။ သုံးယူဇနာအထိ ထင်လေ့ရှိပါတယ်"
ဘုရားလောင်း – "သင်တို့အထဲက တစ်စုံတစ်ယောက်ဟာ မိုးတိမ်ညွန့်ကို မြင်သလား။ မိုးတိမ်ညွန့် မြင်ရသူ သင်တို့အထဲမှာ ပါသလား"
လူအများ – "မရှိပါ၊ မပါပါ"
ဘုရားလောင်း – "လျှပ်စစ် တိမ်ပန်းဆိုတာ အရပ်ဒေသ ဘယ်မျှလောက် အထိ လက်သလဲ"
လူအများ – "လေးယူဇနာ၊ ငါးယူဇနာ အရပ်အထိ လက်ပါတယ်"
ဘုရားလောင်း – "သင်တို့အထဲမှာ လျှပ်စစ်တိမ်ပန်း လက်တာကို မြင်ရသူ ရှိသလား။ ပါသလား"
လူအများ – "မရှိပါ၊ မပါပါ"
ဘုရားလောင်း – "မိုးသံ (မိုးချုန်းသံ၊ မိုးဟိန်းသံ၊ မိုးကြိုးထစ်သံ၊ မိုးကြိုးပစ်သံ စသည်ကို ဆိုလို၏။) ဆိုတာ ဘယ်မျှလောက်သော အရပ်က ကြားရသလဲ"
လူအများ – "တစ်ယူဇနာ၊ နှစ်ယူဇနာ အရပ်ကနေပြီး ကြားရပါတယ်"

mgyoe.com

mgyoe.com


ဘုရားလောင်း – "သင်တို့အထဲမှာ မိုးသံကြားရတဲ့သူ တစ်စုံတစ်ယောက် ရှိသလား"

လူအများ – "မရှိပါ၊ မကြားရပါ"

ဘုရားလောင်း – "ယခုတင်က သူတွေဟာ လူမဟုတ်ဘူး။ ဘီလူးတွေ လူယောင်ဆောင်လာတာ ဖြစ်တယ်။ ကျွန်ုပ်တို့ကို ရေတွေကို အကုန်စွန့်ပစ်စေပြီး အစာရေစာငတ်လို့ အားနည်းအောင်လုပ်ပြီး စားပစ်ဖို့ရာ လာကြတာ ဖြစ်မှာပဲ။ ရှေ့ကသွားတဲ့ လှည်းကုန်သည်မှူး ဗာလဟာ အမြော်အမြင်ဉာဏ် မရှိဘူး။ ကျွန်တော် ထင်တယ်။ ခုတင်က ဘီလူးဟာ ဗာလကို သည်နည်းနှင့် ရေတွေအကုန်စွန့်ပစ်စေပြီး အစာရေစာပြတ်လို့ ပင်ပန်းအားနည်းအောင် လုပ်ပြီး ဗာလတို့လူစုအားလုံးကို စားပစ်လိုက်ပုံရတယ်။ ဗာလတို့ လှည်းတွေဟာ ကုန်စည်ဘဏ္ဍာ အပြည့်နှင့် သည်အတိုင်း ရှိနေကြလိမ့်မည်။ ဒါတွေကို ကျွန်တော်တို့သည် ယနေ့ပဲ မြင်ကြရလိမ့်မည် ထင်တယ်။ ဒါကြောင့် ပါလာတဲ့ ရေတွေကို တစ်လက်ခုပ်လောက်မှ မသွန် မစွန့်ကြလေနှင့်။ ကဲ၊ မြန်မြန်ခရီးနှင်မှ ဖြစ်ကြတော့မည်။ နှင်ကြလေတော့"

ဘုရားလောင်း လှည်းကုန်သည်မှူးသည် အထက်ပါအတိုင်း ပြောဆိုပြီး၊ လှည်းပေါင်း ၅၀၀ (ငါးရာ) ဖြင့် အမြန်စိုင်းနှင်ခဲ့လေရာ ကန္တာရမှ မထွက်မီ စခန်းတစ်ခုတွင် အရှင်မရှိသော ပစ္စည်းဘဏ္ဍာ အပြည့်နှင့် လှည်းပေါင်း ၅၀၀ (ငါးရာ) ကို တွေ့ရှိရ၍ အနီးအနား ပတ်ဝန်းကျင် တစ်ဝိုက်၌လည်း လူနှင့် နွားတို့၏ လက်ရိုး၊ ခြေရိုး စသော အရိုးတို့ကို ဖရိုဖရဲ ပြန့်ကြဲနေသည်ကို တွေ့ရလေ၏။ ဤအရှင်မရှိသော ပစ္စည်းဘဏ္ဍာအပြည့်နှင့် လှည်းများမှာ အခြားမဟုတ်၊ ဗာလတို့၏ လှည်းပေါင်း ၅၀၀ (ငါးရာ) ပင် ဖြစ်၍ ဖရိုဖရဲ ပြန့်ကြဲနေသော အရိုးတို့မှာလည်း ဗာလတို့လူစုနှင့် ဗာလတို့ နွားများ အရိုးများပင် ဖြစ်ပေသည်။ ဘုရားလောင်းသည် ထိုအရပ်၌ပင်လျှင် လှည်းများကို ချွတ်စေ၍ စခန်းချကာ လှည်းဝိုင်းကြီးဖွဲ့လျက် နေမဝင်မီ အချိန်ရှိခိုက် လူများနှင့် နွားများကို ညစာစားစေ၏။ ညစာစားပြီးနောက် လူများကို ပတ်ချာ

mgyoe.com

mgyoe.com


လှည့်၍ ဝိုင်းဖွဲ့ကာ လူများ၏အလယ်ကောင်၌ နွားများကို အိပ်စေ၍ ညရေး အတွက် အစောင့်ချပြီး မိမိကိုယ်တိုင် (ဘုရားလောင်း ကိုယ်တိုင်) စစ်ဗိုလ်မှူး ပြုလုပ်ကာ သံလျက်ကိုကိုင်၍ တစ်ညလုံးမအိပ်ဘဲ နံနက်လင်းသည့် တိုင် အောင် စောင့်နေလေ၏။ ဘီလူးများ မလာကြတော့ပေ။ ဘုရားလောင်းသည် နံနက်လင်းသည်နှင့် တစ်ပြိုင်နက် အလုံးစုံသော ပြုဖွယ်ကိစ္စဟူသမျှကို ပြုလုပ် စေပြီးနောက် နွားများကို အစာကျွေး၍ အလိုရှိရာ (ဖောက်သည်ရှိရာ) ဌာနသို့ မောင်းနှင်ခဲ့ကြလေ၏။ ဤသို့ဖြင့် စီးပွားဥစ္စာ ဖြစ်ထွန်းစွာဖြင့် ဘေးရန်မရှိ၊ မိမိတို့နေရပ်ဖြစ်သော ဗာရာဏသီပြည်သို့ ပြန်လည်ရောက်ရှိခဲ့ကြလေ သတည်း။

(ဥပဒေသမှတ်ချက်။ ။ ပညာဉာဏ် အမြော်အမြင်နှင့် ပြည့်စုံ၍ အမှားအမှန်ကို ဝေဖန်ခွဲခြားနိုင်သော ဉာဏ်ပညာရှိသူ တစ်ဦးကို အမှီပြုပြီး၊ လူပေါင်းများစွာ နွားတိရစ္ဆာန်များပါမကျန် ချမ်းသာသုခ ရကြရ၏။)

လူကြီးမင်းများခင်ဗျား။

(၃) ပူဇော်ထိုက်သူကို ပူဇော်ခြင်းဟာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

ပူဇော်ထိုက်သူကို ပူဇော်ရမယ်လို့ ဟောထားတဲ့အတွက် မပူဇော်ထိုက် တဲ့လူကို မပူဇော်ရဘူးလို့လည်း အဓိပ္ပာယ်ရပါတယ်။ ပူဇော်ထိုက်တဲ့လူကို ပူဇော်ရင် အကျိုးဖြစ်သလို၊ မပူဇော်ထိုက်တဲ့လူကို ပူဇော်ရင် အပြစ်ဖြစ်တယ်။

မြတ်စွာဘုရား လက်ထက်တော်က အဇာတသတ် မင်းသားဟာ မပူဇော်ထိုက်တဲ့ ဒေဝဒတ်ကို အပူဇော်မှားတဲ့အတွက် အခုထက်ထိ ငရဲမှာပဲ ခံနေရပါသေးတယ်။

လူကြီးမင်းများခင်ဗျား။

(၄) လျော်ကန်သင့်မြတ်တဲ့ အရပ်မှာ နေထိုင်ခြင်းဟာလည်း မင်္ဂလာ တစ်ပါး ဖြစ်ပါတယ်။

အဲဒီလိုဆိုရင် လျော်ကန်သင့်မြတ်တဲ့ အရပ်ဆိုတာ ဘယ်လိုအရပ် မျိုးလဲ။

ရဟန်းသူတော် သူမြတ်တို့လည်း ရှိတယ်။ ရတနာသုံးပါးကို ကြည်ညို ကြတဲ့ ဥပသကာ၊ ဥပါသိကာမတွေလည်း ရှိတယ်။ ရဟန်းသူတော် သူမြတ် တွေကိုလည်း ဖူးမျှော်ခွင့်ရမယ်။ စေတီပုထိုးတို့ကိုလည်း ဖူးမျှော်ခွင့်ရမယ်။

mgyoe.com

ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေကိုလည်း ပြုလုပ်ပွားများခွင့် ရမယ်။ အဲဒီအရပ်ဟာ လျော်ကန် သင့်မြတ်တဲ့အရပ် ဖြစ်တယ်။

လူကြီးမင်းများခင်ဗျား။

နေရပ်ရွေးတဲ့အခါ အထူးလိုက်နာသင့်တဲ့ စံချိန်လေးခုကို အောက်တွင် ဖော်ပြလိုက်ပါတယ်။

## နေရပ်ရွေးပုံ

(က) အကြင်အရပ်မှာ နေခြင်းကြောင့် ရွှေ၊ ငွေ၊ ဘဏ္ဍာ၊ လယ်ယာ၊ နွား၊ ကျွဲ၊ ပုလဲ၊ ပတ္တမြား စသော လောကီဥစ္စာ ရတနာတို့နှင့် လွန်စွာပြည့်စုံ၍ ရွှေအိမ်ရွှေနန်းပေါ်၌ စံမြန်းကာ နေရ၏။ ဒါန၊ သီလ စသော ကုသိုလ်တရားတို့မူကား တိုးပွားခြင်းမရှိ။ ငွေတစ်ထောင် ရဖို့ရန် အတွက် ငွေတစ်ဆယ် စွန့်လွှတ်ရန် မခက်သကဲ့သို့ ဉာဏ်ဖြင့်ချိန်ဆ၍ ထိုအရပ်မှ ဖဲသွားရာ၏။

(ခ) အကြင်အရပ်မှာ နေခြင်းကြောင့် လောကီပစ္စည်းဥစ္စာ ရတနာလည်း မတိုးပွား၊ ဒါန စသော ကုသိုလ်တရားလည်း မဖြစ်။ ထိုအရပ်မှာ တစ်နေ့တစ်ရက်မျှ မနေဘဲ အမြန်စွန့်ဖဲ၍ သွားရာ၏။

(ဂ) အကြင်အရပ်မှာ နေခြင်းကြောင့် ဒါန စသော ကုသိုလ်တရားတို့မူကား အလွန်တိုးပွား၏။ လောကီ ပစ္စည်းဥစ္စာ ရတနာတို့မှာမူကား တိုးပွားဖြစ်ထွန်းခြင်း မရှိ။ ထိုအခါ ကြီးစွာသော ဆင်းရဲကို လွန်မြောက်လိုသောသူသည် အနည်းငယ်မျှသော ဆင်းရဲကို မကြောက်သကဲ့သို့ ဉာဏ်ဖြင့် ချိန်ဆကာ ထိုအရပ်မှာပင် နေရာ၏။

(ဃ) အကြင်အရပ်မှာ နေခြင်းကြောင့် လောကီ ဥစ္စာရတနာတို့ကလည်း လွန်စွာ တိုးပွား၏။ ဒါန စသော ကုသိုလ်တရားကလည်း လွန်စွာ ဖြစ်ထွန်း၏။ ထိုအရပ်မှာ တစ်သက်ပတ်လုံး နေထိုင်အပ်၏။

လူကြီးမင်းများခင်ဗျား။

(၅) ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိသူ ဖြစ်ခြင်းဟာလည်း မင်္ဂလာတစ်ပါးပင် ဖြစ်ပါတယ်။

ဒီအချက်နဲ့ ပတ်သက်ပြီး ကံ၊ ဉာဏ်၊ ဝီရိယ မိန့်ခွန်းမှာတုန်းက အတော်ကလေး ရှင်းပြပြီးခဲ့တဲ့အတွက် ဒီမိန့်ခွန်းထဲမှာတော့ ဒီအချက်ကို ကျွန်တော် ဒီလောက်ပဲ ပြောချင်ပါတယ်။

mgyoe.com

mgyoe.com


လူကြီးမင်းများခင်ဗျား။

(၆) အကျင့်တရား မပျက်ပြားအောင် မိမိ ကိုယ်နှုတ်၊ စိတ်ကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ခြင်းဟာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။ ဒီမင်္ဂလာတရားဟာ တခြားမဟုတ်ပါဘူး။

(က) မဖြစ်သေးတဲ့ အကုသိုလ်တရားတွေကို မဖြစ်ရအောင် အားထုတ်ခြင်း၊

(ခ) ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေကို ပယ်နိုင်အောင် အားထုတ်ခြင်း၊

(ဂ) မဖြစ်သေးတဲ့ ကုသိုလ်တရားတွေကို ဖြစ်အောင် အားထုတ်ခြင်း၊

(ဃ) ဖြစ်ပြီးတဲ့ ကုသိုလ်တရားတွေကို ပွားများအောင် အားထုတ်ခြင်း ဆိုတဲ့ သမ္မပ္ပဓာန် တရားလေးပါးပဲ ဖြစ်ပါတယ်။

ဒီမင်္ဂလာဖြစ်အောင် အားထုတ်ချင်ကြတဲ့ လူတွေဟာ၊ ဂဝေသီဆရာကြီးနဲ့ သူ့တပည့်တွေကို နည်းယူဖို့ကောင်းတယ်။ အဲဒါကြောင့် ဂဝေသီဝတ္ထုကို ထုတ်ဖော်ပြလိုပါတယ်။

## ဂဝေသီဝတ္ထု

လွန်လေပြီးသောကာလ ကဿပဘုရားရှင် လက်ထက်တော်က "ဂဝေသီ" အမည်ရှိသော ဥပါသကာကြီးသည် ရှိ၏။ ထိုဆရာကြီး၌ တပည့်ငါးရာ ရှိ၏။ တစ်ရံရောအခါ ထိုဆရာကြီးသည် ငါးပါးသီလကို ဆောက်တည်ပြီးလျှင် "အသင်တပည့်တို့၊ ယနေ့ကစ၍ ငါ့အား ငါးပါးသီလတည်သော ဆရာကြီးဟူ၍ မှတ်ယူကြကုန်လော့" ဟု ပြောကြား၏။ ထိုအခါ ငါးရာသော တပည့်တို့ကလည်း ငါးပါးသီလ ဆောက်တည်ကြပြီးလျှင် "အရှင်ဆရာကြီး၊ အကျွန်ုပ်တို့ကိုလည်း ယနေ့ကစ၍ ငါးပါးသီလ တည်ကြသော သူတို့ဟူ၍ မှတ်ယူတော်မူပါလော့" ဟု ပြောကြားကြကုန်၏။ ထိုအခါ ဆရာကြီးက ဗြဟ္မစရိယ ပဉ္စမက သီလကို ဆောက်တည်ပြီးလျှင် "အသင်တပည့်တို့၊ ယနေ့ကစ၍ ငါ့အား ဗြဟ္မစရိယ ပဉ္စမက သီလတည်သော သူဟူ၍ မှတ်ကြကုန်လော့" ဟူ၍ ပြောကြားပြန်၏။ ထိုအခါ ငါးရာသောတပည့်တို့ကလည်း ဗြဟ္မစရိယ ပဉ္စမကသီလကို ဆောက်တည်ပြီးလျှင် "အရှင်ဆရာကြီး၊ အကျွန်ုပ်တို့ကိုလည်း ယနေ့ကစ၍ ဗြဟ္မစရိယ ပဉ္စမက သီလတည်သော သူတို့ဟူ၍ မှတ်ယူတော်မူ

mgyoe.com

mgyoe.com


ပါလော့" ဟု ပြောကြားကြကုန်၏။ ထိုအခါ "ဂဝေသီ" ဆရာကြီးက ညစာ မစားဘဲ ကေဘတ္တိက ဆက္ကသီလကို ဆောက်တည်ပြီးလျှင် "အို-အသင် တပည့်တို့၊ ယနေ့ကစ၍ ငါ့အား ညစာမစားဘဲ ကေဘတ္တိက ဆက္ကသီလကို ဆောက်တည်သော သူဟူ၍ မှတ်ယူကြကုန်လော့" ဟု ပြောကြားပြန်၏။ ထိုအခါ ငါးရာသော တပည့်အပေါင်းတို့ကလည်း ကေဘတ္တိက ဆက္ကသီလကို ဆောက်တည်ပြီးလျှင် "အရှင်ဆရာကြီး၊ အကျွန်ုပ်တို့ကိုလည်း ကေဘတ္တိက ဆက္ကသီလ ဆောက်တည်သူတို့ဟူ၍ မှတ်ယူတော်မူပါလော့" ဟု ပြောကြား ကုန်ပြန်၏။ ထိုအခါ "ဂဝေသီ" ဆရာကြီးက လူနတ်တို့၏ဆရာ ဖြစ်တော်မူ သော ကဿပရှင်တော် ဘုရားအထံ၌ ရဟန်းအဖြစ်ကို ခံယူပြီးလျှင် ရဟန်း တရားကို မပြတ်အားထုတ်သောအခါ မကြာမြင့်မီ အာသဝေါကုန်ခန်း ရဟန္တာ အဖြစ်သို့ ရောက်လေ၏။ တပည့်ငါးရာတို့ကလည်း ထိုနည်းတူစွာ လူနတ်တို့ ၏ဆရာ ဖြစ်တော်မူသော ကဿပဘုရားရှင်ထံ၌ ရဟန်းအဖြစ်ကို ခံယူပြီး လျှင် ရဟန်းတရားကို မပြတ်အားထုတ်ကြသောအခါ မကြာမြင့်မီ အာသဝေါ ကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

လူကြီးမင်းများခင်ဗျား။

ဒီ "ဂဝေသီ" ဆရာတပည့်တွေကို ကြည့်ပြီး ကျွန်တော်တို့ လူ့အဖွဲ့ အစည်းမှာ ခေါင်းဆောင်အဆင့်ဆင့်နဲ့ ငယ်သားအဆင့်ဆင့်တွေဟာ ကိုယ် နှုတ်နှလုံး သုံးပါးစလုံး သန့်ရှင်းစင်ကြယ်တဲ့နေရာမှာ အဖျင်းတကာ့ အဖျင်း ဆုံး ငွေ၊ မိန်းမ၊ အလောင်းကစား၊ အရက်ဆိုတဲ့ လူဖျက်အန္တရာယ်ကြီးတွေနဲ့ ကင်းကင်းစင်စင်ရှိတဲ့ နေရာမှာ တစ်ဦးနဲ့တစ်ဦး အပြိုင်အဆိုင် လုပ်နိုင်ကြ ရင် အင်မတန်ကောင်းမယ်။

လူကြီးမင်းများခင်ဗျား။

ခေါင်းဆောင်ကြီးငယ်တွေသာ ဂဝေသီဆရာကြီးလို ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို သန့်ရှင်းစင်ကြယ်တဲ့နေရာမှာ အဖျင်းတကာ့ အဖျင်းဆုံး၊ ချောက်ကမ်းပါးကြီးတွေနဲ့ ကင်းရှင်းတဲ့နေရာမှာ အောက်ကို ပြန်မကျဘဲ၊ ရပ်တန့်ပြီးလည်း မနေကြဘဲ တစ်ဆင့်ပြီးတစ်ဆင့် တိုးပြီး စင်ကြယ်သွားနိုင် ကြအောင် ကြိုးစားရမယ်။

ခေါင်းဆောင် အဆင့်ဆင့်တွေ ကိုယ်နှုတ်နှလုံး သုံးပါးစလုံး သန့်ရှင်း စင်ကြယ်တဲ့နေရာတွေမှာ အဖျင်းတကာ့ အဖျင်းဆုံး ငွေ၊ မိန်းမ၊ အလောင်း

mgyoe.com

mgyoe.com


အစား၊ အရက် ဆိုတဲ့ ညစ်ညမ်းမှုတွေနဲ့ ကင်းကင်းရှင်းရှင်းဖြစ်တဲ့ နေရာတွေမှာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်သွားတိုင်း၊ ယယ်သားတွေကလည်း ဂဓေသီဆရာကြီးရဲ့ တပည့်တွေလို ခေါင်းဆောင် အဆင့်ဆင့်တွေနဲ့ လိုက်ပြီးတိုးတက်နိုင်အောင် ကြိုးစားရမယ်။

လူကြီးမင်းများခင်ဗျား။

ပြည်ထောင်စုသား တစ်ယောက်အတွက် ဒီမင်္ဂလာတရားဟာ အင်မတန်အရေးကြီးတဲ့တရား ဖြစ်ပါတယ်။ ကြမ်းပြင်တွေမှာ အကွပ်ဟာ အရေးကြီးသလို၊ လှေတို့ သင်္ဘောတို့မှာလည်း တက်မဟာ အရေးကြီးသလို၊ ဟင်းမှာလည်း ဆားဟာ အရေးကြီးသလို၊ ကိုယ်အကျိုး စီးပွားကိုရော နိုင်ငံရေးနဲ့လူထုရဲ့ အကျိုးစီးပွားကိုရော စွမ်းစွမ်းတမံ ရွက်ဆောင်ချင်တဲ့ ပြည်ထောင်စုသားတစ်ဦးအတွက် ဒီမင်္ဂလာဟာ အထူးအရေးကြီးတဲ့ အထိန်းတရားကြီး ဖြစ်ပါတယ်။

အဲဒါကြောင့် ဒီမင်္ဂလာနဲ့ အထူးပြည့်စုံအောင် ကြိုးစားကြဖို့ ကျွန်တော်လေးနက်စွာ တိုက်တွန်းလိုပါတယ်။

လူကြီးမင်းများခင်ဗျား။

(၇) အကြားအမြင်များသော သူဖြစ်ခြင်းဟာ မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

ဒီမင်္ဂလာတရားတော်နဲ့ ပြည့်စုံစေလိုတဲ့ လူတစ်ယောက်ဟာ အနည်းဆုံး အောက်ပါအချက်တွေနဲ့ ပြည့်စုံအောင် ကြိုးစားရမယ်။

(က) စာရေး စာဖတ်တတ်ရမယ်။

(ခ) မင်္ဂလာတရားတော်၊ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးတော်၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဒုစရိုက် ၁၀ ပါး၊ သုစရိုက် ၁၀ ပါး၊ ပုညကြိယာတရား ၁၀ ပါးတို့ရဲ့ အကျိုးအပြစ်တွေကို သိရမယ်။

(ဂ) မိဘဝတ်၊ သားသမီးဝတ်၊ လင်ဝတ်၊ မယားဝတ်၊ ကျွန်ဝတ်၊ အရှင်ဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်၊ ရဟန်းဝတ်၊ ဒါယကာဝတ်တွေကို သိရမယ်။

(ဃ) လယ်သမားဖြစ်ရင် လယ်နဲ့ဆိုင်ရာ အတတ်ပညာတွေကို တတ်သိရမယ်။ ကုန်သည်ဖြစ်ရင် ကုန်နဲ့ဆိုင်ရာ အတတ်ပညာတွေကို တတ်သိရမယ်။

mgyoe.com

mgyoe.com


အကျဉ်းအားဖြင့် မိမိတို့လုပ်ကိုင်တဲ့ အလုပ်အကိုင်တွေကို သေသေချာချာ နားလည်ရမယ်။

(င) အနာရောဂါအကြောင်းကို သိရမယ်။ အနာရောဂါကို တားမြစ်နိုင်တဲ့ ဆေးကို သိရမယ်။

(စ) လူတွေ ပျက်စီးရတဲ့အကြောင်းတွေဟာ ဘာလဲ။ ကြီးပွားရတဲ့ အကြောင်းတွေဟာ ဘာလဲ ဆိုတာတွေကို သိရမယ်။

(ဆ) မိမိတို့ ကိုးကွယ်ဆည်းကပ်နေတဲ့ ဘာသာတရားတော်ဟာ မြင့်မြတ်တာ ဘာကြောင့်လဲဆိုတာကို သိရမယ်။

(ဇ) မိမိတို့လူမျိုးများ ကြီးပွားမြင့်မြတ်ခဲ့ဖူးကြောင်း သာဓကများ ထင်ရှားစွာ ဖော်ပြထားတဲ့ မိမိတို့ရဲ့ သမိုင်းကို နှံ့စပ်ရမယ်။

လူကြီးမင်းများခင်ဗျား။

အကြားအမြင် ရှိရမယ်လို့ဆိုတိုင်း တွေ့ကရာ အကြားအမြင်ကို ရှိရမယ်လို့ မဆိုလိုပါဘူး။ မကောင်းတဲ့ အကြားအမြင်ဆိုရင် ရှောင်ရမယ်။ ဒီ မကောင်းတဲ့ အကြားအမြင် ရှိနေတဲ့အတွက် အပြစ်တောင် ဖြစ်နိုင်ပါသေးတယ်။

ရာဂတွေ၊ လောဘတွေ၊ ဒေါသတွေ ဖြစ်အောင် လှုံ့ဆော်ပေးတဲ့ ဒဏ္ဍာရီဝတ္ထု၊ ကာလပေါ်ဝတ္ထု အစရှိတဲ့ စာပေတွေဟာ ဖတ်သူတွေကို မကောင်းတဲ့ အကြားအမြင်တွေ ဖြစ်စေတဲ့အတွက် ဒီဟာမျိုးတွေကို ရှောင်ကြဉ်ကြရမယ်။

(၁) ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး ရေးသားပြုစုခဲ့တဲ့ ဗောဓိပက္ခိယဒီပနီ၊ ဥတ္တမပုရိသဒီပနီ အစရှိတဲ့ကျမ်းတွေ၊

(၂) ကျေးဇူးရှင် စံကျောင်းဆရာတော် ဘုရားကြီး ရေးသားပြုစုခဲ့တဲ့ မင်္ဂလာဖွင့်အကျယ် လက်စွဲ၊ ကံ–ဉာဏ်–ဝီရိယ အကျယ်လက်စွဲကျမ်း၊ မေတ္တာအဖွင့် အကျယ်လက်စွဲကျမ်း၊ သမ္ပဒါဖွင့် အကျယ်ကျမ်း၊ တိုးတက်ကြီးပွား ချမ်းသာရေးကျမ်း အစရှိတဲ့ကျမ်းတွေ၊

(၃) ကျေးဇူးရှင် ဆရာတော် ရှင်ဇနကာဘိဝံသ ရေးသားစီရင်ထားတဲ့ ရတနာ့ဂုဏ်ရည်ကျမ်း၊ ကိုယ်ကျင့် အဘိဓမ္မာကျမ်း အစရှိတဲ့ ကျမ်းတွေ၊

(၄) ကျေးဇူးရှင် မဟာစည်ဆရာတော် ရေးသားစီရင်ထားတဲ့ ဝိပဿ

mgyoe.com

mgyoe.com


နာရှုဖွယ်ကျမ်း၊ မဟာသတိပဋ္ဌာန် တရားတော်ကြီး၊ ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်ကြီး အစရှိတဲ့ ကျမ်းတွေလဲ လောကီ၊ လောကုတ္တရာ နှစ်ဖြာ အကျိုးစီးပွားအတွက် လေ့လာဆည်းပူး သင့်တဲ့ စာအုပ်တွေဖြစ်တယ်။

မြန်မာ့ရာဇဝင်မှာ အလွန်ထင်ရှားတဲ့ ဘိုးရာဇာတို့၊ ဦးကျည်ပွေ့တို့ ဆိုတာဟာ ကျကျနန စာသင်ခဲ့ရဖူးတဲ့ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ ဝီရိယအားကိုးနဲ့ ကိုယ့်ဒူးကိုယ်ချွန်ပြီး ပညာဆည်းပူးခဲ့တဲ့အတွက် ဗာဟုသစ္စဥ္စ အကြား အမြင်များသောသူ ဖြစ်ခြင်း ဆိုတဲ့ မင်္ဂလာနဲ့ပြည့်စုံလာပြီး၊ ရာဇဝင်မှာတောင် ထင်ပေါ်ကျော်ကြားခဲ့ဖူးပါတယ်။

ကျွန်တော်တို့တစ်တွေလည်း အမှတ်တမဲ့ မနေကြဘဲ ဝီရိယအားကိုးနဲ့ ကိုယ့်ဒူးကိုယ်ချွန်ပြီး ပညာဆည်းပူးကြမယ်ဆိုရင် ဒီမင်္ဂလာတရားတော်နဲ့ ပြည့်စုံပြီး ကိုယ်လုပ်နေရတဲ့ အလုပ်မှာလည်း အင်မတန် အထောက်အပံ့ဖြစ် မယ်။ မိမိကိုယ်တိုင်လည်း ထင်ပေါ်ကျော်ကြားလာပြီး နောက်တန်းကနေ ရှေ့တန်းကို ဇကန်မုချ ရောက်လာကြရမယ်။

လူကြီးမင်းများခင်ဗျား။

(၈) လက်မှုပညာ အစရှိတဲ့အတတ်ကို တတ်မြောက်တာဟာလည်း မင်္ဂလာ တစ်ပါး ဖြစ်ပါတယ်။

အခုခေတ် ကမ္ဘာကြီးရဲ့ တိုးတက်ရေးဟာ တခြားဟာ မဟုတ်ဘူး။ စက်မှုလက်မှု ပညာတွေရဲ့ တိုးတက်ရေးပဲဆိုတာကို လူကြီးမင်းတွေအားလုံး သိပြီး ဖြစ်ကြပါတယ်။

လူ့လောကမှာ မပြောထားနဲ့ တိရစ္ဆာန်လောကမှာတောင် တိရစ္ဆာန် ချင်း အတူတူ သိပ္ပမင်္ဂလာနဲ့ ပြည့်စုံနေတဲ့ ပျားနဲ့ စာကလေးတို့ဟာ မိမိတို့နေ ဖို့ရာ ပျားအုံတွေ၊ စာကလေးသိုက်တွေကို ကောင်းကောင်းမွန်မွန် လုပ်တတ်တဲ့ အတွက် တခြားတိရစ္ဆာန်တွေထက် ပိုပြီး ချမ်းချမ်းသာသာ နေကြရတယ်။ မျောက်ဆိုတဲ့ အကောင်မျိုးကတော့ ဘာမှ မလုပ်တတ်ဘူး။ သူများ လုပ်ပြီး သားကိုတောင် ဖျက်ဆီးပစ်တတ်တယ်။ အဲဒါကြောင့် တခြား တိရစ္ဆာန်တွေနဲ့ မတူဘူး။ အနေအထိုင် အင်မတန် ဆင်းရဲရတယ်။

လောကမှာ အတတ်ပညာကို ကောင်းကောင်း တတ်တဲ့လူတွေဟာ ကိုယ့်အသက်မွေးဝမ်းကျောင်းအတွက် မပူရဘူး။ ဒီလို မပူရမှုလည်း နောင်

mgyoe.com

mgyoe.com


တမလွန်အတွက် ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို ကြိုးစားအားထုတ်နိုင်မယ်။ မြတ်စွာဘုရား သာသနာတော်ကြီးကို မပျက်စီးရအောင် ဆောင်ကြဉ်းတော်မူနေကြတဲ့ သံဃာတော်တွေကိုလည်း ပစ္စည်းလေးပါးနဲ့ ထောက်ပံ့နိုင်ပါတယ်။

လူကြီးမင်းများခင်ဗျား။

(၉) ကောင်းစွာသင်ကြားပြီး ကျင့်သုံးတဲ့ ကိုယ်ကျင့်ဝိနည်းတရား ရှိခြင်းဟာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျား။

အခုလို အခွင့်ကောင်းရတုန်း၊ ဝိနည်းကို လူတွေ သင့်သင့်၊ မသင့်သင့်ကိစ္စကို အကျဉ်းချုပ် ပြောပြချင်ပါတယ်။ တချို့ပုဂ္ဂိုလ်တွေက ဝိနည်းကို လူတွေ မသင်သင့်ဘူးလို့ ပြောသံကြားဖူးပါတယ်။ တချို့ကလည်း သင်သင့်တယ်လို့ ပြောသံကြားဖူးပါတယ်။

မင်္ဂလာဖွင့်အကျယ် လက်စွဲထဲမှာ ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီးက

ရဟန်းတော်တစ်ပါးသည် ရဟန်းတော်တစ်ပါးအား "ဝိနည်းတရားကို သင်ကြားခြင်းကြောင့် အဘယ်အကျိုးရှိအံ့နည်း" စသည်ဖြင့် ပြောဆိုငြားအံ့၊ (ပါစိတ်) အာပတ်သင့်၏။ လူသာမဏေတို့အား ပြောကြားငြားအံ့ (ဒုက္ကဋ်) အာပတ်သင့်၏။ ဤကဲ့သို့ ကြီးလေးသော အပြစ်ရှိ၏" လို့ အဆုံးအဖြတ်ပြုထားပါတယ်။

အဲဒီ အဆုံးအဖြတ်အတိုင်း လူတွေလည်း ရဟန်းဝိနည်းကို သင်ကြားကောင်းပါတယ်။

လူကြီးမင်းများခင်ဗျား။

လူတွေဟာ ရဟန်းတွေရဲ့ ဝိနည်းကိုသာ သင်ကြားတတ်မြောက်ရုံသာမကဘဲ မိမိနဲ့ တိုက်ရိုက် သက်ဆိုင်နေတဲ့ လူ့ဝိနည်းကိုလည်း အထူးသင်ကြား တတ်မြောက်ထားဖို့ လိုပါတယ်။ သင်ကြားတတ်မြောက်သည့်အတိုင်းလည်း ကောင်းကောင်း ကျင့်ဖို့လိုပါတယ်။

## လူ့ဝိနည်းအကျဉ်းချုပ်

ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ်၊ မွေခံထိုက်စေ၊ လျှုမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် "သားတို့" တာ။

mgyoe.com